# ငါ့မှာ အပတ်တိုင်း အလုပ်အသစ်ရှိတယ်

## ဘာသာပြန် - ထွန်းလင်းအောင်

## အခန်း (၆၀၁)
## ငါကြည့်တာက ဖြူစင်ရိုးသားတဲ့ စိတ်အခံနဲ့

“ ဒါ…ဒါ….ဒါကြီးတွေက အစစ်တွေလား….”

ယွမ် တစ်သိန်းနှစ်သောင်း တန်ကြေးရှိသည့် အကန့်အသတ်ထုတ် ဂျပန် ရာမာဇာကီမုယော ဝီစကီ။

1947 ခုနှစ်ထုတ် စပျစ်ဝိုင်။

1907 ခုနှစ်ထုတ် အရက်။

1945 ခုနှစ်ထုတ် ဝိုင်စည်ပိုင်းတွေ။

အဆိုပါ ဝိုင်ပုလင်းများကို အစီအရီ မြင်လိုက်ရတော့ လီလေ့နှင့် ဝမ်ဝေ့တို့ စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် ပထမဆုံး အတွေးကတော့ ယင်းက အတုများပင်။

ရာမာဇာကီ ဝီစကီမှလွဲ၍ ကျန်သည့်ဝိုင်ပုလင်းများအားလုံးမှာ နှစ်ချို့ဝိုင်ပုလင်းများ ဖြစ်ကြလေသည်။ အဆိုပါ ပုလင်းများမှာ တစ်ပုလင်းကို ယွမ်တစ်သန်း အနည်းဆုံး တန်ကြေးရှိ၏။ ထိုမျှ ဈေးကြီးလှသည့် ဝိုင်ပုလင်းများက ယခုလို ဆိုင် ပေါက်စနလေးတွင် အဘယ်ကြောင့် ရှိနေပါသနည်း။

သို့သော်လည်း အရက်ဂျိုးဖြစ်သည့် ဝမ်ဝေ့ကတော့ တံဆိပ်နှင့် ပုံပန်းသွင်ပြင် အနေအထားကို ကြည့်၍ အတုများမဟုတ်ကြောင်း တပ်အပ်သိလေသည်။

" အတုလို့ ထင်နေတာမလား…" လင်းရီ ပြောလိုက်ပြီး " မြည်းစမ်းကြည့်ဖို့ ပုလင်းဖွင့်ပေးရဦးမလား…"

" မ.. မလုပ်ပါနဲ့.. ကျွန်မတို့ မတတ်နိုင်ဘူး.." လီလေ့ အသည်းအသန် ငြင်းဆိုလိုက်သည်။

" အထဲမှာ အများကြီး ကျန်သေးတယ်… သေချာလေး ယူကြည့်ကြလေ…"

"ယုံ ယုံပါတယ်ရှင်… မလိုတော့ပါဘူး.. " လီလေ့ ပြောလိုက်ပြီး " ကျွန်မတို့ ကုမ္ပဏီ အသေးစားလေးက

သူဌေးရဲ့ဆိုင်ကို ထောက်ပံ့ပေးဖို့ မထိုက်တန်ပါဘူး…
နှောင့်ယှက်မိတာ စိတ်မရှိပါနဲ့…”

ထိုသို့ ပြောပြီးနောက် နှစ်ယောက်မှာ တုန်လှုပ်နေသည့်
အသွင်ဖြင့် ဆိုင်ထဲမှ ထွက်ခွာသွားကြလေသည်။

ဒါဘယ်လို မကောင်းဆိုးဝါးဆန်တဲ့ ဆိုင်မျိုးလဲ…

ဆိုင်ရှင်က ထားစရာနေရာ မရှိလောက်အောင်
ပိုက်ဆံတွေ ပေါ်နေတာလား….

သူတို့နှစ်ဦး ထွက်ခွာသွားပြီးနာက် မကြာမီ စားသုံးသူ
ကတ်စတန်မာ တစ်ချို့ရောက်ရှိလာလေသည်။
အားလုံးကတော့ အမျိုးသမီး မိန်းမငယ်လေးများ
ဖြစ်ကြ၏။

“ ဘုရားရေ… ဆိုင်ရှင် သူဌေးလေးက ချောလိုက်တာနော်… ကောလဟာလတွေက တကယ်မှန်နေတာပဲ…”

မိန်းကလေး နှစ်ယောက်မှ သူ့ကို ထူးဆန်းသည့် သတ္တဝါအလား ကြည့်နေကြသည်ကိုမြင်တော့ လင်းရှိ ကူကယ်ရာမဲ့သွားခဲ့သည်။

သူတို့က လူချောလေးကို တစ်ခါမှ မမြင်ဖူးကြလို့လား…

ကြည့်ရသလောက်တော့ ယောကျ်ားလေးတောင် မမြင်ဖူးကြဘူးနဲ့တူတယ်…

“ စားဖို့လာတာလား…”

“ အွန်း ဟုတ်တယ်…သူဌေး ငါတို့က ဒီမှာ စားသောက်စရာတွေ မမှာရင်ကော နေလို့ရလား …”
ကောင်မလေး တစ်ဦးမှ ပါးကို လက်ညှိုးနှင့် ထိရင်း စဉ်းစားနေဟန်ဖြင့် မေးလိုက်၏။

“ ကိစ္စမရှိဘူး… ကြိုက်သလိုသာလုပ်…”

မိန်းကလေး နှစ်ယောက်မှ ထိုင်ချလိုက်ပြီး မီနူးကို လှန်လောကြည့်လိုက်ကြသည်။ သို့သော်လည်း သူမတို့၏ မျက်နှာအမူအရာမှာ အံ့အားသင့်သွားခြင်း မရှိချေ။

သူမတို့နှစ်ယောက်က ဤဆိုင်မှာ အတော်လေး နာမည်ကြီးသောကြောင့် လာရောက်စပ်စုခြင်း ဖြစ်ပြီး ဆိုင်ရှိ စားသောက်စရာများက

ဈေးကြီးကြောင်းကိုလည်း ကြိုတင်သိရှိထားလေသည်။ သို့သော်လည်း ဆိုင်သူဌေးမှာ ချောမောခန့်ညားလွန်းတာကြောင့် ဈေးကြီးသည်ကိုပင် မမြင်နိုင်ရှာတော့ချေ။

“ နို့လက်ဖက်ရည် နှစ်ခွက် ယူမယ်…”

“ ကောင်းပြီလေ… ခဏစောင့်…”

ထိုမိန်းကလေး နှစ်ယောက်မှာ စားသောက်ရန် လာခဲ့ခြင်း မဟုတ်ပဲ သူ့ကို စနောက်ရန် ရည်ရွယ်ချက်ရှိရှိ လာခြင်းဖြစ်သည်ဟု လင်းရီ ခံစားနေရ၏။

သို့သော်လည်း ယင်းက ပဓာန မကျပေ။ ကတ်စတန်မာ နှစ်ယောက် အော်ဒါမှာလိုက်သောကြောင့် သူ၏ မစ်ရှင် ပြီးမြောက်မှု ဇယားမှာ (၁၇/၂၀) သို့ ရောက်ရှိသွားချေပြီ။

ပရော်ဖက်ရှင်နယ် နို့လက်ဖက်ရည်ဆိုင် မဟုတ်သောကြောင့် လင်းရီ မိန်းကလေးနှစ်ယောက်ကို အများကြီး မေးမနေပဲ လူကြိုက်များသည့် နို့လက်ဖက်ရည် နှစ်ခွက်ကိုသာ ပြုလုပ်ပေးလိုက်၏။

“ ဘော့စ်.. စုပ်တဲ့ဟာက အရမ်း သေးတာပဲနော်… ပိုကြီးတာလေး မရှိဘူးလား..” မိနီစကတ် ဝတ်ဆင်ထားသည့် မိန်းမငယ်လေးမှ မေးမြန်းလိုက်၏။

“ ဒီရဲ့စုပ်ပိုက်က သာမန်ဆိုဒ်ပဲ မဟုတ်ဘူးလား…”

“ ဒါပေမယ့် ငါက ပိုကြီးကြီးလေး လိုချင်လို့လေ…”

“ ဒါဆို ဘယ်လောက်ထိကြီးတာ လိုချင်လဲ…
သခွားသီးလောက်လား…”

“ ဒါပေါ့.. အဲ့ဆိုဒ်လောက်ဆိုရင် ကွက်တိပဲ…”

ထို့နောက် အမျိုးသမီး နှစ်ဦး၏ တခစ်ခစ် ရယ်မောသံမှာ ဆိုင်၏ လေထုထဲတွင် ပျံ့လွင့်သွားခဲ့လေသည်။

“ သူငွေး.. ငါတို့ ဝီချက်အပ်လို့ရလား….”

“ သေချာပေါက် ဘယ်ရမှာ…”

“ ဝီချက်အပ်ဖို့ ဘယ်လောက်ပေးရမလဲ…
ယွမ်တစ်သောင်းလောက်ဆို အဆင်ပြေလား..”

“ယွမ်တစ်သောင်းလား….”

လင်းရီ အနည်းငယ် အံ့အားသင့်သွားခဲ့သည်။ အနှီ
မိန်းမပျိုလေးမှာ အတော်အသင့် ကြွယ်ဝဟန်တူသည်။

“ ကလေးမ…  ငါနဲ့ ဝီချက်အပ်ဖို့ စဉ်းတောင်
မစဉ်းစားနဲ့…. ပြီးတော့ ငါက
ယွမ်တစ်သောင်းလောက်လေးကိုလည်း
မက်မောမနေဘူး.. ဒါက စားသောက်ဆိုင်ဆိုတော့
အဲ့လိုကိစ္စမျိုးတွေကို တားမြစ်ထားတယ်…”

“ သူဌေးကလည်း… အဲ့လောက်ကြီး
မစိမ်းကားပါနဲ့လား… ငါတို့က သူဌေးနဲ့ တွေ့ချင်လို့
အတန်းချိန်တောင် လစ်ပြီး လာခဲ့ရတာကို..”
မိနီစကတ်နှင့် မိန်းကလေးမှ ပြောလိုက်ပြီး “ ဒါပေမယ့်
နင့်ရဲ့ ဝတ်ပုံစားပုံကြည့်ရသလောက်ကတော့
နွမ်းပါးတဲ့ပုံလည်း မပေါ်ပါဘူး… ငါတို့ နှစ်ယောက်ကို
ဘယ်လိုမြင်လဲ….”
ပြောပြီးနောက် သူမ၏ ရှည်လျားသည့် ဆံနွယ်တို့ကို
ခါထုတ်လိုက်ပြီး အချိုမြိန်ဆုံး ပြုံးပြရင်း မေးလိုက်၏။

ချလပ်…

ထိုအချိန်တွင်ပဲ စားသောက်ဆိုင်တံခါးမှာ ပွင့်ဟ
လာခဲ့ပြီး ကျီချင်းရန် ရောက်လာခဲ့လေသည်။

သူမ စောနတုန်းက စကားဝိုင်းကို ရှင်းလင်းစွာ ကြားလိုက်ရ၏။

လင်းရီ ပခုံးတွန့်လိုက်ပြီး “ လေဒီဘော့စ်က ဒီရောက်နေပြီဆိုတော့ မင်းတို့နှစ်ယောက် အခွင့်အရေး မရှိတော့ဘူး..”

ကျီချင်းရန် သူမ၏ mask ကို ချွတ်လိုက်ပြီး ကျောက်စိမ်းကဲ့သို့ ကြည်လင်ပြီး  ကျက်သရေရှိသည့် မျက်နှာကို လှစ်ဟပြလိုက်သောအခါ မိန်းကလေး နှစ်ယောက်လုံး တွေဝေငေးမောသွားကြတော့၏။

သူမရဲ့ကိုယ်လုံးကိုယ်ပေါက်နဲ့တင်
ပြိုင်ဘက်ကင်းနေပြီကို ဘာလို့ မျက်နှာလေးက
အဲ့လောက်တောင် လှနေရတာ...

ကျိုးဟိုင် ဒရာမာ အကယ်ဒမီက အလှနတ်သမီးတောင်
သူမရဲ့အလှကို လိုက်မှီနိုင်မှာ မဟုတ်လှဘူး...

“ ဒါက လေဒီဘော့စ်...ဒါဆို သူဌေးရဲ့
ကောင်မလေးပေါ့...."

“ ဒါပေါ့... ငါက တွေ့ကရာလူကို အဲ့ဒီ ဂုဏ်ပုဒ်
ပေးမယ်များ ထင်နေတာလား..."

“ အာ.. နှောင့်ယှက်မိသွားပြီ..."

ကျီချင်းရန်၏ အလှကို ပြိုင်၍ သူမတို့ရှေ့ရှိ အနီး ဆိုင်ရှင် လူချောလေးကို သိမ်းပိုက်ဖို့ရာ မစွမ်းသာချေ။ ထို့ကြောင့် ဘေလ်ရှင်းပေးပြီးသည်နှင့် နှစ်ယောက်မှာ နို့လက်ဖက်ရည်ဘူးကို ကိုင်၍ ဆိုင်ထဲမှ ထွက်ခွာသွားကြလေသည်။

“ ထွက်သွားတာ ဘယ်လောက်ပဲ ကြာသေးလို့… ဘာလို့ အဲ့လောက်မြန်မြန်ကြီး ပြန်လာခဲ့တာ…”

“ ဘာလဲ… နင် ကောင်မလေးတွေနဲ့ စကားပြောတာကို နှောင့်ယှက်မိလို့လား….”

“ အပိုတွေ မပြောစမ်းပါနဲ့ကွာ.. ကိုယ့်ရှေ့က အလှလေးကိုတောင်မှ မသိမ်းပိုက်နိုင်သေးတာကို

တခြားကောင်မလေးတွေဘက် ဦးလှည့်ဖို့
ဘယ်အချိန်ရှိမှာ…”

“ ဒါဆို နင်ခု ရထားတာတွေကကော
မလုံလောက်သေးဘူးပေါ့…”

“ အသေအချာပဲလေ…. မင်းနဲ့
အတူအိပ်စက်နိုင်တာကမှ စစ်မှန်တဲ့ အောင်မြင်မှုလို့
ခေါ်ထိုက်တာ… လက်တွေကိုင်ပြီး
နမ်းတာလေးလောက်ကတော့ ဘာမှ
မဟုတ်သေးဘူး…”

“ ဟွန့်… နင်တို့ ယောက်ျားလေးတွေပဲ အဲ့လို
ညစ်ညမ်းတဲ့ အတွေးတွေ တွေးနေကြတာ… အမှန်ဆို
ခုလို ခံစားချက်မျိုးကတောင် တော်တော်လေး

ကောင်းမွန်နေပြီ… နင်က ဒီလောက် ကောင်းတဲ့ ဘဝကြီးကို မကျေနပ်နိုင်သေးဘူးပေါ့လေ… အချစ်စစ်က တဏှာတွေမပါပဲ ငြိမ်းချမ်းတယ်တဲ့.. အဲ့ဒီ စကားပုံကို နင် မကြားဖူးဘူးလား….”

“ ဒါဆို ငါလည်း မေးပါဦးမယ်.. သားသမီးတွေက လင်မယား နှစ်ယောက်ကြားထဲက သံယောဇဉ်နှောင်ကြိုးတွေ ဆိုတာကကော…. မင်း အဲ့စကားပုံကို မကြားဖူးဘူးလား..”

“ ကြားဖူးတယ်လေ…”

“ ဒါဆို အဲ့ ဆိုရိုးကို သဘောတူလား…”

“ သဘောတူတယ်လေ… အဲ့တာကလည်း အဓိပ္ပာယ်ရှိနေတာကိုပဲ…”

“ ဒါဆို ငါတို့လည်း ကလေး တစ်ယောက်လောက် ယူသင့်တယ်ဆိုတဲ့ သဘောပဲ မဟုတ်ဘူးလား…” လင်းရီ ပြောလိုက်ပြီး “ မင်းထင်နေတာ ငါတို့က လက်လေးကိုင်ပြီး နမ်းရုံလောက်နဲ့ ကလေး ရနိုင်မယ်လို့ ထင်နေတာလား.. မင်း ငါ့ကို ဂြိုဟ်သားများ မှတ်နေတာလားကွ…”

“ ငါ့ကို အဲ့ဒီ ကလိမ်ကကျစ် သီအိုရီတွေနဲ့ ဦးနှောက်လာမဆေးနဲ့… နင့်ဦးနှောက်က အမြဲတမ်း ညစ်ညမ်းတဲ့ အတွေးအခေါ်တွေနဲ့ ပြည့်နှက်နေတာ…”

“ ချင်းရန်… မင်းက အဲ့လို ပြောကြေးဆို ငါလည်း မင်းနဲ့ ငြင်းခုန်ရတော့မယ်…”

“ ရတယ်လေ…. ခု ကတ်စတန်မှာ မရှိဘူးဆိုတော့ သေချာလေး စကား ပြောကြတာပေါ့…”

“ ကောင်းပြီ… မင်းပြောတဲ့ အတိုင်းဆိုရင် ငါ့ရဲ့ ယောက္ခထီးက က္ကန္ဒြသိက္ခာ သီလသမာဓိနဲ့ ပြည့်စုံတဲ့ လူကြီးဆိုရင် မင်းက ဘယ်ကနေ ရောက်လာခဲ့တာ…” လင်းရီ ပြောလိုက်ပြီး “ မင်းက ငါ့ပြိုင်ဘက်ဆိုတော့ ငါ့မေးခွန်းကို တိုက်ရိုက်ပဲ အဖြေပေး…”

“ အာ….”

ကျီချင်းရန် နှုတ်ဆိတ်သွားခဲ့တော့၏။

ဘယ်လိုလူက ဒီလို မေးခွန်းကြီးကို ဖြေနိုင်မှာလဲတဲ့….

“ ရတယ်လေ… ဒါပေမယ့် အဲ့ကိစ္စတွေက လက်ထပ်ပြီးမှ စဉ်းစားရမယ့် ကိစ္စတွေ.. ခု နင့်ရဲ့အလုပ်က ငါနဲ့ ကောင်းကောင်းဒိတ်လုပ်.. ပြီးရင် ကြိုးစားပြီးတော့ ပိုက်ဆံရှာ… ကျန်တာတွေ ခေါင်းထဲ မထည့်နဲ့….”

“ အဲ့တာ ငါလက်ခံတယ်… ဒါပေမယ့်….”

“ ရပြီ… ငြင်းခုန်ဆွေးနွေးပွဲ ပိတ်သိမ်းပြီ…နင့်ရဲ့ တင်ပြမှုကို ဖယ်ရှားလိုက်ပြီ… ဘာမှ ဆက်မပြောနဲ့တော့…ဒါပဲ….”

လင်းရီ “ ….. “

မိန်းကလေးတွေက ငြင်းတာ အရမ်းတော်တာပဲ….

“ ဗိုက်ဆာနေပြီလား… ငါမင်းကို စားချင်တာလုပ်ပေးမယ်လေ…”

“ ငါလား… ကြက်ဥခေါက်ဆွဲစားချင်တယ်…”

“ အင်း… ငါခုလုပ်ပေးမယ်…”

“ ခစ်ခစ်… ငါလည်း လိုက်မယ်… တူတူလုပ်ကြမယ်လေ…”

“ သွားစို့..”

မီးဖိုချောင်ထဲသို့ ရောက်သောအခါ ကျီချင်းရန် သူမ၏ အင်္ကျီလက်ကို ပင့်လိုက်ပြီး “ ငါ ဂျုံမုန့်နယ်လိုက်မယ်... နင်က ကျန်တာတွေ လုပ်လိုက်...”

“ ခေါက်ဆွဲလုပ်ဖို့ ဂျုံနယ်တယ်ဆိုတာက နည်းစနစ်လိုတယ်နော်... မင်း လုပ်နိုင်မှာ သေချာလို့လား...”

“ စမ်းကြည့်မယ်လေ...” ကျီချင်းရန် ယုံကြည်ချက် အပြည့်ဖြင့် ပြောလိုက်ပြီး “ အချိုးအစားက ခေါက်ဆွဲတစ်ပွဲဆို ရေတစ်ဝက်မလား...”

“ အင်း … ဒါပေမယ့် ရေနည်းနည်း ထပ်ထည့်လိုက်ဦး… မင်းပြောသွားတာက ဒီတိုင်း ခန့်မှန်းတွက်ချက်ထားတာကြီး…”

“ အိုကေ…”

“ စိတ်မချသေးပါဘူးကွာ…. မင်းလုပ်တာ ကြည့်စမ်းဦးမယ်..”

“ နင်က ငါ့ကို အထင်လာသေးနေတာလား… ငါက ရန်တက္ကသိုလ်က ဘွဲ့ရထားတာနော်…”

“ မင်းတို့ ရန်တက္ကသိုလ်က ခေါက်ဆွဲလုပ်ဖို့ ဂျုံနယ်တာ သင်ပေးလို့လား.. ဟမ့် ခေါက်ဆွဲ ဆွဲတာကလည်း

ရှည်လိုက်တာ.... အရှေ့နဲ့ အနောက်တောင် ဆက်လို့ရတော့မယ်...”

“ ပေါက်တတ်ကရတွေ... ငါပြောချင်တာက နင်တောင်လုပ်နိုင်မှတော့ ငါက ဘာလို့ မလုပ်နိုင်ရမှာလဲလို့...”

“ အဲ့တာကြီးက ဘာစကားတုန်း.... မင်းက ခေါက်ဆွဲနယ်တာကို အထင်သေးတာလား.....”

“ ဟီးဟီး ... နင်ပြောတာနော်... ငါဘာမှ မပြောဘူး...” ကျီချင်းရန် လင်းရီကို ဘေးသို့ တွန်းထုတ်လိုက်ပြီး “ နင့် အလုပ်နင်သွားလုပ်... ဒါကို ငါကြည့်ကြပ် လုပ်ထားလိုက်မယ်...”

“ ဆိုင်မှာ လူရှိလား...”

အပြင်ဘက်မှ အသံကြားတော့ ကျီချင်းရန် လင်းရီကို ဆော်သြလိုက်ပြီး “ မြန်မြန် မြန်မြန်... အပြင်မှ ဧည့်သည့်ရောက်နေပြီ...”

“ အေးပါဟ.. ငါလည်း နားပါပါတယ်...”
လင်းရီ မီးဖိုချောင်ထဲမှ ထွက်လာခဲ့သောအခါ လူငယ်စုံတွဲမှ သူ့ကို လိုက်ရှာနေကြောင်း မြင်လိုက်ရလေသည်။

“ အချစ်... နင်ကြည့်လိုက်.... သူဌေးက အရမ်းချောတာပဲကော... စီနီယာအစ်မ ပြောတာက တကယ်ကြီး မှန်နေတာပဲ...”

“ ဒါက..... မိန်းကလေး မင်းရဲ့ ကောင်လေးက ဘေးမှာ ရှိနေတာကို အဲ့လိုမျိုး ပြောတာက မကောင်းဘူးထင်တယ်...” လင်းရီ ပြောလိုက်၏။

“ ဘာမှမဖြစ်ပါဘူး... လူတိုင်းက အလှတရားကို ချီးမွမ်းပိုင်ခွင့်ရှိတယ်လေ... ငါက အချောလေးကို စိတ်သန့်သန့်နဲ့ ချီးမွမ်းနေတာဆိုတော့ သူသေချာပေါက် စိတ်ရှိမှာ မဟုတ်ဘူး...”

ပြောပြီးနောက် သူမ၏ ကောင်လေးကို ကြည့်ကာ
“ ဟုတ်တယ်နော...”

“ ဒါဆို ငါ မနေ့ညက နင့်ရဲ့ စီနီယာအစ်မကို တစ်ခါလေး ငေးကြည့်လိုက်တာနဲ့ ဘာလို့ ငါနဲ့ တစ်ညလုံး စကားမပြောတာ...”

“ နင်တို့ ယောက်ျားတွေ အဲ့လိုမျိုးကြည့်တာက
မကောင်းတဲ့ ကောင်တွေပဲ လုပ်တာ….နင်က
အဲ့အကြောင်းကို အရှက်မရှိ
အစပြန်ဖော်ရဲတယ်ပေါ့လေ… ယုံလားတော့မသိဘူး..
ငါနင့်ရဲ့ ခွေးခေါင်းကို ကန်ဖြုတ်ပစ်လိုက်မယ်….”

“ ဒါဆို မင်းကျတော့ အချောလေးတွေ မငေးဘူးလား..”

“ မတူဘူးလေ…” ကောင်မလေးမှ ပြောလိုက်ပြီး “ ငါက
မိန်းကလေးဆိုတော့ ရိုးသားတဲ့ စိတ်အခံနဲ့
ကောင်ချောလေးတွေကို ငေးတာ… နင်က
စီနီယာအစ်မတွေကို ညစ်ညမ်းတဲ့ အတွေးတွေနဲ့
ကြည့်တာမလား… အဲ့လိုအတွေးမျိုးက အရမ်းကို

အန္တရာယ်များတယ်.... ပြန်ပြင်းမယ် မကြံနဲ့
ငါအကုန်သိတယ်....”

လင်းရီ ခေါင်းညိမ့်ပြီး သူ့ကိုယ်သူ တွေးတောလိုက်၏။
“ မိန်းကလေး.. ငါ့ကို အဲ့လို ပြောပေးလို့ မင်းတို့
တစ်မိသားစုလုံးကို ကျေးဇူးတင်တယ်သိလား…”

ကြည့်ရသလောက်တော့ သူ၏
ကောင်လေးမှာ  အတော်လေး ရိုးသားပြီး
အနွံနာခံတတ်သည့် လူတစ်ယောက်ဖြစ်နေပုံပင်။
ကောင်မလေးမှာ အနည်းငယ်ခပ်စွာစွာနှင့်
ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သော်လည်း
မိန်းမကောင်းလေး ဖြစ်ပုံရ၏။

လင်းရီ သူ့ရှေ့ရှိ ချစ်ငှက်မောင်နှံ တက္ကသိုလ် စုံတွဲကို ကြည့်ရင်း အတော်လေး သဘောကျနေမိသည်။ နှိုင်းယှဉ်ရမည် ဆိုလျှင်တော့ သူတက္ကသိုလ် တက်စဉ်အခါက အတော်လေး သနားဖို့ ကောင်းခဲ့လေသည်။

သူတက္ကသိုလ်တက်စဉ် အခါက မည့်သည့် မိန်းကလေးကမှ သူ့ကို ဝန်မခံရဲသောကြောင့် သူ့ဘက်မှ စတင်၍ အပြင်ထွက်လည်ရန် တောင်းဆိုခဲ့ရလေသည်။ ထို့ပြင် သူ့ဘက်မှ ဘေလ်ရှင်းပေးရန်လည်း ဘယ်တော့မှ အခွင့်အရေးမပေးချေ။

လင်းရီ အဆိုပါ အချစ်မျိုးကို အတော်လေး သဘောကျနေလေသည်။

"မီးနူးထဲမှာ ရှိတာတွေ အကုန်လုံး ရတယ်..
ဘာစားကြမလဲ.."နှစ်ယောက်သား ထိုင်ချလိုက်သည်ကို
မြင်တော့ လင်းရီ ပြောလိုက်၏။

ကောင်မလေးမှ လက်နှစ်ချောင်း ထောင်ပြကာ
အပြုံးလေးဖြင့် "ဥထမင်းကြော် နှစ်ပွဲပေးပါ သူဌေး..
ကျွန်မက တစ်ဝက်ပဲ ယူမှာ.. ကျန်တဲ့ တစ်ဝက်ကျ
သူ့ပန်းကန်ထဲ ထည့်ပေးလိုက်.. "

ထိုသို့ ပြောပြီးနောက် ကောင်မလေးမှ ရေရွတ်လိုက်၏။
"နေ့တိုင်း ဝက်လို စားသောက်နေတာတောင်
ဒီကောင်က ဘာလို့ ပိန်နေမှန်းလဲ မသိဘူး..."

"ကောင်းပြီလေ.. ခဏစောင့်.."

သို့နှင့် လင်းရီ လှည့်ထွက်လာခဲ့ပြီး မီးဖိုချောင်ထဲသို့ ရောက်ရှိလာလေသည်။

သို့သော်လည်း လင်းရီ ဝင်လျှင် ဝင်ချင်း ကြက်သေသေသွားတော့၏။

စတီးဘေစင်ထဲတွင် ခေါက်ဆွဲဇလုံကြီး တစ်လုံးရှိပြီး ကျီချင်းရန်မှ ဂျုံထည့်လိုက် ရေထည့်လိုက်ဖြင့် အလုပ်ရှုပ်နေလေသည်။

"သောက်ကျိုးနည်း..မင်း ဘာတွေ လျှောက်လုပ်နေတာတုန်းဟ.. အင်္ဂတေဆိုတာ အင်ဂျင်နီယာဆိုက်တွေမှာပဲ သုံးတာလေ... "

ကြိုချင်းရန် စိတ်ပျက်အားလျော့စွာဖြင့် လှည့်ကြည့်လာခဲ့ပြီး သူမ၏ ချစ်စဖွယ် မျက်နှာလေးမှာတော့ ဂျုံမုန့်များ စွန်းထင်းနေကာ သနားစဖွယ်လေး ဖြစ်နေတော့၏။

"အစ ခေါက်ဆွဲက အရမ်းနည်းတော့ ငါ  စားရင် မဝလောက်ဘူးထင်လို့ ခေါက်ဆွဲထပ်ထည့်လိုက်တာ.. အဲ့ခါကျ ရေက မလောက်ပြန်တော့ဘူး.. ဒါကြောင့်မို့ဒါ ရေထပ်ထည့်ရင်းနဲ့ ဒီလိုမျိုး ပျစ်ပျစ်ကြီး ဖြစ်သွားတာပဲ...."

"ငါအထင်တော့ ခေါက်ဆွဲက အဲ့လို ဖြစ်နေတာ မဟုတ်ပဲ မင်းဦးနှောက်က အဲ့လို ဖြစ်နေတယ်ထင်တာပဲ…”

**အခန်း (၆၀၂)**

**မင်းကသာ ငါ့ ဘဝကို ပြီးပြည့်စုံစေတယ်..**

“နင်က ငါ့ကို ဦးနှောက်မရှိဘူးလို့
ပြောချင်နေတာလား…”

“ မင်းလုပ်ရပ်ကို ပြောရမယ်ဆိုရင် ဦးနှောက်မရှိတဲ့သူကို
စော်ကားရာကျနေသေးတယ်…”

“ ရီ.. နင်ငါ့ကို တကယ်ကြီး အဲ့လို
ပြောရက်တယ်ပေါ့လေ… ငါ ယုံတောင် မယုံနိုင်ဘူး…”
ကျီချင်းရန် မျက်ဝန်းတို့ မယုံကြည်နိုင်ဟန်ဖြင့်

မျက်ရည်တို့ ဝေ့သီနေပြီး  လင်းရီကို
ငြိုးငယ်စွာကြည့်လျက်

“ နင်က အတူနေလာတာကြာပြီဆိုတော့ ငါ့အပေါ်
အချစ်တွေ လျော့သွားပြီပေါ့လေ...”

လင်းရီ ကျီချင်းရန်၏ ပါးဖောင်းဖောင်းလေးကို
ဆွဲညစ်လိုက်ပြီး “ ဘာတွေလျှောက်ပြောနေတာ....
လူစကားပြောစမ်း...”

“ ဒါဆို ခု ဘယ်လိုလုပ်ကြမှာလဲလို့... ခေါက်ဆွဲတွေက
အများကြီးပဲလေ... ငါတို့ သေချာပေါက် စားလို့ ကုန်မှာ
မဟုတ်ဘူး...”

“ သေချာပေါက် အစက ပြန်လုပ်ရမှာပေါ့....”

“ ပြီးတာပဲ…” ကျီချင်းရန် နှုတ်ခမ်းလေး ဆူလိုက်၏။ လင်းရီ သူမကို ဦးနှောက်မရှိဟု ပြောထားသည်ကို အနည်းငယ် မကျေမနပ် ဖြစ်နေသေးလေသည်။

“အဲ့အတိုင်းနေ…မလှုပ်နဲ့ဦး…..”

“ ဟမ်… ဘာလို့လဲ…”

“ ခဏ … အဲ့တိုင်းလေးပဲနေ…”

လင်းရီ အနီရောင် ဆေးစ်အနည်းငယ်ကို ယူ၍ ကျီချင်းရန်၏ မျက်နှာပေါ်တွင် မျဉ်းသုံးကြောင်း ဆွဲလိုက်ရင်း နှာသီးထိပ်တွင် ဂျုံမှုန့်ဖြင့် အစက်တစ်စက်တို့ကာ မိညောင်ပုံစံ လုပ်ပေးလိုက်၏။

ကျီချင်းရန် သူမကိုယ်သူမ မှန်ထဲတွင် ကြည့်ရင်း ရွှင်မြူးစွာ ပြုံးလိုက်သည်။ သူမ၏ လက်ရှိပုံစံက ချစ်စရာကောင်းသလို စိတ်ဝင်စားဖို့လည်း ကောင်းနေလေသည်။

နှစ်ယောက်သား ဂျုံမုန့်များဖြင့် တခဏခန့် ကစားပြီးနောက် လင်းရှီ ကျီချင်းရန်ကို ခေတ္တဘေးချိတ်ထားလိုက်သည်။ အပြင်တွင် ညှော့သည်နှစ်ယောက်က ရှိနေသေးသောကြောင့် ၎င်းတို့၏ အော်ဒါများကို ဖြည့်ဆည်းပေးရန် ကျန်နေသေးလေသည်။

ဆယ်မိနစ်ကြာပြီးနောက် လင်းရှီ ဉထမင်းကြော် နှစ်ပွဲနှင့်အတူ မီးဖိုချောင်ထဲမှ ထွက်လာခဲ့၏။

“ သူဌေး.. ထမင်းတွေက အများကြီးပဲကော.... ပုံမှန်ဆိုလည်း အဲ့လောက်ပဲလား...” မိန်းကလေးမှ တောင်ပူစာ သေးသေးလေးကဲ့သို့ ဖြစ်နေသည့် ထမင်းကြော်ကို ကြည့်ရင်း အံ့အားသင့်နေဟန်ဖြင့် မေးမြန်းလိုက်သည်။

“ မင်းရဲ့ကောင်လေးအတွက် ပိုထည့်ပေးထားတာ...”

“ ဟီးဟီး... ကျေးဇူးနော် သူဌေး..” မိန်းကလေးမှ ပန်ကန်ပြားကို ကောင်လေးရှေ့သို့ ချပေးကာ “ ရော့ ဝက်လိုကောင်... နင် များများစား...”

အစားအသောက်များ ချပေးပြီးနောက် လင်းရီ မီးဖိုချောင်သို့ သွားလိုက်သောအခါ ကျီချင်းရန်၏ မျက်နှာသွင်ပြင်က အတော်လေး

ကောင်းမွန်လာကြောင်း မြင်တွေ့လိုက်ရ၏။ အနည်းဆုံးတော့ စောနကကဲ့သို့ ဂျုံမှုန့်များဖြင့် ပေကျံမနေချေ။

“ လင်းရီ …ငါ မလုပ်နိုင်လောက်တော့ဘူး… နင်ပဲ လုပ်လိုက်တော့….”

“ နောက်ဆုံးတော့ ကိုယ် မလုပ်နိုင်တာကို သိသွားပြီပေါ့…”

“ အွန်း အွန်း… တို့ရဲ့ရီက အရမ်း တော်တာပဲ…”

အချိန်မှာ အတော်လေး နောက်ကျနေပြီဖြစ်သောကြောင့် လင်းရီလည်း

အနည်းငယ် ဆာလောင်နေကာ ကျီချင်းရန် လက်ထဲမှ ဂျုံလုံးကို ယူ၍ စတင် ခေါက်ဆွဲ ဆွဲလိုက်၏။

ကျီချင်းရန်ကတော့ လင်းရီ ညွှန်ကြားထားသည့် အတိုင်း ခေါက်ဆွဲအရည် ပြုလုပ်နေလေသည်။

မကြာမီ အငွေ့တထောင်းထောင်းထနေသည့် ခေါက်ဆွဲနှစ်ပွဲမှာ အဆင်သင့်ဖြစ်သွားခဲ့ပြီး လင်းရီ လက်တစ်ဖက်တစ်ချက်စီမှ သယ်ဆောင်လာကာ အပြင်စားပွဲထံသို့ ယူလာခဲ့၏။

“ သူဌေး… သူက နင့်ရဲ့ကောင်မလေးလား…” မိန်းကလေးမှာ စားသောက်နေရင်းမှ အံ့အားသင့်နေဟန်ဖြင့် မေးမြန်းလိုက်၏။

ထိုသို့ မေးမြန်းခံလိုက်ရသည့်အတွက် ကျီချင်းရန်မှာ နှစ်သက်ကြည်နူးသွားပြီး လင်းရီ ဝန်ခံမည်ကို တိတ်တဆိတ် မျှော်လင့်နေရှာသည်။

“ အမှန်ပဲ…”

ထိုအခါ ကျီချင်းရန်ရင်ထဲ ဝမ်းသာပီတိတို့ ပြည့်လျှံသွားပြီး လင်းရီ လက်မောင်းကို ဖက်၍ ခေါင်းတိုးဝှေ့လိုက်၏။

“ မမ … နင်က အရမ်းလှတာပဲ…”

“ ကျေးဇူးပါ ညီမလေး… နင်လဲ အရမ်းချစ်စရာကောင်းတယ်…”

အား::::::……

ထိုစဉ်ကောင်မလေးမှ ဘေးတွင် ငေးမောနေသည့် သူ့ကောင်လေးကို ဆွဲစိတ်လိုက်ပြီး
“ ကိုယ့်စားစရာရှိတာကို စား… သူဌေးရဲ့ မိန်းကလေးကို ခိုးကြည့်မနေနဲ့…”

“ နင်ပြောတော့ လူတိုင်းက အလှတရားကို ချီးမွမ်းပိုင်ခွင့် ရှိတယ်ဆို…” ကောင်လေးမှ မကျေမနပ်ဖြင့် ပြန်မေးခွန်းထုတ်လိုက်ပြီး “ နင်တောင်မှ ရိုးသားဖြူစင်တဲ့ ကောင်လေးတွေကို ငေးလို့ရရင် ငါကကော ဘာလို့ ရိုးသား ဖြူစင်တဲ့ မိန်းကလေးတွေကို ငေးလို့မရမှာ…”

“ မသာ… ငါက မိန်းကလေးမို့ ငေးတာ… နင်တို့ ယောကျ်ားလေးတွေက အဲ့လောက်လှတဲ့ မိန်းကလေးကို ငေးဖို့ မထိုက်တန်ဘူး.. “

ကောင်လေး “ …..”

မှားယွင်းပြီး ကျိုးကြောင်းမဆီလျော်သလို ခံစားနေရသောကြောင့် ကောင်လေးမှာ သူ၏ ထမင်းကြော်ကို မြန်မြန်လက်စသတ်၍ နှစ်ယောက်အတူ ထွက်ခွာသွားခဲ့တော့သည်။

လင်းရိတို့နှစ်ဦးကတော့ လွတ်နေသည့် စားပွဲတစ်နေရာတွင် အတူထိုင်၍ ဗိုက်ဖြည့်လိုက်ကြ၏။ ကျီချင်းရန်မှာ ဗိုက်ဆာတယ် တကဲကဲ လုပ်နေသော်လည်း အနည်းငယ်မျှသာ

စားသောက်နိုင်ပြီး သူမ၏ လက်ကျန်ကို လင်းရီကပဲ ဖြတ်ပေးလိုက်ရ၏။

နှစ်ယောက်သား စားသောက်ပြီးသောအခါ နောက်ထပ် စားသုံးသူ ကတ်စတန်မာ တစ်ယောက် ရောက်ရှိလာခဲ့သည်။ ထိုသူလည်း ရိုးရိုးရှင်းရှင်း သောက်စရာ နို့လက်ဖက်ရည်တစ်ခွက်သာ မှာယူပြီး ဘေလ်ရှင်း၍ ထွက်ခွာသွားခဲ့၏။

ပိုက်ဆံ အကောင့်ထဲ ငွေဝင်သွားခဲ့ပြီးနောက် စနစ်၏ အသိပေးသံမှာ လင်းရီ၏ စိတ်ထဲတွင် မြည်ဟီးလာသည်။

[မစ်ရှင် ပြီးမြောက်သွားပါပြီ ]

[ဆုလဒ် : အတွေ့အကြုံမှတ် နှစ်သိန်း ]

[အလုပ်ပြီးမြောက်နှုန်း : ၄၀% ]

[ဆုလဒ် : ကံကောင်းခြင်းကတ် ]

[အသုံးပြုနိုင်သည့် ကြာချိန် : ဆယ်မိနစ် ]

စနစ်၏ ဆုလဒ်မှာ လင်းရီနှင့် ရင်းနှီးနေကြောင်း မြင်တွေ့လိုက်ရ၏။

အတိတ်တွင်တုန်းက လင်းရီ အလားတူ ကံကောင်းခြင်းကတ် တစ်ခုကို ရရှိခဲ့ပြီး ထိုစဉ်က အသုံးပြုရန် ကြာချိန်မှာလည်း ငါးမိနစ်မျှသာ။

သို့သော်လည်း  ယခုတစ်ခေါက်တွင်တော့ ယင်း၏ နှစ်ဆပင်။

ကံကောင်းခြင်းကတ်ပြား ရရှိသည့် အတွက် လင်းရီ အင်မတန် ပျော်ရွှင်သွားခဲ့၏။

အကယ်၍ သူသာ အကျိုးရှိစွာ အသုံးချမည်ဆိုပါက အသက်ကိုပင် ကယ်တင်နိုင်လောက်သည့် ဝှက်ဖဲတစ်ချက် ဖြစ်လာနိုင်သောကြောင့်ကောင်းမွန်စွာ အသုံးချရပေမည်။

[ မစ်ရှင် : စားသောက်ဆိုင်၏ ပျှမ်းမျှဝင်ငွေ ယွမ် ၁၀၀,၀၀၀ အထိ ရရှိပါ ]

[ဆုလဒ် : အတွေ့အကြုံမှတ် နှစ်သိန်း ]

အဆိုပါ မစ်ရှင်က လင်းရီကို အနည်းငယ်
အခက်တွေ့သွားစေခဲ့သည်။

လက်ရှိ စားသောက်ဆိုင်၏ တစ်နေ့ဝင်ငွေမှာ ပျှမ်းမျှ
ယွမ် သုံးထောင်မျှသာ ရှိသောကြောင့်
ယွမ်တစ်သိန်းဆိုပါက  မည်မျှကြာအောင်
အချိန်ယူရမည်နည်း။

ရောင်းအားတက်စေမည့် နည်းလမ်းကို သူစဉ်းစားမှ
ဖြစ်ပေတော့မည်။

နှစ်ယောက်သား ဆေးကြောပြီးနောက် ကျီချင်းရန်က
ယနေ့ ရောင်းရငွေများကို ရေတွက်ရင်း အရင်းအမြတ်

ခွဲဝေတွက်ချက်လေသည်။ လင်းရီကတော့ ဘေးတွင်
ထိုင်ပြီး ရှောင်ထျန်နှင့်အတူ ဂိမ်းဆော့နေလိုက်၏။

လင်းရီအတွက်တော့ ရှောင်ထျန်၏ ဖြစ်တည်မှုမှာ
သိပ္ပံနည်းကျ ဆိုပါက လူဝံများထက်ပင်
နိမ့်ကျနေသေးသည်။

နတ်ဘုရားမှာ ကျီချင်းရန်ကို ဖန်ဆင်းစဉ်တုန်းက
ကျွမ်းကျင်လိမ္မာမှုတို့ဖြင့် ဖြည့်တင်းပေးခဲ့ပြီး
သို့သော်လည်း ရှောင်ထျန်ကို ဖန်းဆင်းသည့်
အချိန်တွင်တော့ အဆင့်တစ်ဆင့်
ကျော်သွားခဲ့ဟန်တူသည်။

သူ ဂိမ်းတစ်ပွဲဆော့ပြီးသောအခါ နောက်ထပ်
ကတ်စတန်မာတစ်ယောက် ဝင်ရောက်လာခဲ့၏။

နှစ်ယောက်မှာ စားသုံးသူ ကတ်စတန်မာများကို
စတင်ဧည့်ခံရင်း ညရှစ်နာရီသို့ ရောက်ရှိလာပြီး
ကတ်စတန်မာ ရှစ်ယောက်မှာ တစ်ယောက်ပြီး
တစ်ယောက် ဝင်ရောက်လာခဲ့ကာ ယခုလက်ရှိ
စားသုံးသူ နှုန်းထားက ယခင်နေ့ရက်များနှင့်
နှိုင်းယှဉ်လျှင် သိသိသာသာပင် တိုးတက်လာခဲ့တော့၏။

ထို့ပြင် မှာယူသည့် အော်ဒါများကလည်း
ဥထမင်းကြော်နှင့် ခေါက်ဆွဲကြော်တင် မဟုတ်တော့ပဲ
အခြားဟင်းလျာများပါ နှံ့နှံ့စပ်စပ် ဖြစ်လာခဲ့လေသည်။
လင်းရီကတော့ ယနေ့တွင် သူတို့ဆိုင်၏ တစ်နေ့တာ
အထွေထွေသုံးစရိတ်များကို ကာမိနိုင်သည်ဟု
ခံစားနေရ၏။

“ မစ္စလင်း… ဒီနဲ့ ငါတို့ ဘယ်လောက်ရှာနိုင်ခဲ့လဲ…”

လင်းရီ မေးလိုက်၏။

“ ၃,၄၃၈ ယွမ်.”

“ စားရင်းထဲက အမြတ်ငွေကတော့ ယွမ် ၁,၄၀၀ ပေါ့… ဒါပေမယ့် တကယ့်အမြတ်ငွေကကျတော့ ယွမ် ၁,၀၀၀တည်း.. ကုန်ကျစရိတ်တောင် ပြန်မကာမိသေးဘူး…”

“ ဟမ်… ဒါဆို အဲ့ ယွမ် ၄,၀၀ က ဘယ်ရောက်သွားတာ…”

“ နင် ယွမ်ယွမ်နဲ့ ကျန်တဲ့သူတွေကို ဒီမှာ ညှော့်ခံလိုက်သေးတယ်မလား.... သူတို့ စားသောက်သွားတဲ့ ကုန်ကျစရိတ်က ယွမ် ၄,၀၀ ကျတယ်လေ...”

“ ဆိုတော့.. အဲ့တာကြောင့်ကိုး...”

လင်းရီ ဝီချက်ဖွင့်ပြီး ဂရုအသစ် ဖွဲ့လိုက်၏။ ထို့နောက် ဟော်ယွမ်ယွမ်၊ ထျန်းရန်၊ လုရင်း၊ စွန်းဖုယို့ နှင့် ဝမ်ရန်တို့ကို ဂရုထဲ ထည့်လိုက်သည်။

ဟော်ယွမ်ယွမ် : “ ဘာခိုင်းစရာရှိလို့လဲဘော့စ်... ကျွန်မ အစ်ကိုချီကိုပါ ခေါ်လိုက်ရဦးမလား...”

ထျန်းရန် : “ ဉက္ကဌချိန်ကကျတော့ ကုမ္ပဏီမှာ
အချိန်ပိုဆင်းနေပါတယ် ဘော့စ်…”

လင်းရီ : “ သူတို့ကို ခေါ်စရာမလိုဘူး.. ငါမင်းတို့နဲ့
လျှို့ဝှက်ပြောစရာရှိလို့ ခေါ်လိုက်တာ…”

ဝမ်ရန် : “ တီချယ်လင်း… ကျွန်မ လုံရှင်းနဲ့ Sci-tech
အတွက် အဆိုပြုချက်ကို စလုပ်နေပြီနော်…”

စွန်းဖုယွီ : “ ဒါရိုက်တာလင်း ဘာအမိန့်ရှိမလို့ပါလဲ…”

လုရင်းကတော့ ခေါင်းပေါ်တွင် မေးခွန်း သင်္ကေတ
သုံးခုရှိသည့် မျက်မှန်နှင့်ခွေးပုံ အီမိုဂျီတစ်ခု ပို့လာခဲ့၏။

လင်းရီ : " မင်းတို့ကြောင့် ဒီနေ့ ငါ့ဆိုင်ရောင်းအားက ၂၈ ရာခိုင်နှုန်းလောက် ကျသွားတယ်...ဆိုတော့  ခု မင်းတို့ဘက်က တာဝန်ကျေရတော့မယ့် အချိန်ပဲ..."

လင်းရီ : " မင်းတို့ ငါးယောက်က ဥထမင်းကြော်တစ်ပွဲစီ စားထားတာဆိုတော့ တစ်ယောက်ကို ၁၈၉ ယွမ်ကျတယ်.. ခုချက်ချင်း လွှဲလာခဲ့ကြ..."

ဟော်ယွမ်ယွမ် ဂရုထဲမှ ထွက်ခွာသွားခဲ့ပါပြီ။

လုရင်း ဂရုထဲမှ ထွက်ခွာသွားခဲ့ပါပြီ။

လင်းရီ : " ..... "

ဟော်ယွမ်ယွမ်နှင့် လုရင်းမှာ ဂရုထဲမှာ ထွက်ခွာသွားခဲ့သော်လည်း ကျန်သည့် သူများကတော့ နာခံစွာဖြင့် ပိုက်ဆံအသီးသီး လွှဲလာခဲ့ကြလေသည်။

လင်းရီ တွက်ချက်ကြည့်လိုက်သောအခါ ၅၆၇ ယွမ် ပြန်ရလိုက်၏။ ပမာဏအများကြီး မဟုတ်သော်လည်း အနည်းဆုံးတော့ ကုန်ကျစရိတ်ကို ကာမိလေသည်။

ထို့နောက် လင်းရီ ဝီချက်မှ တစ်ဆင့် ချီရှန်းကျောက်ထံ စာတစ်စောင် လှမ်းပို့လိုက်၏။

လင်းရီ : “ ဟော်ယွမ်ယွမ်နဲ့ လုရင်းရဲ့ ဒီခု လစာထဲက ၁၈၉ ယွမ် နှုတ်ဖို့ ဘဏ္ဍာရေးဌာနကို အကြောင်းကြားလိုက်…”

ချီရှန်းကျောက် : “ ကျ… ကျွန်တော်နားလည်ပါပြီ ဘော့စ်…”

ယခု စားသောက်ဆိုင်၏ ဝင်ငွေမှာ သူ၏ ဘဝဖြစ်လာသောကြောင့် တစ်ယောက်ထဲ လုပ်ရန် မည်သို့မျှ မဖြစ်နိုင်ချေ။

ထိုအခိုက်အတန့်တွင် ကျီချင်းရန်၏ ဖုန်းသံ မြည်လာခဲ့၏။ ဟော်ယွမ်ယွမ်ထံမှပင်။

“ အစ်မကျီ…. နင့်ယောက်ျားက အရမ်း တရားလွန်သွားပြီ…. ညီမက ဥထမင်းကြော် တစ်ပွဲလေးတည်း စားတာကို ခု ပိုက်ဆံ ပြန်လာတောင်းနေတယ်တဲ့… သူ့မှာ အသိတရားလေးတောင် မရှိတော့ဘူးလား မသိဘူး…”

“ အဲ့ဒါက…….. ငါတို့အတွက်လည်း ငွေရှာရတာ လွယ်တာမဟုတ်ဘူးလေ… ဒါကြောင့်မို့ ဝန်ထမ်းတစ်ယောက်အနေနဲ့ နင်တို့က ဘော့စ်အပေါ် နားလည်ပေးသင့်တာပေါ့ မဟုတ်ဘူးလား…”

ဟော်ယွမ်ယွမ် “ …. “

“ နင် … နင်တို့နှစ်ယောက်လုံး အတူတူပဲ….”

ဟော်ယွမ်ယွမ် စိတ်ဆိုးမာန်ဆိုးဖြင့် ဖုန်းချလိုက်၏။ သို့သော်လည်း ပိုက်ဆံကိုတော့ ယခုထိ မလွှဲသေးပေ။

ထိုအချိန် လင်းရီကတော့ ဘာမျှ စိတ်ပူမနေချေ။ သူမ၏ လစာငွေထဲက နှုတ်လိုက်လျှင် အဆင်ပြေနေပြီး ဖြစ်၏။

"ချင်းရန်... ငါတို့ ဆိုင်ဖွင့်တာ သုံးရက်ရှိပြီဆိုတော့ ခု ဘယ်လောက်ရထားပြီလဲ.." လင်းရီ မေးလိုက်သည်။

" ယွမ် ၇,၀၀၀ နီးပါးလောက်ပေါ့.."

"  ဒီနေ့တော့ ကုန်ကျစရိတ်ကို ကာမိတဲ့အပြင် မြတ်ပါ မြတ်လိုက်တယ်....မနက်ဖြန်ကျရင်လည်း ဒီနေ့ရောင်းအားကို ကျော်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်..."

လင်းရီ လက်အစုံကို ဦးခေါင်းနောက်တွင် ထားပြီး စဉ်စားခန်း ဝင်လိုက်၏။

ဒီ သုံးရက်ကို ယွမ် ခုနစ်ထောင် ဝင်တယ်ဆိုတော့ ယွမ် တစ်သိန်းရဖို့ အချိန် ဘယ်လောက် ကြာနိုင်မလဲ…

မီနူးပေါ် ရှိ စျေးနှုန်းများမှာ စနစ်မှ သတ်မှတ်ထားသောကြောင့် လင်စရီ စိတ်တိုင်းကျ ပြုပြင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ချေ။ ထို့ကြောင့် ရောင်းအား တက်စေမည့် နည်းလမ်းတစ်ခုခုကို သူ ကြံဖန်ရပေတော့မည်။

"လင်းရီ.. ငါတို့ ဆိုင်ပိတ်ပြီးတော့ လမ်းခဏ လျှောက်ကြရင်ကော…"ကျီချင်းရန် မေးထောက်၍ လင်းရီကို ချိုမြိန်စွာပြုံးပြရင်း ပြောလိုက်သည်။

"ညစျေးတန်း ပြန်သွားချင်လို့လား..."

"နင်က မသွားချင်ဘူးလား.. ဒါဆို အနီးနားတစ်ဝိုက်

တက္ကသိုလ်တွေပဲ လျှောက်လည်ကြမယ်ဆိုရင်ကော...

အဲ့က လေထုကို သွားရှူရှိုက်ရင်းပေါ့..."

"ဘာကို ရှူရှိုက်ချင်သေးတာ... တက္ကသိုလ်

မတက်ဖူးတာ ကျနေတာပဲ..."

"ဟာ...အဲ့တုန်းက စာနဲ့ နပမ်းလုံးနေတော့

တက္ကသိုလ်ဝန်းထဲတောင် နှံ့အောင် မလျှောက်ဖူးဘူး..

ဒါကြောင့် သွားကြည့်ရအောင်လို့ .. နော်လို့..."

လင်းရီ ကျီချင်းရန်ကို ခပ်ရေးရေး ပြုံးပြလိုက်ပြီး "မင်းက အဲ့တုန်းက စင်ဂယ်မဟုတ်ဘူးလား... အဲ့တော့ လျှောက်လည် စရာ အကြောင်း မရှိဘူးလေ..."

"နင်ပဲ စင်ဂယ်လေ.. ငါ ကျောင်းတုန်းကဆိုရင် ငါ့ကို ပိုးပန်းနေကြတဲ့သူတွေမှ တပုံကြီး.. ဒါပေမယ့် ငါက တစ်ယောက်မှ လက်မခံခဲ့ဘူး..."ကျီချင်းရန် ဂုဏ်ယူဝင့်ကြွားဖြင့် ပြောလိုက်၏။

"ဒါဆိုလည်း သွားစို့.. ဒီနေ့ တက္ကသိုလ်ဝင်းထဲမှာ ကောင်လေးနဲ့ အတူ လျှောက်လည်ရတဲ့ ခံစားချက်က ဘာလဲဆိုတာ ခံစားခိုင်းမယ်..."

"ခစ်ခစ်... သွားမယ်.. ရေး..."

နှစ်ယောက်သား ပစ္စည်းများ သိမ်းဆည်း၍ ဆိုင်တံခါး သော့ခတ်ကာ တက္ကသိုလ်များ ရှိရာဘက်သို့ လမ်းလျှောက်ရင်း ဦးတည်လိုက်ကြ၏။

"ဒီနားမှာ တက္ကသိုလ်က လေးခုတောင် ရှိတာဆိုတော့ ဘယ်တစ်ခု သွားချင်လဲ..."

"နီးတဲ့ ကျောင်းပဲ သွားကြမယ်.. နင်လည်း အိမ်ရောက်ရင် အလုပ်ရှိသေးတယ်ဆိုတော့ ဒီတိုင်း လေညင်းခံရုံလောက်ပဲ လမ်းလျှောက်ပြီး ပြန်ကြမယ်ဆလ..."

"ဒါဆို ကျိုးဟိုင် တက္ကသိုလ်က အနီးဆုံးပဲ.. အဲ့မှာ ခဏလောက် လမ်းလျှောက်ပြီးတာနဲ့ ပြန်ကြတာပေါ့..."

"အွန်း အွန်း သွားကြစို့..."

ညရှစ်နာရီထိုးနေပြီး ဖြစ်သော်လည်း
အဆောင်တံခါးများ ပိတ်သည့် အချိန်မှာ
လိုသေးသောကြောင့် ညမှာ အတော်လေး
အသက်ဝင်နေလေသည်။

လင်းရီနှင့် ကျီချင်းရန်ကဲ့သို့ အချို့ စုံတွဲများမှာလည်း
လက်ချင်းချိတ်ကာ ကျောင်းထဲသို့ ပြန်လာနေကြသည်။

လမ်း မျက်နှာချင်းဆိုင် ဟိုတယ်တွင် တစ်ညတာ
ကုန်ဆုံးမည့် စုံတွဲများကိုလည်း လင်းရီ
လမ်းလျှောက်ရင်း မြင်တွေ့နေရ၏။

လင်းရီမှာ ကျိုးဟိုင် တက္ကသိုလ် ကျောင်းသားဟောင်း တစ်ဦး ဖြစ်သောကြောင့် ယခု နေရာတစ်ဝိုက်နှင့် တော်တော်လေး ရင်းနှီးနေလေသည်။

"ရီ...ကျောင်းက ဘာလို့ သစ်ပင်တွေ အဲ့လောက် ပေါ်နေတာ..."

ကျိုင်းဟိုင် နည်းပညာ တက္ကသိုလ်ဝင်းထဲတွင် သစ်ပင် အမြောက်အများ ပေါက်ရောက်နေသောကြောင့် ကျီချင်းရန် စူးစမ်းချင်နေဟန်ဖြင့် မေးမြန်းလိုက်၏။

"ကျိုးဟိုင် တက္ကသိုလ်ထဲမှာ စိုက်ပျိုးရေး ကောလိပ်ရှိတယ်လေ... ဒီရဲ့ရေိယာက သူတို့ သုတေသန ပြုတဲ့ ကွင်းပေါ့.. ခုတော့ စုံတွဲလေးတွေ အတွဲခုတ်တဲ့ ဘုံဗိမ္မာန် လေး ဖြစ်သွားပြီ... "

ကျီချင်းရန် အထဲသို့ ချောင်းကြည့်လိုက်သောအခါ အမှတ်တကယ် လူငယ်စုံတွဲ အများအပြား တစ်ယောက်ကို တစ်ယောက် ဖက်လျက်ရှိကြောင်း မြင်တွေ့လိုက်ရ၏။

"ဘယ်လိုဟာတွေလဲ မသိဘူးနော်.. အရမ်းရဲတင်းတာပဲ..."ကျီချင်းရန် ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်၏။

"ဟားဟား ဘယ်သူသိနိုင်မှာ...အဲ့လိုမျိုးက ပိုပြီး စိတ်လှုပ်ရှားစရာ ကောင်းလို့နေမှာပေါ့..."

ထို့နောက် ကျီချင်းရန် လင်းရီ၏ လက်မောင်းကို တွဲ၍ ပရုတ်ပင်များ စိုက်ထားသည့် နေရာတစ်လျှောက် လမ်းလျှောက် လာခဲ့လေသည်။

ဖြတ်သွားဖြတ်လာများမှာ လင်းရီတို့ နှစ်ယောက်ကို မြင်တော့ မနေနိုင်ပဲ တစ်ချက်မျှ ငေးကြည့်သွားကြ၏။

သို့သော်လည်း တခဏမျှသာ။ မည်သူကမျှ စိတ်ထဲ ထားမနေချေ။ ကျီချင်းရန်အတွက်ကတော့ သူမတို့ နှစ်ယောက် အတူ တွဲလျှောက်နေသည်ကို လူတွေ ငေးကြည့်နေသည်ကပင် ရှားပါးသည့် အခိုက်အတန့်လေးဖြစ်နေတော့၏။

"သူတို့ကို မြင်မိတိုင်း ငါ ငါ့ကိုယ်ငါ အသက်ကြီးနေပြီလို့ ခံစားနေရသလိုပဲ..."

"ဝမ်းနည်းလို့လား..."

"အွန်း..."

"ငါ ငယ်ငယ်တုန်းက ဘာမှ မလုပ်ကြည့်ခဲ့ပဲနဲ့
စာတွေချည်း လေ့လာနေခဲ့မိတာကို
အရမ်းနောင်တရတယ်... ခု အဲ့လိုအချိန်တွေ
ပြန်ရချင်ရင်တောင် ပြန်မရောက်နိုင်တော့ဘူး..."

"တကယ်လို့ နင်သာ ငါ့ကို ဒစ်စနီလန်
မခေါ်သွားခဲ့ဘူးဆိုရင် ကစားကွင်းတွေ ပန်းခြံတွေမှာ
ပျော်ရွှင်ရတဲ့ အရသာက ဘယ်လိုမျိုးလဲဆိုတာ
သိမှာတောင် မဟုတ်ဘူး..."

"ခုတော့ ဘဝမှာ အလုပ်လုပ်နေတာထက်
နင့်နောက်လိုက်ပြီး ရှိမန်တစ်ဆန်ဆန်
လမ်းလျှောက်တာက အကောင်းဆုံးလို့ ထင်တယ်.."

ထိုသို့သော မေးခွန်းမျိုးနှင့် ရင်ဆိုင်မိတိုင်း လင်းရီ
အဘယ်ကြောင့် အမျိုးသားနှင့် အမျိုးသမီးကြားရှိ
အတွေးအခေါ် ကွာဟမှုက အဘယ်ကြောင့် ထိုမျှ
ကွာခြားနေရလဲဆိုတာကို တော်တော်လေး
အံ့အားသင့်မိ၏။

လမ်းလျှောက်တာက ဟိုတယ်သွားပြီး
အခန်းငှားတာလောက် ရှိဆန်နိုင်မှာမို့လား..

ဟိုတယ်မှာဆို ရှိဆန်ရုံတင်ဘယ်ကမှာ..
စိတ်ဝိညာဏ်ထိပါ စိတ်ကျေနပ်မှု အပြည့်ရသွားဦးမယ်..

အဲ့လိုလုပ်တာက ခုလိုမျိုး လျှောက်ကြည့်ရင်း လမ်းလျှောက်နေတာထက် ပိုအရသာ ရှိတယ် မဟုတ်ဘူးလား...

ဟင်း.....

"ဘာလို့ စကား ပြန်မပြောတာ... နင်လဲ အဲ့လိုမျိုး ခံစားနေရတာလား..."

'အာ....'

ဆရာမကြီး စိစစ်မေးမြန်းတဲ့ အစီအစဉ် စတင်ပါပြီ။

"အင်း... ငါလည်း အတူတူပဲ.. နောင်တတွေ အများကြီး ရှိခဲ့တာပေါ့ကွာ..."လင်းရီ သူ၏ စကားလုံးများကို

သေချာစီစစ်ပြီး အပြီးပြည့်စုံဆုံး အဖြေတစ်ခုကို ပေးရန်
ဟန်ပြင်လိုက်၏။

"ငါ တက္ကသိုလ်တက်တုန်းက ငါ့ရဲ့တစ်လ
အသုံးစရိတ်က ယွမ် ၅၀၀ တည်းပဲရှိတာ... အဲ့ဒီငွေကို
လောက်ငအောင် သုံးရင်းနဲ့ နိုက်ကလပ်တက်တာတို့
သူများတွေလို အုပ်စုဖွဲ့ပြီး အပျော်ခရီး ထွက်တာတို့
တစ်ခုမှ မလုပ်ခဲ့ရဘူး.. ပစ္စည်း ဝယ်ဖို့
ဆိုင်သွားမယ်ဆိုရင်တောင် ရနိုင်သမျှ ဈေးအပေါဆုံး
ပစ္စည်းကိုမှ ရွေးဝယ်ခဲ့ရတယ်... အဲ့လိုမှ မလုပ်ရင်လည်း
စာအုပ်ကြေးတွေနဲ့ ဘတ်ဂျက်က မကိုက်တော့ဘူး...
တကယ်လို့ နည်းနည်းလောက်လေးများ
ပိုသုံးမိလိုက်မယ်ဆိုရင် နောက်လ အသုံးစရိတ်ကျ ရေနဲ့

ထမင်းပဲ နှစ်ပါးသွားရတော့တာ...ကုန်ကုန်ပြောရရင် ငါ့ဘဝကြီးက အရမ်းကို ခက်ခဲတာပါကွာ... "

"အဲ့တာတွေက နင့်ရဲ့ နောင်တတွေပေါ့..."

"ဟုတ်တယ်.."လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ဘွဲ့ရပြီးတော့ အဲ့တာတွေက ငါ့ဘဝမှာ ပြန်ထပ်မရနိုင်တော့ အမှတ်တရတွေပဲ... မင်း ပြောသလိုမျိုးပဲပေါ့...ခုချိန်မှာ ငါ အော့စ်စမန်းတပ် လက်ဖက်ရည်ဝယ်ပြီးတော့ မင်းနဲ့ အတူသောက်လို့ရတယ်.. ဒါပေမယ့် မတူတော့ဘူးလေ.. ငါက ခု လူကြီးတစ်ယောက်ဖြစ်နေပြီ..."

"ဒါပေမယ့် မင်းနဲ့ တွေ့ဆုံပြီးတော့ ငါ သိလိုက်ရတာက အဲ့ဒီ နောင်တလို့ ခေါ်တဲ့ အရာတွေက ငါ့ဘဝရဲ့ အရေးမပါတဲ့ ကွက်လပ်လေးတွေကလွဲရင် ဘာမှ

မဟုတ်တော့ဘူး.. ပြီးတော့ ချင်းရန်.. မင်းက ငါ့ဘဝကို ပြီးပြည့်စုံစေသူလေးပေါ့..."

ကျီချင်းရန် ရုတ်ချည်းခြေလှမ်းများ ရပ်တန့်လိုက်၏။ လင်းရှီ၏ နှလုံးသားထဲတွင် သူမက ထိုမျှ အရေးပါနေလိမ့်မည်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ချေ။

'ငါ နင့်ကို အရမ်းချစ်တယ် ' ဟု ဆိုသည့် စကားလုံးများထက် ယခု စကားလုံးများက ရင်ဘက်ထဲသို့ ပို၍ ထိရောက်စေသည်။

ကျီချင်းရန်၏ အမူအရာကို မြင်တော့ လင်းရှီ သူ၏ အဖြေမှာ ပြီးပြည့်စုံသည့် အဖြေဟု ခံစားလိုက်ရ၏။

လေထု အခြေအနေက ယခုအနေအထားထိ

ရောက်နေပြီဆိုတော့ သူမ သေချာပေါက်

ဟပ်ထိသွားလောက်ပေသည်။

ဟိုတယ် တံခါးမှာ လင်းရီကို လက်ယပ်၍

လှမ်းခေါ်နေပြီဟု ခံစားမိနေတော့၏။

"  နှင့်ရဲ့ရင်ဘက်ထဲမှာ ငါ့ရဲ့အခန်းကဏ္ဍက

အဲ့လောက်တောင် အရေးပါတယ်ပေါ့နော်..."

ကျီချင်းရန် ပျော်ရွှင်စွာ ပြုံးလိုက်ပြီး "ဒါဆို ငါနှင့်ကို

နည်းနည်း ခပ်ကြာကြာလေး အဖော်ပြုပေးမယ်လေ..

အဲ့တာဆို နှင့်ရဲ့ဘဝက ပိုပြီး ပြီးပြည့်စုံသွားတော့မှာ..."

"ခပ်ကြာကြာလေး..."

ကျီချင်းရန်မှာ သူ၏ စကားကို နားလည်မှု လွဲနေသည်ဟု လင်းရီ ရုတ်ချည်း ခံစားလိုက်ရ၏။

ဒီမှာအမိ...ဘယ်လောက်ပဲ လမ်းအတူလျှောက်လျှောက် ဟိုတယ်မှာ မင်္ဂလာမယူရင် ဘယ်တော့မှ မပြီးပြည့်စုံဘူး…

**အခန်း (၆၀၃)**

**လူတိုင်း၏ အာရုံစိုက်ရာ**

“ မင်းက လမ်းဆက်လျှောက်ချင်သေးတာလား…”

“ ဟင်.. နင်ကကော ဆက်မသွားချင်တော့ဘူးလား…
အဲ့တာဆိုလည်း အိမ်ပြန်မယ်လေ...
အဆင်ပြေပါတယ်....”

“ အိမ်ပြန်ဖို့ အလျှင်မလိုပါဘူးကွာ… ဒါပေမယ့်
ဒီကျောင်းဝန်းကြီးထဲမှာ ဆက်ပြီးတော့
လမ်းလျှောက်နေတာကတော့ သိပ်
အဓိပ္ပာယ်မရှိသလိုပဲ… ကျောင်းအပြင်
သွားကြမယ်ဆိုရင်ကော…”

“ ကျောင်းအပြင်ဘက်မှာဆို ညဈေးတန်းပဲ ရှိတော့တာ
မဟုတ်ဘူးလား… ငါတို့ မနေ့ညက သွားပြီးပြီလေ…”

“ ဟုတ်တယ်.... ဒါပေမယ့် ကျောင်းဂိတ်ဝ
အပြင်ဘက်ကိုကြည့်လိုက်… မျက်နှာချင်းဆိုင်မှာကျ

‘ ခုနစ်ရက် ‘ ဟိုတယ် … ဘယ်ဘက်

တစ်ရာမီတာမှာကျတော့ ‘ ရွှေစံအိမ် ‘ … ညာဘက်

ငါးဆယ်မီတာမှာကျတော့ “ မြစိမ်းရောင် ဟိုတယ် ‘ …

အဲ့ညာဘက် ရှစ်ဆယ်မီတာမှာကျတော့ ဟန့်ထင်

ခန်းမ… အားလုံးက နာမည်ကြီးတဲ့ နေရာတွေချည်းပဲ…

တကယ်လို့ အဲ့ဒီနေရာတွေ သွားမလည်ဘူးဆိုရင်

ဒီကိုလာတာ ဖြုန်းတီးလိုက်တာပဲ မဟုတ်ဘူးလား..”

“ ဟွန်း…နင်ကတော့ အဲ့ဒီ နင့်ရဲ့ တဏှာစိတ်တွေကို

မပြင်နိုင်သေးဘူးပဲ… အားရှိရှိ ငါ့ကို

အဲ့လိုနေရာမျိုးတွေပဲ ဆွဲခေါ်သွားချင်နေတယ်…”

ကျီချင်းရန် နောက်ပြန်လှည့်မကြည့်ပဲ

လမ်းလျှောက်လိုက်ပြီး “ ဘာပဲဆိုဆို ငါကတော့

မသွားဘူး… ဒီလိုလေး လမ်းလျှောက်တာကပဲ
တော်တော်လေး ကောင်းတယ်လို့ ထင်တာပဲ…”

လင်းရီလည်း ရွေးချယ်စရာမရှိပဲ ကျီချင်းရန်နှင့်အတူ
ကျောင်းတစ်ပတ် လမ်းလျှောက်လိုက်ရလေသည်။

သို့သော်လည်း ထိုအချိန်တွင် တိတ်ဆိတ်နေသည့်
လေထုကို အံ့အားသင့်နေသည့် အသံတစ်သံက
ဖြိုခွင်းသွားခဲ့၏။

“ သူဌေး…”

လင်းရီနှင့် ကျီချင်းရန်တို့ လှည့်ကြည့်လိုက်သောအခါ
လူလေးငါးခြောက်ယောက်မှာ သူတို့နောက်တွင်
ရပ်နေကြောင်း မြင်တွေ့လိုက်ရ၏။

တစ်ချို့တစ်လေကတော့ ' စားကောင်းတယ်
'ဆိုင်ငယ်လေး၏ အမာခံ
စားသုံးသူများဖြစ်ကြလေသည်။

ကျောက်ယွဲ့ထုံ၊ ထုံးဖေး နှင့် လီချန်တို့ပင်။

သို့သော်လည်း သူတို့နောက်မှ
ကောင်လေးတစ်ချို့လည်း လိုက်ပါလာခဲ့ကြ၏။ ထိုထဲမှ
တစ်ချို့ကိုတော့ လင်းရီ မျက်မှန်းတန်းမိလေသည်။

တစ်ဦးမှာ ထုံးဖေး၏ ရည်းစား လျိုကျီးယွမ်။

ကျန်သူများကတော့ ဖုန်းရှစ်ယွီနှင့် ကျောက်ယွဲ့ထုံကို
လာရှာစဉ် လိုက်ပါလာခဲ့ကြသူများ ဖြစ်ကြ၏။

တက္ကသိုလ်ကျောင်းသားဘဝမှာ ထိုကဲ့သို့ပင်။
မိန်းကလေးတစ်ယောက်ကို ပိုးပန်းနေစဉ်ကာလအတွင်း
အခန်းဖော်များမှ အောင်သွယ်တော်လုပ်ပေးသည်က
သာမန်သာဖြစ်လေသည်။

လင်းရီကို မြင်တော့ မိန်းကလေးများက သူတို့ထံ
ချဉ်းကပ်လာခဲ့ကြ၏။

“ သူ့ဗွေး… သူမက နင့်ရဲ့ကောင်မလေးလား…”

“ ဟုတ်တယ်… ဆိုင်ကပိတ်သွားပြီဆိုတော့ သူနဲ့အတူ
ခဏ လမ်းလျှောက်ထွက်လာတာ…”
လင်းရီ အပြုံးလေးဖြင့် ပြန်ဖြေလိုက်၏။

“ ဟယ်လို မစ်…”

မိန်းကလေးများမှာ ကျီချင်းရန်ကို ဆိုင်တွင်မြင်ဖူးကြပြီး နှစ်ယောက်မှာ စုံတွဲများဖြစ်မည်ကိုလည်း ခန့်မှန်းထားခဲ့ကြ၏။

သူတို့နှစ်ယောက်က တော်တော်လေး လိုက်ဖက်တာပဲ…

“ ဟယ်လို…” ကျီချင်းရန် မိန်းကလေးများကို အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

“ သူဌေးက ခုမှ ကျွန်မတို့ ကျောင်းကို ရောက်ဖူးတာမလား… အထဲလိုက်ပြပေးမယ်လေ…” ကျောက်ယွဲ့ထုံမှ အပြုံးဖြင့် ဖိတ်ခေါ်လိုက်သည်။

“ ထုံထုံ.. မင်းဘာလို့ လူတကာကို လျှောက်ခေါ်နေတာ….. နှုတ်ဆက်ပြီး

တော်ရောပေါ့…လာ…ကိုယ့်လမ်းကိုယ်
ဆက်သွားကြမယ်…”
ဖုန်းရှစ်ယွီ ဝင်ပြောလိုက်၏။

“အဲ့ဒါ နင့်အပူလား…. နင် မကြိုက်ရင်
တခြားနေရာသွားလိုက်…”

ထိုသို့ ခပ်ပြတ်ပြတ် ပြောခံလိုက်ရသည့်အတွက်ကြောင့်
ဖုန်းရှစ်ယွီ ငြိမ်ကျသွားခဲ့တော့သည်။

သူ၏ စိတ်ထဲတွင်တော့ လင်းရှီအပေါ်
အငြိုးအတေးများကလည်း တစထက်တစ
တိုးပွားလာလေသည်။

ငိုးပဲကွာ.... အဲ့ဒီ ဟင်းချက်တဲ့ကောင်ကြောင့်သာ မဟုတ်ရင် ငါနဲ့ ထုံထုံ အစောကြီးကတည်းကရင် အတူနေပြီးလောက်ပြီ....

" အဲ့ဒါဆို..... အဲ့ဒါဆိုလည်း အတူသွားကြတာပေါ့.."

ကျီချင်းရန် အစကတော့ အခြားသူများနှင့် လမ်းမလျှောက်ချင်ပေ။ ယင်းက သူမနှင့် လင်းရီတို့နှစ်ဦး၏ ကိုယ်ပိုင်ကမ္ဘာလေးကို လာရောက်နှောက်ယှက်နေခြင်းဖြစ်၏။ သို့သော်လည်း တစ်ဖက်သူမှ ယဉ်ယဉ်ကျေးကျေးနှင့် ကမ်းလှမ်းလာသောကြောင့် တိုက်ရိုက်ကြီး ငြင်းလိုက်မည်ဆိုပါကလည်း အားနာဖို့

ကောင်းလှပေသည်။ ထို့ကြောင့် အတူသွားရန်သာ တတ်နိုင်တော့၏။

လီချန် ရယ်မောလိုက်ပြီး " သူဌေး.... နင်က ငါတို့ ကျောင်းဖိုရမ်မှာ တော်တော်လေး နာမည်ကြီးနေတာနော်... ခုဆို ဆိုင်က တော်တော်လေး အခြေအနေကောင်းနေပြီမလား..."

" အင်း ... တကယ်ကြီးကို ရောင်းအားတက်လာတာ... ကျေးဇူးပဲ..."

" ရပါတယ်... အဓိကက အစားအသောက်တွေ အရမ်း အရသာရှိလို့လေ... နည်းနည်းလေး ဈေးကြီးတယ်ဆိုပေမယ့် ပေးရတာ တန်ပါတယ်..."

“ ကျေးဇူးပါနော်…. နောက်အားရင်လည်း ထပ်လာခဲ့ပေါ့..” ကြီချင်းရန် ပြုံးလျက် သူမတို့၏ ထောက်ပံ့ပေးမှုကို ကျေးဇူးတင်လိုက်သည်။

သို့နှင့် အုပ်စုမှာ လမ်းလျှောက်လာရင်းဖြင့် ဘတ်စကက်ဘော ကစားသည့် နေရာသို့ရောက်ရှိလာကြသည်။

“ ငါမှတ်မိတာမှန်မယ်ဆိုရင် နင် ဘတ်စကက်ဘော ဘယ်လိုကစားလဲဆိုတာ သိသင့်တယ်မလား…”

“ သိသင့်တယ်မလား ဆိုတာက ဘာစကားကြီးတုန်း… အဲ့လို ကလေးကလားဆန်တဲ့ ကစားနည်းကို ငါက ဆရာတစ်ဆူလို ကျွမ်းကျင်ပြီးသား…”

“ သူဌေး နင်က ဘတ်စကက်ဘောလည်း ကစားတတ်တယ်ပေါ့…” လီချန် အံ့အားသင့်စွာဖြင့် မေးမြန်းလိုက်သည်။

“ ဒီလောက် ရိုးရှင်းတဲ့ အားကစားနည်းကို မသိတဲ့သူ ရှိသေးလို့လား…”

“ ဝိုး.. သူဌေး …နင်က အရမ်းအံ့သြဖို့ကောင်းတာပဲ… ရုပ်ချောရုံတင်မကသေးဘူး… ဟင်းချက်လည်း အရမ်းတော်တယ်.. ဘတ်စကက်ဘောလည်း ကစားတတ်သေးတယ်ဆိုတော့ သူဌေးလောက်  ပြီးပြည့်စုံတဲ့ ယောက်ျားမျိုး ရှိလောက်မယ် မထင်ဘူး…”

“ ဟိတ် ဟိတ်… နင့်အမက ဒီမှာ
ရှိနေသေးတယ်လေ…”

“ ဟီးဟီး….” မိန်းကလေး သုံးယောက်လုံး
ရယ်မောလိုက်ကြပြီး “ ဒါပေမယ့် သူ့ဌေးက
တကယ်ကြီး အရမ်းနဲ့ ကြည့်ကောင်းတယ်….
ငါကတော့ ဘတ်စကက်ဘော ကစားပြီး ချွေးတွေနဲ့
ဆွဲဆောင်မှုရှိနေတဲ့ ကောင်လေးတွေကို
အနှစ်သက်ဆုံးပဲ…”

“ တကယ်ကြီးလား…
ဘတ်စကက်ဘောဆိုတာကလည်း ငါကျွမ်းကျင်တဲ့
အားကစားပဲလေ…” ဖုန်းရှစ်ယွီ ကော်လံထောင်ရင်း
ပြောလိုက်၏။

“ ငါက သူဌေးလိုမျိုး ရုပ်ချောတဲ့ ကောင်လေးတွေ ဘတ်စကက်ဘော ကစားတာကို ပြောတာ.... ကျန်တဲ့သူတွေကို မဆိုလိုဘူး...”

ဖုန်းရှစ်ယို့ ပြောစရာစကား ကင်းမဲ့သွားခဲ့တော့၏။

ဟိုကောင်က သူ့ကောင်မလေးရှေ့မှာမို့ ကိုယ်ရည်သွေးနေတာလေ.... ဘာလို့ အဲ့စကားတွေကို မျက်စိ စုံမှိတ်ပြီး ယုံနေတာ...

“ လင်းရီ ... ဒါဆို ဘတ်စကက်ဘောကွင်းထဲ သွားရအောင်လေ...” ကျီချင်းရန် လင်းရီလက်ကို ကိုင်ရင်း အပြုံးလေးဖြင့် ပြောလိုက်ပြီး “ ငါလည်း

ဘတ်စကက်ဘော ကစားတဲ့ ကောင်လေးတွေကို ကြိုက်တယ်…”

“ ဟုတ်လား… ငါအရင်တုန်းက ဘာလို့ မသိခဲ့ပါလိမ့်…”

“ နင် မကစားတတ်ဘူးဆိုရင် နင့်ရဲ့ခံစားချက်တွေ နာကြင်သွားမှာ စိုးလို့ မပြောခဲ့တာလေ…”

“ ဒါဆိုလည်း တစ်ချက်နှစ်ချက်လောက် သွားပုတ်ကြတာပေါ့…”

ကျီချင်းရန်နှင့် ကျောက်ယွဲ့ထုံတို့ ရောက်ရှိလာမှုက ကွင်းထဲရှိ လူတိုင်းကို လုပ်လက်စ အလုပ်များ ရပ်တန့်သွားစေခဲ့သည်။

ဘတ်စကက်ဘော ကစားရသည်မှာ
ပျော်ရွှင်ဖို့ကောင်းလှသော်လည်း
မိန်းမလှလေးများလောက်တော့ ဆွဲဆောင်မှု မရှိချေ။

ယခုလိုမျိုး အလှလေး နှစ်ယောက်
ရောက်လာသည်ဆိုလျှင်တော့ မေးနေရန် မလိုပေ။

“ အစ်ကိုဖုန်းက အသစ်လေးတွေကို ရှယ်ဖြုတ်ဖို့
လာပြန်ပြီနဲ့ တူတယ်…”

ဖုန်းရှစ်ယွီနှင့် ကျန်သူများရောက်လာသည်ကို မြင်တော့
ဘတ်စကက်ဘော ကွင်းထဲရှိ လူတိုင်း
နှုတ်ဆက်လိုက်ကြ၏။

ကျိုးဟိုင် နည်းပညာ တက္ကသိုလ်တွင် ဖုန်းရှစ်ယွီမှာ ကျောင်းအသင်းဝင် တစ်ဦးဖြစ်ပြီး အတန်ငယ် လွှမ်းမိုးနိုင်စွမ်းရှိသူ တစ်ယောက်ဟုလည်း သတ်မှတ်၍ ရသည်။ ၎င်းကို ရောက်နေကြသည့် လူတိုင်း သိရှိပြီးဖြစ်၏။

ဖုန်းရှစ်ယွီမှာ ကွင်းထဲသို့ ရောက်လာသည်နှင့် ကစားသမား အသစ်လေးများနှင့် လက်ရည်စမ်းလေ့ရှိကာ အနိုင်ကျင့် နှိပ်ကွပ်လေ့ရှိ၏။ထိုသို့ လုပ်ရင်း ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း ငြီးငွေ့ဖွယ် ကောင်းသည်ဟု ခံစားမိလာကာ အခြားကျောင်းများသို့သွားရင်း ပိုကောင်းသည့် ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ကစားလေ့ရှိလေသည်။

“ ဘတ်စကက်ဘော ဆရာကြီးရှိတယ်ဆိုလို့
နည်းနည်းလောက် စမ်းရအောင် ခေါ်လာခဲ့တာ…”

ထိုအခါ လူတိုင်း၏ အကြည့်များက လင်းရီထံ
ကျရောက်သွားခဲ့၏။

ဒီကောင်က ဘယ်သူတုန်းဟ…
ကျောင်းသားသစ်လား… ဘာလို့ တစ်ခါမှ
မမြင်ဖူးတာ…

“ ကောင်းတာပေါ့.. တစ်ပွဲလောက် ဆော့ကြမယ်…”
ပြောရင်းဖြင့် ကောင်လေးမှ ဘတ်စကက်ဘောကို
ပစ်ပေးလာခဲ့၏။

“ မေ့လိုက်… ငါက
ဒီတိုင်းလမ်းလျှောက်ထွက်လာတာ…
အချိန်သိပ်မရဘူး..”

“ ဟေး… အဲ့လောက်ကြီးလည်း စိုးရိမ်မနေစမ်းပါနဲ့
ညီကိုရာ… ငါတို့အားလုံးက ညီကိုဖုန်းရဲ့
သူငယ်ချင်းတွေပဲ… အားလုံး ပေါ့ပေါ့ပါးပါးပဲ…”

လင်းရီ ဘတ်စကက်ဘော ယူလိုက်ပြီး ကျီချင်းရန်ထံ
ကမ်းပေးလိုက်၏။

“ စမ်းကြည့်ဦးမလား…”

“ ဟင့်အင်း.. မဆော့တတ်ဘူး… ငါက အားကစား
ညံ့တယ်…”

“ ဒီတိုင်း စမ်းကြည့်ကြည့်ပေါ့… မဟုတ်လည်း ဘာမှ လုပ်စရာ မရှိပဲကို..”

“ ဟီးဟီး…. အဲ့တာဆို ငါစမ်းကြည့်ကြည့်မယ်နော်…”

ကျီချင်းရန် ဘတ်စကက်ဘောကို လက်ထဲတွင်ကိုင်ပြီး ခြင်းထဲသို့ သွင်းရန် ရှေ့သို့ လျှောက်လှမ်းသွားလိုက်သည်။ ထို့နောက် သူမ၏ ခွန်အားကို စုစည်းပြီး လက်နှစ်ဖက်ဖြင့် ဘောလုံးကို ပစ်လိုက်တော့၏။

ဘောလုံးမှာ သူမခေါင်းပေါ်သို့ ကျော်တက်သွားခဲ့ပြီး… ထို့မျှသာ။ မကြာမီ တစ်လံအကွာ၌ ဘောလုံး ပြန်ပြုတ်ကျလာခဲ့၏။

“ ဟ..အဲ့လောက်လေးပဲလား..”

“ အာ.... ငါ အဲ့လောက်ပဲ တတ်နိုင်တယ်...” ကျီချင်းရန် ရှက်ကိုးရှက်ကန်းဖြင့် ပြန်ပြောလိုက်သည်။

“ ငါ့ကို ဆွဲစိတ်တုန်းကတော့ ဒီခွန်အား မဟုတ်ပါဘူးဟ...”

“ အဲ့တာက မတူဘူးလေ... အားစိုက်ထုတ်ရတာခြင်း ကွဲပြားတယ်...” ကျီချင်းရန် ပြောပြီးနောက် လင်းရီအနားကပ်၍  လေသံ တိုးတိုးလေးဖြင့်
“ တကယ်လို့ လူကို ဆွဲစိတ်တဲ့ ပြိုင်ပွဲသာရှိမယ်ဆိုရင် ငါသေချာပေါက ပထမဆု ရနိုင်တယ်....”

“ အေးပါ အေးပါ… ခုတော့ တခြားကိစ္စ
ပြောရအောင်…”

ကျီချင်းရန် ပြုံးပြီးနောက် လင်းရီကို တံတောင်ဖြင့်
တွတ်ကာ “ ဒီကလေးတွေကို နင် လုပ်ပြလိုက်စမ်းပါ…
သုံးမှတ် ပစ်သွင်းချက်… ကိုယ့်ကိုယ်ကို
အရှက်မရစေနဲ့နော်….”

“ ဟက်…အဲ့လောက်ကတော့ အေးဆေး…
ငါမျက်စိမှိတ်ပြီး ပစ်တောင် ဝင်တယ်…”

ဖုန်းရှစ်ယွီနှင့် ကျန်သူများအားလုံး စိတ်ထဲတွင်
ကျိန်ဆဲလိုက်ကြ၏။

ဘယ်လိုတောင် လေကြီးလိုက်တဲ့ကောင်လဲ..

အဲ့ဒါ ဘတ်စကက်ဘောခြင်းကွ.. ဘောလုံး
ဂိုးပိုက်မဟုတ်ဘူး... အေးဆေး ပစ်လို့ရတယ်များ
မှတ်နေတာလား....

ဝှစ်..

သုံးမှတ်ပစ်သွင်းချက်။

လင်းရီ အသာလေး ပစ်သွင်းပြီး သုံးမှတ်ရယူသွားခဲ့၏။

“ မဆိုးဘူး...” သူမ လင်းရီကို
လက်မထောင်ပြလိုက်သည်။

သို့သော်လည်း ဖုန်းရှစ်ယွီနှင့် ကျန်သူများမှာ
အနည်းငယ် အံ့အားသင့်သွားခဲ့၏။

ကြက်ကန်းဆန်အိုး တိုးသွားတာများလား...

"နောက်တစ်ခေါက် နောက်တစ်ခေါက်..."ကျီချင်းရန် စိတ်အားထက်သန်စွာဖြင့် အော်ဟစ်လိုက်သည်။

လူတိုင်း လင်းရှီအား အာရုံစူးစိုက်နေသည်ကိုမြင်တော့ သူမအရမ်းကို ဂုဏ်ယူမိသွားခဲ့၏။

"ဒီတိုင်း သုံးမှတ် ပစ်သွင်းချက်လေးများကိုများ... ပျင်းစရာကောင်းတယ် မထင်ဘူးလား..."

"ဘာဆိုင်လို့ ပျင်းစရာကောင်းရမှာ.. ဒီလောက် အကွာအဝေးကနေ သုံးမှတ်ပစ်သွင်းချက် ရတာတောင်မှ တော်တော်လေး အထင်ကြီးဖို့

ကောင်းနေပြီ..."ကျီချင်းရန် အားရကျေနပ်ဟန်ဖြင့် ပြောလိုက်သည်။

လင်းရီ၏ ကိုယ်နေဟန်ထားမှာ အရမ်းကို ပြီးပြည့်စုံပြီး အားကစား စွမ်းရည်မှာလည်း အံ့အားသင့်ဖို့ ကောင်းလှသည်။

သူမ အနာဂတ်တွင် လင်းရီနှင့် ကလေးရှိလာမည်ဆိုပါက အားကစား သွေးမျိုးဆက်အတွက် ပူပင်ဖို့ရာ မလိုအပ်တော့ချေ။ေ

'ဟမ်..'

ငါ ဘာလို့ ရှက်စရာကောင်းတဲ့ အတွေးတွေ စဉ်းစားလိုက်တာ...

ယခုတစ်ကြိမ်တွင်တော့ လင်းရီ ပို၍ ခပ်ဝေးဝေး လှမ်းလိုက်ပြီး "ကိုယ် မင်းအတွက် နောက် တစ်လုံး သွင်းပြမယ်..."

"အွန်း အွန်း ကြိုးစားထား..."

"အဲ့လောက် အဝေးကြီး သွားရပ်နေတာက နည်းနည်းလေး ယုံကြည်မှု လွန်ကဲရာ မကျလွန်းဘူးလား... "လျိုကျီးယွမ် ပြောလိုက်ပြီး "အဲ့ကနေ ပစ်ရင် ခြင်းတောင် မှန်မှာ မဟုတ်ဘူး..."

"ဒီကောင် သူ့ကောင်မလေး အထင်ကြီးအောင် လျှောက်လုပ်ပြနေတာပါကွာ..."ဖုန်းရှစ်ယွီမှ အမြင်ကပ်နေသည့် လေသံဖြင့် ပြောလိုက်၏။

"နင်တို့ကောင်တွေ မနာလိုဖြစ်နေကြတာမလား..."
ထုံးဖေး ပြုံးစစ မေးလိုက်သည်။

"မနာလို နေတာ မဟုတ်ဘူး.. အဲ့တာကြီးက လုံးဝ
ဖြစ်နိုင်ခြေကို မရှိတာ..."

ဖုန်းရှစ်ယွိ ပြောလိုက်ပြီးနောက်
လက်ညှိုးထိုး၍"အဲ့ကောင် ရပ်နေတဲ့ နေရာကိုလည်း
ကြည့်လိုက်ဦး.. ကွင်းလယ်တောင် ရောက်တော့မယ်..
သူ့ကိုယ်သူ ပရော်ဖက်ရှင်နယ် အားကစား သမားများ
မှတ်နေလား မသိဘူး... လူကြီးတွေရဲ့
လက်မောင်းအားတောင် အဲ့လောက် မသန်မှတော့
ဒီကောင် ပစ်လို့ကတော့ ခြင်းနားတောင်
ရောက်နိုင်ပါ့မလားပဲ..."

"အမှန်ပဲ.. အဲ့တာက လူမဆန်ဘူး..."လို့ကြီးယွမ်ပြောလိုက်သည်။

ဖုန်းရှစ်ယွီ လက်မောင်းပိုက်ကာ လျှောင်ပြောင်ထေ့ငေါ့သည့် လေသံဖြင့် "တကယ်လို့ ဘတ်စကက်ဘော ခြင်းထဲ ဝင်ခဲ့မယ်ဆိုရင် ငါ အဲ့ဘာလုံးကို စားပြလိုက်မယ်..."

ဝှစ်....

ဘောလုံးမှာ လေထဲတွင် လှပသည့် သဏ္ဍာန် ကွေးညွတ်သွားပြီး ခြင်းထဲသို့ အထစ်အငေါ့မရှိ ဝင်ရောက်သွားခဲ့၏။

"ဖက်ခ်..."

"စောက်ရမ်း တိကျတယ်..."

ဘက်စက်ဘော ကွက်းတစ်ခုလုံး အာမေဋ္ဌိတ်သံများဖြင့် ကျွတ်စီညံသွားခဲ့တော့၏။

သူက ကိုယ်နေဟန်ထား ခပ်မိမိနဲ့ နှစ်လုံး ဝင်အောင် သွင်းနိုင်တယ်ဆိုတော့ အရင်က လေ့ကျင့်ခဲ့ဖူးမှန်း သိသာတယ်..

"ညီကိုယ့်ို.. ဒါက နည်းနည်းလေး ကိုးရို့ကားယား နိုင်သလဲပဲ..."လျိုကျီးယွမ် ပြောလိုက်သည်။

"သူဌေး ပယ်တာ ခြင်းထဲဝင်ခဲ့ရင် အဲ့ကောင် ဘောလုံးကို စားပြမယ်လို့ ပြောထားတာ မဟုတ်ဘူးလား..."လီချန် ပြောလိုက်သည်။

"ဒါက..."ဖုန်းရှစ်ယွီ မျက်နှာ ပူစပ်ပူလောင် ဖြစ်နေခဲ့ပြီး "ငါက မဖြစ်နိုင်တဲ့ အကြောင်းကို စကားလုပ်ပြီး ပြောပြတာလေကွာ.. ပြီးတော့ အဲ့လို သွင်းပြနိုင်တယ်ဆိုတာကလည်း ဘာမှဟုတ်တာ မဟုတ်ဘူး.. လုံလောက်အောင် လေ့ကျင့်ထားတဲ့ သူဆိုရင် အသာလေး သွင်းပြနိုင်နယ်... အရေးကြီးဆုံးက ဘတ်စကက်ဘော ကစားတာပဲ..."

"သူဌေးရဲ့လက်က အဲ့လောက် တည့်တာကို တကယ်ပြိုင်ရင်လည်း နင်က သူ့ပြိုင်ဘက်

မဖြစ်နိုင်ဘူး… နင် ဘောစ့်ကို မနာလိုဖြစ်တိုင်စ
လိုက်လျှောက် ဝေဖန်မနေနဲ့…"
ကျောက်ယွဲ့ထုံ ပြောလိုက်သည်။

လင်းရီတွင် ချစ်သူရှိပါသော်လည်း အနှီ
မိန်းမငယ်လေးများ၏ ရင်ထဲမှ လေးစားမှုကိုတော့
အကျိုးသက်ရောက်မှု မရှိခဲ့ချေ။

"ထုံထုံ… မင်း အဲ့လိုကြီး ပြောလိုက်တာကတော့
မဟုတ်သေးပါဘူး… ငါဆိုတဲ့ ကောင်က အတော်ဆုံး
မဟုတ်ရင်တောင် ကျောင်း လက်ရွေးစင်တွေထဲက
တစ်ယောက်… သူ့လို ဟင်းချက်တဲ့ကောင်ကို
အနိုင်ယူဖို့ဆိုတာ အလွယ်လေးမဟုတ်ဘူးလား…"

"လုံးဝ မဖြစ်နိုင်ဘူး.. လာပြီး လျှောက် ပြောမနေနဲ့…"

"ထုံထုံ. ဒီလိုဆိုရင်ကော... ငါခဏနေကျရင် သူနဲ့ တစ်ယောက်ချင်း ပြိုင်မယ်... တကယ်လို့ ငါနိုင်ခဲ့ရင် မင်းငါ့ကို အခွင့်အရေးနောက်တစ်ခေါက် ထပ်ပေးရမယ်... အိုကေလား.... "

"နင် ရှုံးရင်ကော..."

"ငါ ရှုံးမှာ မဟုတ်ဘူး..."

"ဟမ့်.. အဲ့လောက် ယုံကြည်ချက်တွေ လွှန်ကဲမနေနဲ့..."ကျောက်ယွဲ့ထုံ ထော့ငေါ့လိုက်ပြီး "တကယ်လို့ နင်ရှုံးခဲ့ရင် ငါ့နောက်ကနေ တောက်တဲ့လို လိုက်မတွယ်ကပ်ရဘူး..."

"ဟား.... ရတယ်လေ.. ပြဿနာ မရှိဘူး... မင်းသာ ပြမီးမှ နောင်တမရနဲ့..."

"မပူနဲ့.. ငါသေရင်တောင် နောင်တမရဘူး..."

"ရှောင်ထုံ.. နင် ဖုန်းရှစ်ယွီကို တကယ်ကြီး ကြိုက်နေတာလား..."လီချန် တီးတိုးမေးလိုက်၏။

"အရင်ါကတော့ သူ့အပေါ် အမြင်ကောင်းလေစတွေ ရှိခဲ့ဖူးတယ်.. ဒါပေမယ့် မနေ့က အဖြစ်အပျက်ပြီးတော့ သူက နည်းနည်းလေး စရိုက်ဆန်သလိုပဲ.. အခြေခံ ယဉ်ကျေးမှုဆိုတာတောင် နားမလည်ဘူး... သူ့လိုမျိုး ယောကျ်ားလေးတွေက ဘာမှ အားကိုးလို့ ရမှာ မဟုတ်ဘူး..."

"နင် မကြိုက်ဘူးဆိုရင်လည်း ဘာလို့ သူ့ကို အခွင့်အရေးပေးလိုက်တာ..."

"ငါဘယ်တုန်းက အခွင့်အရေးပေးလို့..."

"သူဌေးနဲ့ သူနဲ့ တစ်ယောက်ချင်း ယှဉ်လို့ သူနိုင်မယ်ဆိုရင် နင်သူ့ကို အခွင့်အရေး ထပ်ပေးမယ်လို့ ပြောခဲ့တာ မဟုတ်ဘူးလား... အဲ့တာက သွယ်ဝိုက်ပြီး သဘောတူလိုက်တာနဲ့ အတူတူပဲလေ..."

"ဒါပေမယ့် သူဌေးရဲ့လက်ကလည်း အရမ်းတည့်တယ်ဆိုတော့ သူ့ရဲ့စကေးတွေကလည်း ကောင်းမှာပါဟ.. ဖုန်းရှစ်ယွီကို မရှုံးနိုင်လောက်ပါဘူး..."

"နင်ကတော့လေ...အရမ်းကို တုံးအတယ်... ငါ့လို အူကြောင်ကြားမလေးကတောင် အလွတ်တန်း ပစ်သွင်းတာနဲ့ တကယ့် ကစားပွဲက မတူဘူးဆိုတာ နားလည်တယ်... နင်ဘာလို့ အဲ့တာလေးတောင် မသိရတာ... "

"အဲ့နှစ်ခုကြား ကွာဟချက်က အဲ့လောက်ကြီးတယ်လား..."

"ဒါပေါ့ဟဲ့..."လီချန် ပြောလိုက်ပြီး "သူဌေးက ဘတ်စကက်ဘော ကစားတတ်ရင် ကစားတတ်လိမ့်မယ်... ဒါပေမယ့် ဖုန်းရှစ်ယွီဆိုတာက ကျောင်းရဲ့လက်ရွေးစင် ကစားသမား.. အပျော်တမ်း

ကစားတဲ့သူနဲ့ ယှဉ်မယ်ဆိုတော့  ဘယ်သူနိုင်မယ်ဆိုတာ မေးနေစရာတောင် လိုနေသေးလို့လား..."

လီချန်၏ စကားများကို နားထောင်ပြီးနောက် ကျောက်ယွဲ့ထုံ ယခု ပြဿနာ၏ လေးနက်မှုကို ဟတိပြုမိသွားကာ ထုံးဖေးကို ဘေးတစ်နေရာသို့ ခေါ်သွားလိုက်ပြီး "ဖေးဖေး... သူဌေးနဲ့ ဖုန်းရှစ်ယွီ ပြိုင်ကစားမယ်ဆိုရင် ဘယ်သူ နိုင်လောက်မယ်လို့ ထင်လဲ..."

"မေးနေစရာ လိုသေးလို့လားလို့.. သေချာပေါက် ဖုန်းရှစ်ယွီပဲလေ..."

ထုံးဖေး အကြီးကြီး ပြုံးလိုက်ပြီး ကျောက်ယွဲ့ထုံကို တံတောင်ဖြင့် တွတ်လိုက်ကာ "သူဌေးရဲ့ချစ်သူကို

မြင်ပြီးတော့ နင် ဖုန်းရှစ်ယွီကို ငြင်းလိုက်တာကို နောင်တရနေတာမလား.. နောင်တရတယ်ဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်လေ.. ဘာမှ ကြီးကျယ်နေတာလည်း မဟုတ်ပဲနဲ့.. ဒီလိုမျိုး လှည့်ကွက်သုံးပြီး အဖြေပေးနေစရာ မလိုပါဘူး... "

"ဟာ.. မဟုတ်တာတွေ .. နင်တို့ အထင်လွဲနေပြီ..."ကျောက်ယွဲ့ထုံ ပြောလိုက်၏။

ထိုအခါမှသာ သူမ စောနက တော်တော်လေး တုံးအမိခဲ့ကြောင်း သဘောပေါက်သွားလေသည်။

"ဖုန်းရှစ်ယွီ... ငါနောင်တရသွားပြီ.. ငါ ခုနတုန်းက ပြောတာကို ထည့်မတွက်တော့ဘူး...."

"ထည့်မတွက်တော့ဘူး...."

"မင်းပြောတဲ့ သေရင်တောင် နောင်တမရဘူးဆို... မင်းငြင်းတယ်ဆိုမှတော့ အဲ့ကောင် ရှုံးမယ်ဆိုတာ သေချာနေတဲ့ သဘောပဲမလား.. အဲ့တော့ ငါက နိုင်ရင်လည်း ဘာသွားလုပ်ရမှာ... သူများတွေက ငါ အနိုင်ကျင့်နေတယ်လို့ ပြောကုန်ကြမှာပေါ့ဟ..."

ကျောက်ယွဲ့ထုံ တိတ်ဆိတ်သွားခဲ့၏။ သူမ ကိုယ့်ကိုယ်ကို ရောင်းချမိလိုက်သလို ခံစားလိုက်ရလေသည်။

"ရှောင်ထုံ... နင် ဖြစ်လာမယ့် ရလဒ်ကိုပဲ လက်ခံလိုက်ပါအေ..."လီချန် ဖြောင်းဖြလိုက်ပြီး "ဖူးစာရေး နတ်မင်းကြီးက  နင်တို့နှစ်ယောက်ကို

အတူရှိစေချင်တာလည်း ဖြစ်နိုင်တာပဲလေ.. နင်
ခုခံမနေနဲ့တော့ .. ဒီတိုင်း လက်ခံပြီး ပျော်မွေ့လိုက်..."

"ဒါပေမဲ့ ငါမှ သူ့ကို မကြိုက်တာ..."ကျောက်ဘွဲ့ထုံ
မပျော်ရွှင်စွာ ပြောလိုက်ပြီး "ဟူး... အဲ့လိုမှန်းသိရင် သူနဲ့
လောင်းကြေး မထပ်ပါဘူး..."

"ခုမှတော့ နင် နောင်တရချင်ရင်တောင်
နောက်ကျသွားပြီ..."လီချန် မတတ်နိုင်ဟန်ဖြင့်
ပခုံးတွန့်လိုက်ပြီး "သူ့ဒွေး အနိုင်သြော်ပါစေလို့ပဲ
ကြိတ်ဆုတောင်းကြတာပေါ့..."

"ဒါဆို နင်ကော သူ့ဒွေး နိုင်ဖို့ အခွင့်အလမ်းရှိတယ်လို့
ထင်လား..."

"နင်ခု အိပ်လိုက်လေ.. အဲ့တာဆို သူဌေးက
အိပ်မက်ထဲမှာ အနိုင်ရသွားလောက်ပြီ..."

"အာ..... သွားပါပြီ..."ကျောက်ယွဲ့ထို
စိတ်ပျက်အားလျော့သွားခဲ့တော့၏။

လင်းရှီနှင့် ကျီချင်းရန်တို့ကတော့ သူမတို့နှစ်ယောက်၏
စကားဝိုင်းကို မကြားပဲ ဆက်လက်
တစ်တီတူးနေကြ၏။

“ ရှီ.. နင်က အရမ်းတော်တာပဲ… နင်ဘတ်စကက်ဘော
ကစားတာ အဲ့လောက်တော်မှန်း ငါမသိဘူးကော…”

“ ပင်းချန်တက္ကသိုလ်မှာ ဘတ်စကက်ဘော
နည်းပြလုပ်ခဲ့တာကို မင်းက မေ့သွားတာလား…”

“ အဲ့တုန်းက နင်လျှောက်ပြောနေတယ်ပဲ ထင်တာ… ဒီလောက် တော်မယ်လို့တောင် ထင်မထားဘူး ဟီးဟီး…”

ကျီချင်းရန်၏ အမူအရာမှာ သူခိုးလူမိသကဲ့သို့ ဖြစ်သွားခဲ့၏။

“ နင့်ဘေးပတ်ပတ်လည်က လူတွေကို ကြည့်ကြည့်လိုက်… နင့်ကို မနာလိုတဲ့ ပုံစံနဲ့ ကြည့်နေကြတာ… တစ်ချက်ကြည့်လိုက်တာနဲ့ သူတို့က နင့်လောက်မတော်ဘူးဆိုတာ ပြောနိုင်တယ်…”

“ ငါ့ကို မြှောက်ပင့်မနေနဲ့...
သည့်ထက်ဆက်မြှောက်နေရင် ငါ
နတ်ပြည်တက်သွားတော့မှာ...”

“ ခစ်ခစ်... နင်က အရမ်းတော်နေတာကိုး...”

ကျီချင်းရန် လင်းရီကို တံတောင်ဖြင့် တွတ်လိုက်ပြီး
“ သွားပြီးတော့ ပိုမိုက်တဲ့ဟာလေး လုပ်ပြလိုက်...
သူတို့နင့်ကို အကြာကြီး မနာလို ဖြစ်နေပါစေ...”

“ ဒီခု ငါ ဘောလုံးပစ်လိုက်တာကရင်
အရမ်းခက်နေပြီ...”

“ အဲ့ထက် ပိုခက်တာ မရှိတော့ဘူးလား…”

ကျီချင်းရန်မေးလိုက်ပြီး “ ငါက သူတို့ အားကျနေတဲ့ မျက်ဝန်းတွေကို မြင်ချင်နေတာ…”

“ ဒါဆို ကွင်းတစ်ခုလုံးကို ရှော့ခ်ရသွားစေမယ့် ပြကွက်ကို လုပ်ပြမယ်.. မင်း အပြင်မှာ ဘယ်တုန်းကမှ မမြင်ရစေဘူးလို့ အာမခံတယ်…”

“ အွန်း ကောင်းတယ် ကောင်းတယ်…”

“ ဒီမှာ စောင့်နေ…”

“ ညီကို…”

လင်းရဲ့ သုံးမှတ်ပစ်သွင်းလိုင်းမှ

လမ်းလျှောက်လာသည်ကို မြင်တော့ ဖုန်းရှစ်ယို့

တားလိုက်၏။

“ ဘာကိစ္စလဲ…”

“ ဒီတိုင်း ဘောလုံး အလွတ်သွင်းတာက

ပျင်းဖို့ကောင်းတယ်… ခုနစ်လုံး ပစ်သွင်းနည်းစနစ်နဲ့

ကစားကြမလား..

“ ငါက ဒီတိုင်း ခြင်းထဲ လေးငါးလုံးလောက်ထည့်ပြီး

ပြန်တော့မှာ.. အဲ့လိုဆော့ရင် သေချာပေါက်

ချွေးထွက်မှာပဲ…”

“ မင်းရဲ့အားကစား သက်လုံက အဲ့လောက်
မဆိုးလောက်ဘူးမလား… ခုနစ်လုံးထဲလေ…
လေးငါးမိနစ်လောက်ဆို ပွဲပြီးပြီ…”

“ ကောင်းပြီလေ… ငါလည်း မကစားတာကြာပြီဆိုတော့
မင်းနဲ့ နောက်မှ ကစားပေးမယ်… “ လင်းရှိ
ထူးမခြားနားစွာဖြင့် ပြောလိုက်၏။

“ နောက်မှလား…”

“ ခု ငါ့ကောင်မလေးက အကွက်လှလှလေး
ကြည့်ချင်နေတာဆိုတော့ အဲ့တာပြီးမှပဲ
ကစားကြတာပေါ့…”

“ ကောင်းပြီလေ… မင်းဆက်လုပ်လို့ရတယ်..”
ဖုန်းရှစ်ယွီလည်း အလျှင်မလိုပေ။

“ အစ်ကိုယွီ.. ဒီအခွင့်အရေးကို အသုံးချပြီးတော့ သွေးပူအောင် လုပ်လိုက်ပါလား…” လျိုကျီးယွမ် မေးလိုက်သည်။

“ ဒီလိုကောင်ကို နှပ်ချဖို့ သွေးပူစရာ လိုလို့လားကွ…. ခုနစ်လုံး သွင်းပြီးရင်တောင် သေချာပေါက် ချွေးတစ်စက် ကျမှာ မဟုတ်ဘူး…”

“ အဲ့တာလည်း ဟုတ်တော့ဟုတ်တယ်… အစ်ကိုယွီနဲ့ သူနဲ့ကြား ကွာဟချက်က အကြီးကြီးလေ…”

ကျောက်ယွဲ့ထုံ လျှို့ဝှက်စွာ သက်ပြင်းချလိုက်၏။
သူမ၏ ဆုံးဖြတ်ချက်ကို သေလောက်အောင်
နောင်တရနေလေသည်။

တစ်ချိန်တည်းတွင် လူတိုင်း၏ အကြည့်မှာ
လင်းရှီအပေါ်သို့ စုပြုံကျနေကြသည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ လင်းရှီ
ဘာလုပ်တော့မလဲဆိုတာကို နားမလည်ကြချေ။

“ သူဘာလုပ်ချင်နေတာ… ဒီတိုင်း ဘလိုင်းကြီး
ပစ်ပြမလို့လား….”
လျိုကျီးယွမ် မေးမြန်းလိုက်၏။

“ နေမှာပေါ့… အဲ့ဒါက နည်းစနစ်

နည်းနည်းလိုတယ်ဆိုရင်တောင်မှ ကံကောင်းဖို့က

အရေးကြီးဆုံးပဲ… တကယ်လို့ ဝင်သွားမယ်ဆိုရင်တော့

မင်းရဲ့ ကောင်မလေးရှေ့မှာ ဝင့်ကြွားလို့ရမယ်…

မဝင်ဘူးဆိုရင်တောင်မှ သေချာမလုပ်လို့ဆိုပြီး

ပြောလို့ရတယ်… ကုန်ကုန်ပြောရရင်

သူ့ရည်မှန်းချက်က တစ်ခုတည်းပဲ… အဲ့တာ

သူ့ကောင်မလေး အထင်ကြီး လေးစားတာကို

ခံချင်နေတာ…”

သို့သော်လည်း ထိုအခိုက်အတန့်တွင် လင်းရီ

ရွှေ့လျားလာခဲ့ပြီး ဘောလုံးလေးငါးချက်ပုတ်၍

ဘတ်စကက်ဘောခြင်းဆီသို့ တစ်ဟုန်ထိုး

ပြေးထွက်လာခဲ့သည်။

“ ဖက်က်.. ဒါက ဘာကြီးတုန်းကွ…. ဘလိုင်းကြီး ပစ်တာလည်း မဟုတ်ဘူး…” လို့ကြီးယွမ် အံ့အားသင့်သွားခဲ့လေသည်။

သုံးလှမ်း လျှောက်၍ ခုန်သွင်းခြင်းမှာ သုံးမှတ်ပစ်စည်းမှ သွင်းသည်လောက် အဆင့်မမြင့်ပေ။

ဒါက ဘာအကွက်လားဟ… ပုံမှန်ဆို နှစ်လှမ်းအထိပဲ ခွင့်ပြုထားတာလေ…အဲ့ဒါ စည်းကမ်းဖောက်တယ် ခေါ်တယ်ကွ..

တကယ်လို့
မင်းကောင်မလေးက  ဘတ်စကက်ဘောအကြောင်း

မသိဘူးဆိုတာနဲ့ ဒီကွင်းထဲက ကောင်တွေ

မသိဘူးလို့ မဆိုလိုဘူး…

တော်တော်လေး အံ့သြလောက်ပါပေတယ်…

ဒီကောင်က ဘယ်လို မိမိုက်သလို လုပ်ရမလဲတောင်

မသိဘူးပဲ…

“ နေဦး… ငိုးမ..သေစမ်း… ဒီကောင် ဖရီးသွင်းတဲ့

စည်းလိုင်းကနေ ခုန်လိုက်တယ်လား… ခုန်ပြီး

လက်တစ်ဖက်နဲ့ တွဲလောင်းခိုတော့မလို့လားဟ..”

**အခန်း (၆၀၄)**

**နင်က လေဖြတ်ဖို့ ကံပါလာပြီးသား**

လူတိုင်း၏ အကြည့်အောက်တွင် လင်းရီ ဘောလုံးကိုကိုင်၍ ဖရီးပစ်သွင်းသည့် လိုင်းမှ ခုန်လိုက်လေသည်။

ခန္ဓာကိုယ်ကို စစ်ပုဆိန် ပုံစံကဲ့သို့ အဆုံးစွန်ဆုံး ဆွဲဆန့်လိုက်ပြီး မရေမတွက်နိုင်သည့် လူများ၏ မျက်လုံးအပေါ်မှ ဖြတ်ကျော်၍ ပျံသန်းသွားခဲ့သည်။

ဝှစ်..... ဘန်း

လင်းရီ ဘတ်စကတ်ဘောကို ခြင်းထဲသို့ ပစ်ထဲ၍ လက်တစ်ဖက်ဖြင့် တွဲလျောင်းထားပြီး ကျီချင်းရန်ဘက်သို့ V ပုံစံ ပို့ပေးလိုက်သည်။

ထိုအခိုက်အတန့်တွင်တော့ အချိန်မှာ တဒင်္ဂရပ်တန့်သွားသည့်နှယ်ပင်။

ကြမ်းပြင်ပေါ်တွင် ခုံပေါက်နေသည့် ဘောလုံးကသာလျှင် ဘာဖြစ်သွားလဲဆိုတာကို သက်သေပြနေခဲ့တော့၏။

“ ဝှက်သယ်ဖက်ခ်… သူ တွမ်ဟော့ခ်လိုမျိုး စစ်ပုဆိန်ပုံစံ ခုန်သွင်းပြသွားတာလား.. အဲ့တာ လူလုပ်နိုင်တဲ့ အကွက်မျိုးမှ ဟုတ်လို့လားဟ…"

ကျီချင်းရန်၏ လှပသော မျက်လုံးလေးများမှာလည်း ပြူးကျယ်နေပြီး ရှော့ခ်ရနေခဲ့လေသည်။

လင်းရီ ခုလေးတင် အဲ့လောက် အမြင့်ကြီး

ခုန်သွားတယ်လား…

အားကစား မျိုးဆက်သွေးကိစ္စကတော့ ပူစရာ

မလိုတော့ဘူး ထင်တယ်…

‘ အာ… ငါဘာလို့ အဲ့ဒီ အရှက်ကင်းမဲ့တဲ့ အတွေးကို

ထပ်တွေးနေပြန်တာ….”

“ ဖက်ခ်…. ငိုးမ… သောက်ရမ်းလန်းတယ်…”

တဒင်္ဂမျှ တိတ်ဆိတ်သွားပြီးနောက်

ဘတ်စကတ်ဘောကွင်းတစ်ခုလုံး အာမေဋိတ်

သံများဖြင့် ပြည့်နှက်သွားခဲ့တော့၏။

လူတိုင်းလင်းရီကို လေးစားအားကျသည့်
မျက်ဝန်းတို့ဖြင့် ကြည့်လိုက်ကြသည်။

ယင်းက သူမကို လင်းရီကိုယ်စား
ဂုဏ်ယူသွားစေခဲ့လေသည်။

ဒီခံစားချက်က အရမ်းကောင်းတာပဲ...

“ ဘယ်လိုလဲ...”

“ အရမ်းလှတယ်...”

ကျီချင်းရန် စိတ်လှုပ်ရှားစွာဖြင့် ခုန်ပေါက်
ပြောလိုက်၏။ လူအများအပြား ရှိနေသည့်

အချက်ကြောင့်သာမဟုတ်ပါက သူမ ပြေးဝင်၍ အနမ်းတစ်ပွင့် ဆုချလိုက်ပြီး ဖြစ်လေသည်။

ကျောက်ယွဲ့ထုံနှင့် ကျန်သည့် မိန်းကလေးများလည်း မျက်လုံးအရောင် တဖျတ်ဖျတ် ဖြစ်နေကြ၏။

သူဌေးက ကွန်ပျူတာ နတ်ဘုရားတင်မကသေးဘူး... ဘတ်စကက်ဘော ကစားတာလည်း တော်တာပဲလား...

လောကကြီးမှာ ဒီလောက်ပြည့်စုံတဲ့လူ ရှိသေးတာလား...

လင်းရီ ဖုန်းရှစ်ယွီကို လှည့်ကြည့်လိုက်ပြီး “ မင်း ခုနစ်လုံးပစ်သွင်းကြေး ဆော့မယ်လို့ ပြောတယ်မလား... ခု စကြစို့...”

“ အာ……”

ဖုန်းရှစ်ယွီ ပြောစရာကင်းမဲ့စွာဖြင့် ကြက်သေသေသွားတော့၏။ ကျန်သူများကတော့ ပွဲကြီးပွဲကောင်း ကြည့်ရတော့မည့်ဟန်ဖြင့် မျှော်လင့်စောင့်စားနေကြလေသည်။

လင်းရီ ပစ်သွင်းသွားသည့် ပုံစံကို ကြည့်ပါက စကေးတစ်ချို့ရှိမည်မှာ သေချာသလောက်ဖြစ်ပြီး လုံးဝ အထင်သေး၍ မရပေ။

စစ်ပုဆိန်ပုံစံ ပစ်သွင်းသည်မှာ ရိုးရှင်းဟန် တူသော်လည်း အင်မတန်မြင့်မားသည့် စကေးကျွမ်းကျင်မှုနှင့် တိကျမှုတို့ လိုအပ်သည်။

သို့သော်လည်း လင်းရီမှာ အမြင့်ကြီးခုန်ရုံသာမက ပိုစ့်ပင်ပေးသွားခဲ့၏။ သူ၏ ခွန်အားမှာ ဖုန်းရှစ်ယွီ အထက်တွင် ရှိကြောင်း မြင်သာလေသည်။

ပြိုင်ပွဲမှာ မစတင်ရသော်လည်း ရလဒ်မှာ ထွက်ပေါ်လာပြီးဖြစ်၏။

“ ဟျောင့် ဘာတွေငိုင်နေတာ… မင်းဆော့မှာလား မဆော့ဘူးလား…”

“ အဟမ်း… အဲ့တာက ငါ ခုလေးတင် နေလို့မကောင်းလာသလိုပဲ… ဒီနေ့တော့ မကစားတော့ဘူး… နောက်နေ့ကျမှပေါ့…”

“ ကောင်းပြီလေ… အဲ့တော့လည်း မဆော့ရုံပေါ့…”

လင်းရီလည်း အားယားမနေချေ။ ဘောလုံးကို
နောက်ပြန်ပစ်လိုက်ပြီး ကျီချင်းရန်၏ ပခုံးကို ဖက်၍
“ ပြန်ကြစို့.. အတော်လေးတောင် နောက်ကျနေပြီ…”

“ အွန်း အွန်း…”

လင်းရီနှင့် ကျီချင်းရန် ထွက်ခွာသွားသည်ကို မြင်တော့
ဖုန်းရှစ်ယွီ ကျောက်ယွဲ့ထုံထံ လျှောက်လာခဲ့ပြီး
“ ထုံထုံ .. မင်းခုနလေးတင် နောင်တရပြီလို့
ပြောခဲ့တာမလား… ငါလည်း ဒီလိုမျိုး ပြိုင်တာက
အဓိပ္ပာယ်မရှိဘူးလို့ ထင်တယ်… ဒါကြောင့်မို့
မင်းပြောတဲ့အတိုင်းပဲ လုပ်လိုက်တာ…”

“ ပြိုင်တောင် မပြိုင်ရဲတဲ့ကောင်ကများ အရှက်ပြေ
ငါ့ကြောင့်ဆိုပြီး အပြစ်လာပုံချနေတယ်ပေါ့… ငါခု
နင့်ကို ရှင်းအောင် ပြောထားလိုက်မယ်…
ငါတို့နှစ်ယောက်က ဘယ်လိုမှ မအပ်စပ်သလို
ပေါင်းဖက်လို့လည်း မဖြစ်နိုင်ဘူး… နင့်မှာ
အခွင့်အရေးလည်း မရှိတော့ဘူး… ငါ့ကို နောက်ကျရင်
ဝီချက်ကနေ စာလာလာ မပို့နဲ့တော့…
မဟုတ်လို့ကတော့ ဘလော့ပစ်လိုက်မယ်..”

လင်းရီကတော့ ဖုန်းရှစ်ယွီ ရင်ထဲရှိ မျှောင့်လင့်ချက်
မှုိင်းပျပျလေးကို ငြိမ်းသက်သွားစေခဲ့ကြောင်း
မသိခဲ့ပေ။

‘ စိတ်မကောင်းပါဘူးကွာ…’

နှစ်ယောက်သား စားသောက်ဆိုင်သို့ ဖြည်းညင်းစွာ လမ်းလျှောက်လာခဲ့ကြပြီး ကျိုက္ကျုံးဗီလာသို့ မောင်းထွက်လာခဲ့ကြ၏။

အိမ်သို့ ပြန်ရောက်ပြီးနောက် လင်းရီ ဆိုဖာပေါ်တွင် ထိုင်နေစဉ် ကျီချင်းရန် အသီးတို့ လှီးဖြတ်၍ ယူလာခဲ့လေသည်။

သူမ လင်းရီ၏ ပေါင်ပေါ်တွင် တက်ထိုင်လိုက်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် ညစ်လျက် “ နင်က အရမ်း အံ့သြဖို့ကောင်းတာပဲ... ကျန်တဲ့သူတွေ နင့်ကို အရမ်း အားကျနေကြတာ သိလား...”

လင်းရီကတော့ ငိုရအခက် ရယ်ရအခက် ဖြစ်နေပြီး
“ သုံးမှတ်ပစ်သွင်းတာနဲ့ ဒီတိုင်း အမြင့်ခုန်ပြီး
ခြင်းထဲသွင်းတာလေးပါကွာ…
အဲ့ဘာမဟုတ်တာလေးကို ခုထိ
ပျော်နေသေးတုန်းလား…”

“ နင်မှ သူတို့ရဲ့အားကျမနာလိုတဲ့ မျက်ဝန်းတွေကို
မမြင်လိုက်လို့လေ…”

“ အေးပါ အေးပါ… ချင်းရန်လေး
ပျော်ရင်ပြီးတာပါပဲ…”

ကျီချင်းရန် ပြုံးလိုက်ပြီး လင်းရီ၏ မျက်နှာကို ကိုင်ကာ
လေးနက်သည့် လေသံဖြင့် “ ငါတို့ ကျောင်းဝန်းထဲ
လမ်းလျှောက်တုန်းက နင်ပြောတာ ငါက နင့်ရဲ့ဘဝကို

ပြီးပြည့်စုံစေတယ်လို့ ပြောတယ်နော်... အဲ့တာ တကယ်ကြီးလား..."

" ဒါပေါ့ကွ... ငါက ဘာလို့ ညာရမှာ..."

" ငါ တစ်လမ်းလုံး စဉ်းစားလာခဲ့တာ.. ငါလည်းနင့်လိုပဲ..."

" ဒါကြောင့်မို့ ဘာမှ စိတ်မပူနဲ့သိလား... ငါတို့အသက်တွေကြီးလို့ နင့်ခြေထောက်တွေ ကောင်းကောင်း အလုပ်မလုပ်နိုင်တော့ရင်တောင်... ဒါမှမဟုတ် နင့်ရဲ့ အောက်ပိုင်းတစ်ခြမ်း လေဖြတ်သွားတာပဲဖြစ်ဖြစ် နင့်ကို ဝှီးချဲပေါ်တင်ပြီး ပြုစုပေးမယ်နော်... နင့်ကို ဘေးမှာ ထားပြီး

တခြားယောက်ျားတစ်ယောက်နဲ့ တွဲကတာကို
ထိုင်မကြည့်စေရဘူး...”

“ နေ နေစမ်းပါဦး...” လင်းရီ ပြောလိုက်ပြီး
“ အသက်ကြီးလည်း ငါက ကျန်းကျန်းမာမာနဲ့ ရှိနေလို့
မရဘူးလား... ဘာကိစ္စ အောက်ပိုင်းလေဖြတ်ရမှာ...
ဝိုးချဲပေါ် ထိုင်နေရတဲ့သူက မင်းဖြစ်နေတာကော
မဖြစ်နိုင်ဘူးလား...”

“ အိုင်းယား... ငါက နင့်ကို အနာဂတ်ကျရင်
ကောင်းကောင်းဆက်ဆံပေးပါမယ်ဆိုပြီး
နှိုင်းယှဉ်ပြတာလေ...”

“ တကယ်လို့ နင်စက်ပစ္စည်းတွေနဲ့
အသက်ဆက်ရှင်ရမယ်ဆိုရင်တောင်မှ

ဒေါက်တာတွေကို အကုန်လုံး ပြီးပြည့်စုံအောင် လုပ်ပေးဖို့ ပြောထားပေးမယ်…”

“ တကယ်လို့ တစ်နေ့ အဲ့လို ပစ္စည်းတွေရှိမှ အသက်ဆက်ရှင်ရမယ်ဆိုရင် ဒေါက်တာကို အဲ့ဒီကြိုးတွေ ဖြုတ်ဖို့ ပြောလိုက်… အဲ့လိုမျိုး သနားစရာကောင်းတဲ့ ပုံစံနဲ့တော့ အသက်မရှင်ချင်ဘူး..”

“ သေချာလား…”

“ သေချာတာပေါ့ဟ…”

ကျီချင်းရန် လင်းရီ ပေါင်ပေါ်မှ ထသွားပြီး ရုပ်ရှင်ကြည့်သည့် အခန်းထဲသို့ ဝင်သွားခဲ့၏။

“ မဟုတ်ဘူးလေ.. ချင်းရန် Router ကြိုးလေးတော့ မဖြုတ်ပါနဲ့ဟ....”

..............

သူမ စိတ်ကောင်းဝင်နေသောကြောင့်လားတော့ မသိ။ နောက်တစ်နေ့ နံနက်တွင် ကျီချင်းရန် လင်းရီကို ဆုချသည့် အနေဖြင့် ဟင်းပွဲများစွာကို ချက်ပြုတ်ပေးလေသည်။

နံနက်စာ စားပြီးနောက်  ကျီချင်းရန် အပြာရောင် ရှပ်အင်္ကျီ ၊ အဖြူရောင် ဝတ်စုံနှင့် ဒေါက်မြင့် ညှပ်ဖိနပ်တစ်ရံကို စီးနင်းရင်း လင်းရီနှင့်အတူ ထွက်လာခဲ့၏။

“ နင်က Koenigsegg  မောင်းမလို့လား…”

“ ငါဒီနေ့ ဆွေးနွေးစရာ ကိစ္စရှိလို့လေ… တကယ်လို့ ဆိုင်ကို အရင်သွားမယ်ဆိုရင်တော့ မယူသွားပါဘူး..”

“ ဖုန်းစစ်စတမ်အကြောင်း ဆွေးနွေးမလို့လား…”

လင်းရီ ခေါင်းညိမ့်လိုက်၏။ “ ဟုတ်တယ်…”

“ ဟုတ်ပြီလေ.. ငါတို့လည်း ရောင်းအားတက်လာပြီဆိုတော့ ဒီတစ်ခါတော့ လိုက်လျောလိုက်မယ်…” ကျီချင်းရန် ခေါင်းညိမ့်လိုက်သည်။

နှုတ်ဆက်ပြီးနောက် နှစ်ယောက်မှာ
ကားကိုယ်စီမောင်း၍ ထွက်ခွာသွားကြလေသည်။

ကျီချင်းရန်ကတော့ ချောင်ရန် အုပ်စုထံ
ဦးတည်လိုက်ပြီး လင်းရီကတော့ လျန်ရှုရွှယ်ထံသို့
ဦးတည်လိုက်၏။

“ မင်း အခု ရုံးမှာလား…”

လမ်းတွင် လင်းရီ လျန်ရှုရွှယ်ထံ ဖုန်းခေါ်လိုက်၏။

“ အိမ်မှာ…. အလုပ်မသွားသေးဘူး… ဘာကိစ္စလဲ…”

“ ဘယ်အချိန်ရှိနေပြီတုန်း… ခုထိ အိမ်ကနေ မထွက်နိုင်သေးဘူးဆိုတော့ ဒီလ အချိန်မှန်ကြေး မလိုချင်တော့ဘူးနဲ့တူတယ်…”

“ ဘယ်သူက ငါ့လစာ ဖြတ်ရဲမှာ…”
လျှန်ရှူရှယ်ပြုံးလိုက်ပြီး “ ဒါနဲ့လေ တမြန်မနေ့တုန်းက အန်ကယ်ချိန် ငါ့ဆီဖုန်းဆက်လာပြီးတော့ နင့်ကို ထမင်းဖိတ်ကျွေးချင်လို့ဆိုပြီးပြောနေတာ… ဒါပေမယ့် နင်က အဲ့လိုမျိုးတွေ မကြိုက်ဘူးဆိုတာ သိလို့ နင့်အစား ကူငြင်းပေးလိုက်တယ်…”

“ သူက ဘာလို့ ထမင်းဖိတ်ကျွေးချင်နေတာ…”

“ နင်က ကမ္ဘာကြီးကိုတောင် လှုပ်ခတ်စေနိုင်လောက်တဲ့ လုပ်ရပ်တွေနဲ့ ဟွာရှုပြည်သူတွေကို အများကြီး

အကျိုးပြုထားတာလေ… သူ့ဘက်က ကျေးဇူးတင်မှုကို ဖော်ပြသင့်တာပေါ့… နင့်ကို ဟွာရှ ဆေးဝါးသမ္မဂရဲ့ ဒုဥက္ကဋ္ဌရာထူးပေးဖို့တောင် စီစဉ်နေတာ…”

“ အချိန်ရရင် အိမ်လေး ဘာလေးလည်း လာလည်ဦး…”

“ ခုအားတယ်.. ခုလာပြီ… အိမ်မှာစောင့်နေ..”

“ အဲ့ဒါဆို ဒိန်ချဉ်တစ်ဘူးလောက် ဝယ်ခဲ့ပေးဦး… ငါသောက်ချင်လို့…”

“ မင်းအလုပ်တွေချည်းပဲ…”

“ နင့်ဆိုင်ကို ဆက်ဖွင့်ချင်သေးတယ်မလား… အဲ့ဒါဆို ခိုင်းတဲ့အတိုင်းလုပ်လိုက်… မဟုတ်ရင် ချိတ်ပိတ်ပစ်လိုက်မယ်…”

“ မင်းတော်တော်များသွားပြီ..”

လင်းရီ ဒိန်ချဉ်နှစ်ကတ် ဝယ်ပြီးနောက် လျှန်ရှူရှယ်အိမ်သို့ ရောက်လာခဲ့လေသည်။

လျှန်ရှူရှယ်မှာ အိပ်စုံမှုန်မွှားဖြင့် ဖြစ်နေပြီး သူမ၏ ညအိပ်ဝတ်စုံကိုပင် မလဲရသေးချေ။ သူမ၏ ဆံပင်မှာဖွာတာနေပြီး ဖြူဖွေးသော ခြေတံများကိုလည်း လှစ်ဟာပြထား၏။ သူမ၏ အရှေ့ဘက်ခြမ်းကတော့ လုံးဝန်းနေကာ မြင်သူတိုင်းကို လှဲသိပ်စေချင်စိတ်များ ဖြစ်ပေါ်နေစေတော့၏။

“ ဆိုပါဦး… နှင့်ဘက်က ထူးထူးဆန်းဆန်း
ဖုန်းအရင်ခေါ်လာတယ်ဆိုတော့
တစ်ခုခုဖြစ်နေလို့လား…”

“ မင်းပြောမှပဲ ငါက ဘဝင်ကိုင်တဲ့ကောင်ကြီး
ကျနေတာပဲ… ကိစ္စမရှိရင်
မင်းဆီလာလို့မရတော့ဘူးလား…”

“ သေချာလို့လား…”

“ဒါက ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စတော့ မဟုတ်ပါဘူး…
ဒါပေမယ့် မင်းနဲ့ ပတ်သက်နေတာ….”

“ ငါနဲ့လား…. ဘာကိစ်စလဲ…”

“ ငါမင်းကို နိုင်ငံရေး အောင်မြင်မှုတစ်ချို့ ကမ်းလှမ်းချင်လို့ … စိတ်ဝင်စားလား…”

“ အမ်… ဒီတစ်ခေါက်လည်း ဘာတွေ မွေ့ပြန်ဦးမှာ…”

“ မမွေ့ပါဘူးကွာ…လောလောဆယ် ငါ ဖုန်း စစ်စတမ်တစ်ခုကို လုပ်နေတာ… ပြီးတော့ ထုံးစံအတိုင်း အတိုင်ပင်ခံရာထူးက မင်းဥစ္စာပဲ…”

“ နင်ငါ့ကို အရှုံးလာလုပ်နေတာလား….” လျှန်ရှူရှယ် ပြောလိုက်ပြီး “ ဖုန်းစစ်စတမ်က ဘာမှ အံ့ဩဖို့ကောင်းတာလည်း မဟုတ်ပဲနဲ့…. တကယ်လို့ ငါ့ရဲ့အကူအညီလိုတယ်ဆိုရင်လည်း တိုက်ရိုက်ပြောလိုက်လေ… အားရင် ငါ့ကို အရှုံးလုပ်ဖို့လောက်ပဲ စဉ်းစားနေ…”

လင်းရီ ရယ်မောရယ်မောလိုက်ပြီး “ ဒါဆိုလည်း မင်းကို မဖုံးကွယ်ထားတော့ဘူး… ငါ့ကို ဥပဒေမူဝါဒ တစ်ချို့ ကင်းလွတ်ခွင့် ပေးနိုင်မလားလို့ပါ….”

“ ဘာမူဝါဒလဲ… ပြောလေ…”

“ နှစ်သစ်ကူးပွဲတော်ညမှာ စပွန်ဆာပေးချင်တယ်… ပိုက်ဆံ ဘာညာ ကိစ္စမရှိဘူး.. အထက်ကြီးပိုင်းတွေဘက်က နံပါတ်တစ်ခု ပြောလိုက်တာနဲ့ ငါ့ဘက်က ထုတ်ပေးနိုင်တယ်… ဒါပေမယ့် လေလံဝင်မဆွဲချင်ဘူး… အဲ့ကိစ္စ ကူညီပေးနိုင်မလား…”

“ သီအိုရီအရဆိုရင်တော့ လုံးဝ မဖြစ်နိုင်ဘူး…”

လင်းရီ ပြုံးလိုက်ပြီး ချက်ချင်း နားလည်သွားတော့၏။

ဟွာရှလို နိုင်ငံမျိုးတွင် စကားပြောခြင်းမှာလည်း အနုပညာတစ်ရပ်ပင်။ စကားအကျကောက်သည်မှစ၍ စကားလုံးတိုင်း၏ ကွဲပြားသည့် အဓိပ္ပာယ်တို့ကို ခွဲထုတ်ကာ တွေးတော၍ ရလေသည်။

သီအိုရီအရ မဖြစ်နိုင်ဘူးဆိုသည်မှာ လက်တွေ့ကျကျ ဆိုလျှင်တော့ ဖြစ်နိုင်ပေသည်။

"ငါ သက်ဆိုင်ရာလူတွေနဲ့ စကားပြောကြည့်လိုက်ဦးမယ်.. ဒါပေမယ့် လုပ်ထုံးလုပ်နည်းတွေကိုတော့ ကျော်လို့မရဘူး.. အဲ့ဒါကလည်း ဒီတိုင်း ရေလိုက်ငါးလိုက် လုပ်သွားပေးလိုက်ရင် ရပြီ...

နောက်ဆုံး ရလဒ်ကိုတော့ အကျိုးသက်ရောက်မှု ရှိစေမှာ မဟုတ်ဘူး.. ဘာမှ စိတ်မပူနဲ့..."လျန်ရှူရှယ် ပြောလိုက်ပြီး "မနှစ်တုန်းက အတိုင်းဆိုရင် နှစ်သစ်ကူးပွဲတော်မှာ စပွန်ဆာပေးဖို့က တစ်ဘီလီယမ်ကျတယ်.. ဒါပေမယ့် နင်က နာမည်လည်း အတန်အသင့် ရထားတယ်ဆိုတော့ အဲ့လောက် အများကြီး ကုန်ဖို့ လိုမယ် မထင်ပါဘူး... ဒီတိုင်း သင့်တင့်တဲ့ ပမာဏလေးပဲ ပေးလိုက်ရင် အဆင်ပြေပြီ.."

"အဲ့တာဆို စိတ်ချသွားပြီ..."

လျန်ရှူရှယ် လင်းရီကို စိုက်ကြည့်လိုက်ပြီး "နင်က ဘာကြော်ငြာချင်နေတာ... ဖုန်းအသစ်လား..."

"ဖုန်း မဟုတ်ပါဘူး.. စစ်စတမ်..."

"စစ်စတမ်..."

လျှန်ရှူရှယ် အနည်းငယ် ရှုပ်ထွေးသွားပြီး "ဘယ်ဖုန်းက စစ်စတမ်ကြီး သီးသန့် ကြော်ငြာလို့.. အဓိပ္ပာယ် မရှိတာတွေ လျှောက်လုပ်မနေစမ်းပါနဲ့ လင်းရီရယ်...."

"ငါ အသစ် စမ်းကြည့်မလို့လေ..."လင်းရီ ပြောလိုက်ပြီး "လက်ရှိ မိုဘိုင်းဖုန်း ဈေးကွက်က Appleရဲ့ IOS နဲ့ Googleရဲ့ Android က သိမ်းပိုက်ထားပြီးသား.. တကယ်လို့ သာမန်ပုံစံနဲ့ ကြော်ငြာမယ်ဆိုရင် ဘာမှ သိပ်ပြီး ထူးခြားမှာ မဟုတ်ဘူး.. ဒါကြောင့်မို့ မိုဘိုင်းဖုန်း

စစ်စတမ်အသစ်ကို ထုတ်ကုန်တစ်ခု အနေနဲ့ ရောင်းချဖို့ စီစဉ်နေတာ..... "

"ဒီတော့ နင်က နှစ်သစ်ကူးပွဲတော်ရဲ့ လွှမ်းမိုးမှုတွေကို အသုံးချပြီးတော့ ကြော်ငြာချင်နေတယ်ပေါ့…”

**အခန်း (၆၀၅)**

**သူမက အရမ်း ဆွဲဆောင်မှုရှိတယ်**

"အမှန်ပဲ... အဲ့တာကို အချက်ပြသဘောမျိုးနဲ့သုံးမှာ... လူဘယ်လောက် များများ သုံးကြမလဲ မသိဘူး..."

"သုံးဖို့ဆိုတာ မဖြစ်နိုင်လု နီးပါးပဲ...လက်ရှိ စီးပွားရေး လုပ်ငန်းရှင်တွေက စီးပွားရေး လောကရဲ့ အတက်အကျကို အတွေ့အကြုံ ရှိပြီးသားသူတွေ.... ဒါပေမယ့် အဲ့တာက သူတို့ရဲ့အနာဂတ် ဆုံးဖြတ်ချက်တွေကိုတော့ ယိမ်းယိုင်သွားစေနိုင်တယ်... "လျှန်ရူရှယ် ပြောလိုက်ပြီး "ဒါကြောင့်မို့ နင် အဲ့ဒီ နည်းလမ်းနဲ့ စစ်စတမ်အသစ်ကို မိတ်ဆက်ပေးချင်တယ်ဆိုရင် ထင်သလောက် အောင်မြင်မှာ မဟုတ်ဘူး..."

"အဲ့တာကြောင့်မို့လည်း ငါက နည်းဗျူဟာကျကျနဲ့ ဝင်လာတာလေ..."

"ငါမြင်တာတော့ နင် နည်းဗျူဟာကျကျ မလာပဲနဲ့ လူတွေကို ပိုက်ဆံပေးနေတယ်လို့ပဲ မြင်တယ်..."

"မင်းလည်း ငါ့အကြောင်း သိသားနဲ့..."

"ဒါပေမယ့် ဘယ်သူကမှ စိတ်ပြောင်းလိမ့်မယ်လို့တော့ မထင်ဘူး..."လျန်ရူရှယ် ပြောလိုက်ပြီး "IOS နဲ့ Androidက အရမ်းကို စေ့စပ်စုံလင်ပြီးတော့ နာမည်လည်း အခိုင်အမာ ရှိပြီးသား... ဒီနေရာမှာ IOS အကြောင်း မပြောသေးဘူး... Android လို open-sourced တစ်ခုလုံးကြီး ရှိနေမှတော့ ဘယ်သူက နင့်ရဲ့ စစ်စတမ်အသစ် သပ်သပ်ကြီး သုံးနေမှာ...."

"မင်းပြောတဲ့ ပြဿနာကို ငါစဉ်းစားပြီးသွားပြီ... ဒါကြောင့်မို့ အဲ့ဒီ အကြံဉာဏ်ကို ပယ်ချလိုက်တာ...

သူများတွေနဲ့ လက်တွဲလုပ်လို့မရမှတော့
ကိုယ့်ဘာကိုယ်ပဲ လုပ်ရတော့မှာပေါ့..."

"နင် ဖုန်းအရင်ရောင်းသင့်တယ်နော..."

"မဟုတ်ဘူး.. ဖုန်းစစ်စတမ်ကိုက လူသုံးကုန်တစ်ခုပဲ..
ငါက လိုချင်တဲ့သူမှန်သမျှကို ဖရီးပေးသွားမှာ..."

လျှန်ရှုရှယ် တစ်ခုခု မှားယွင်းသလို ခံစားလိုက်ရပြီး
"နင်ဘာလို့ ဒါကြီး လုပ်နေတာ.. အဲ့တာက နင့်ကို ပိုက်ဆံ
ဝင်စေမှာလည်း မဟုတ်ပဲနဲ့..."

"ငါက ပိုက်ဆံရှာဖို့ အာရုံစိုက်နေတာမှ မဟုတ်တာ...
ဒါကြောင့်မို့ အလျှင်လိုစရာ မလိုပါဘူး..."လင်းရီ
ပြောလိုက်ပြီး "ဒီကိစ္စ ငါမင်း အကူအညီလိုတယ်..."

"စပွန်ဆာပေးမယ့် အခွင့်အရေးက အသေးအမွှား ကိစ္စလေးရယ်.. ငါ့အဘိုးတောင် မလိုဘူး.. အန်ကယ်ချိန်ကို ပြောလိုက်ရုံနဲ့တင် ပြီးပြီ.."လျှန်ရှုရှယ် ပြောလိုက်ပြီး "ဒါပေမယ့် အဲ့လောက်လေးက လုံလောက်တာ သေချာရဲ့လား.. ငါ့ဘက်က ထပ်ပြီးတော့ ဖြည့်စွက် ကူညီပေးရဦးမလား..."

" ဘယ်လိုကူညီမှာ..."

"ဥပမာပြောရရင် ပြည်တွင်း ဆော့ဝဲ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကြောင့် ဒီရဲ့ စစ်စတမ်အသစ်ကို လုပ်လိုက်တာ ဆိုရင် နင့် အတွက်လည်း အကျိုးရှိသွားမယ်မလား..."

"ကောင်းပြီလေ... အကူအညီ ဖြစ်မယ်ထင်တဲ့ဟာ မှန်သမျှ မင်းပေးသလောက် အကုန်ယူတယ်... ငါက ဂျေးမများတတ်ဘူး..."

"ဘယ်လိုတောင် လောဘကြီးလိုက်လဲ..."

စကားပြောပြီးနောက် လျှန်ရှုရှယ် အဝတ်အစားလဲကာ ထွက်ခွာရန် ပြင်ဆင်လေသည်။

သူမ မူလက လင်းရီကို လိုက်ပို့ခိုင်းရန် ကြံစည်ထားသော်လည်း Koenigsegg ကို မြင်ပြီးနောက် ထိုအကြံအား လက်လျှော့လိုက်တော့၏။

လင်းရီ ဆိုင်သို့ ပြန်ရောက်လာသောအခါ မနက် ခုနစ်နာရီ ကျော်နေပြီး ဖြစ်၏။

လင်းရီ သူ့စိတ်ထဲရှိ အတွေးများအား တစ်ဖန်
ပြန်စုစည်းလိုက်သည်။

လျှန်ရှုရှယ် ပြောသည်က မှန်၏။ သူ၏ စစ်စတမ်ကို
အသုံးပြုသူ ရရှိရန် မလွယ်ကူပေ။ ထို့ကြောင့်
ကိုယ်ဘာကိုယ် ပြုလုပ်ရမည် ဖြစ်၏။

Sci-tech မှ ချစ်ပ်အသေးများ
ထုတ်လုပ်ထားသော်လည်း မိုဘိုင်းဖုန်းထဲတွင် အဓိက
မဏ္ဍိုင်အဖြစ် အသုံးပြုရန်ကျ အနည်းငယ်
လိုအပ်နေသေးလေသည်။

ဒါဆို သူ့ရဲ့ နောက်ထပ် ရွေးချယ်စရာ တစ်ခုက
ဘာဖြစ်မလဲ...

သူ၏ အတွေးများကို စီစစ်ပြီးနောက် လင်းရီ စွန်းဖုယွီနှင့် ချိရှန်းကျောက်ကို ဂရုထဲသို့ ဆွဲသွင်းကာ ဗွီဒီယိုကော ခေါ်လိုက်၏။

"ဒါရိုက်တာလင်း .. ညွှန်ကြားစရာများ ရှိလို့လား..."ဖုန်းထဲတွင် စွန်းဖုယွီမှ ပြောလာခဲ့သည်။

"စွန်းကြီး ... ငါတို့ စစ်စတမ်အသစ်ရဲ့ အရင်းအမြစ်ကုတ်က Android နဲ့ အနီးစပ်ဆုံး တူမှ ဖြစ်မယ်... တစ်နည်းပြောရရင် Androidပေါ်မှာ သုံးလို့ရတဲ့ အက်ပ်တွေက  ငါတို့ရဲ့ စစ်စတမ် အသစ်ပေါ်မှာလည်း သုံးလို့ ရရမယ်...ဒါပေမယ့်လည်း တစ်ထေရာတည်း မဖြစ်အောင် ခြားနားချက်လေးတွေတော့ ရှိရမှာပေါ့...

နည်းပညာပိုင်းအရဆိုရင် ခု ငါပြောသွားသလိုမျိုး လုပ်သွားဖို့က ပြဿနာ မရှိဘူးမလား... "

စွန်းဖုယ္ဗိ လိမ္မာပါးနပ်စွာ ပြုံးလိုက်ပြီး " ဘာမှ စိတ်မပူပါနဲ့ ဘော့စ်... ကျွန်တော့်ဘက်က အစတုန်းကတည်းကရင် အဲ့ဒီအတိုင်းပဲ ဆောင်ရွက်ထားတာပါ...."

"တကယ်ကြီးလားကွ..."

"တကယ်ပါဘော့စ်..."စွန်းဖုယ္ဗိ ပြောပြီးနောက် "စစ်စတမ် အသစ်ထွင်တာက ကျွန်တော်တို့ ပထမဆုံးမှ မဟုတ်တာ... ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်လာရင် ရှေ့က နမူနာတွေ အများကြီး ရှိတယ်လေ..."

"အသေးစိတ်ပြော.."

"ဟုတ်ကဲ့ပါဘော့စ်...တကယ်လို့ ဘော့စ်က အပြည့်အဝ ထိန်းချုပ်ချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ ရွေးချယ်စရာ မရှိပဲနဲ့ အသစ်စက်စက် ဖုန်းစစ်စတမ် တစ်ခုကို ဖန်တီးရတော့မှာ... ဒါပေမယ့် ပုံကြမ်းကနေ ထပ်ပြီးတော့ မွမ်းမံမယ်ဆိုရင်တော့ အက်ပ်တွေ ဒီလောက်ထိ ပေါ်များနေတဲ့ ကာလမှာ စစ်စတမ်အသစ်အတွက် အက်ပ်အသစ်သပ်သပ်ရေးတယ်ဆိုတာက အလဟဿ ဖြုန်းတီးနေတာနဲ့ အတူတူပဲ... ဘယ်သူကမှ သူတို့ရဲ့ အရင်းအမြစ်တွေကို ဖြုန်းတီးပြီးတော့ အက်ပ်အသစ်တွေ ရေးမနေဘူး... အဲ့လိုလုပ်ဖို့ တစ်ခုတည်းသော ဖြေရှင်းနည်းလမ်းကလည်း စစ်စတမ်

အသစ်ကို Android နဲ့ အနီးစပ်ဆုံးတူအောင်
လုပ်ဖို့ပဲ....ဒါပေမယ့် ဘော့စ် ပြောတဲ့အတိုင်း
ကျွန်တော်တို့ရဲ့ စစ်စတမ် အသစ်မှာ
အသုံးပြုချင်တယ်ဆိုရင်တော့ နည်းနည်းပါးပါး
ပြုပြင်ပြောင်းလဲ မှုလေးတွေတော့ လိုအပ်တာပေါ့...."

"ဒါဆို စွပ်စွဲတာကို ရှောင်ရှားဖို့ကျတော့ကော ...."

"ပိုတောင်မှ ရိုးရှင်းသေး... Tencent က ရှေ့ကနေ
ဘယ်လို လုပ်ရမလဲဆိုတာ ပြောပြပြီးသား
မဟုတ်ဘူးလား... "စွန်းဖုယွီ ပြောလိုက်ပြီး
"အွန်လိုင်းသတင်းအချက်အလက်နဲ့ လုံခြုံရေး
နယ်ပယ်မှာ ခိုးချတယ်ဆိုတဲ့ အဓိပ္ပာယ်က ကုတ်ကို
ထပ်တူပွားလိုက်တာ.. ဒါပေမယ့် အဲ့တာကို

ရှောင်ရှားဖို့ဆိုရင် ကျွန်တော်တို့က ပြန်ရေးလိုက်ရင်ရပြီ… တကယ်လို့ သူတို့ဘက်က တရားစွဲတယ်ဆိုရင်တောင် ကျွန်တော်တို့ဘက်က ဘာမှကြောက်နေစရာ မလိုဘူး… ကျွန်တော်တို့ရဲ့ ကုတ်က တူသလိုဖြစ်နေတာ.. တစ်ထေရာတည်း တူနေတာ မဟုတ်ဘူး… နောက်ပြီး သူတို့က နိုင်ငံခြား ကုမ္ပဏီလေ… ကျွန်တော်တို့လို ဟွာရှရဲ့ ပြည်တွင်းအခြေစိုက် ကုမ္ပဏီတစ်ခုကို ဆန့်ကျင်ရဲမှာ မဟုတ်ဘူး… "

ဟာစ်…

လင်းရီ အံ့အားသင့်သွားခဲ့၏။

"သောက်ခွေး…မင်းက ဂျီးနီယပ်စ်ပဲ… "

"ဟီးဟီး.. ချီးကျူးပေးတဲ့အတွက် ကျေးဇူးပါ ဘော့စ်..."

"ချီကြီး.. ငါမင်းကိုလည်း အရမ်းအရေးကြီးတဲ့ တာဝန်တစ်ခု ပေးစရာ ရှိတယ်..."လင်းရီ ပြောလိုက်ပြီး "စက်ရုံတစ်ချို့ ရှာထားလိုက်... ငါတို့ခု မိုဘိုင်းဖုန်းဈေးကွက်ထဲကို ဝင်တော့မှာ..."

"ကျွန်တော့််ဘက်က ကုမ္ပဏီတစ်ချို့ကိုတောင် ဆက်သွယ်ပြီးသွားပြီ.. ဥက္ကဋ္ဌလင်း ညွှန်ကြားချက်ပေးမှာကို စောင့်နေတာ..."

"မင်းက ကြိုတောင် ပြင်ဆင်ထားပြီးပြီလားဟ..."

"ဟုတ် ဘောစ်...ယွမ်ယွမ်က သူပြန်လာတော့
ကျွန်တော့်ကို အဲ့အကြောင်း ပြောပြတယ်လေ..
အဲ့တာကြောင့် ခန့်မှန်းပြီးတော့
ရှေ့ကြိုလှမ်းထားလိုက်တာ...."

လင်းရီ ခေါင်းငြိမ့်လိုက်၏။

ချီကြီးကလည်း ဂျီးနီးယပ်စ်ပဲ...

" မင်းက ပြင်ဆင်ထားပြီးပြီဆိုတော့ ငါ တိုတိုနဲ့ လိုရင်းပဲ
ပြောတော့မယ်…” လင်းရီ ပြောလိုက်ပြီး “ ဖုန်းရဲ့
ကုန်ကျစရိတ်က ယွမ်တစ်ထောင် အတွင်းပဲ ရှိရမယ်…
ဒါပေမယ့် ကင်မရာနဲ့ screen resolution ကတော့
အရည်အသွေးကျလို့ မဖြစ်ဘူး… အဲ့တာက
အရေးကြီးတယ်… ဆော့ဖ်ဝဲအနေနဲ့ကတော့ ငါတို့ရဲ့

စစ်စတမ်အသစ်ကို သုံးမယ်… ကျန်တာကိုတော့ မင်းပဲ ကြည့်စီစဉ်လိုက်…”

“ နားလည်ပါပြီ…”

“ ကျွန်တော် တစ်ပတ်အတွင်း အစီအစဉ်ဆွဲပြီးသား ဖြစ်စေရပါမယ်…”

“ ကောင်းပြီ… ဒီနေ့တော့ ဒီလောက်ပဲ… မင်းတို့ကောင်တွေ ခု ငါ ပြောသွားတဲ့ဟာတွေ ဆက်လုပ်ထားကြ… အခက်အခဲ တစ်စုံတစ်ရာရှိလို့ မဖြေရှင်းနိုင်တာတွေရှိရင် ငါ့ကိုပြော….”

ရှင်းပြပြီးနောက် လင်းရီ စားသောက်ဆိုင်တွင်
အမယ်များ ပြင်ဆင်ရင်းဖြင့် စတင်
အလုပ်များလေသည်။

သို့သော်လည်း ထိုအခိုက်အတန့်တွင်
တစ်စုံတစ်ယောက်မှ တံခါးတွန်းဖွင့်၍ အထဲသို့
ဝင်ရောက်လာခဲ့၏။

အမျိုးသမီး သုံးဦးနှင့် အမျိုးသား တစ်ဦးပင်။ သူတို့၏
ဝတ်ပုံစားပုံ ကြည့်ရသလောက်တော့
လူလတ်တန်းစားများ ဖြစ်ကြလေသည်။

“ ဘုရားရေ... သူဌေးက တကယ်ကြီး
ချောလိုက်တာ...”

“ ငါ မရတော့ဘူး… မူးလဲသွားတော့မယ်…”
( idol တွေမြင်တော့ စိတ်လှုပ်ရှားပြီး
မူးလဲသွားသလိုမျိုးလေ..)

ထိုအခိုက်အတန့်တွင် အနက်ရောင်
ပိုးထည်ဝတ်ဆင်ထားသည့် မိန်းကလေး တစ်ဦးမှ
လင်းရီ အနားချဉ်းကပ်လာခဲ့ပြီး “ အချောလေး… ငါတို့
နင်နဲ့ ဓာတ်ပုံတွဲရိုက်လို့ရလား…”

“ ဘာလို့ ဓာတ်ပုံရမှာ… ငါ့ရုပ်က ပန်ဒါနဲ့
တူနေလို့လား…” လင်းရီ မချေမငံ ပြန်ပြောလိုက်၏။

“ ဘယ်လိုတောင် အေးတိအေးစက်နိုင်ပြီး ချောလိုက်တဲ့
အစ်ကိုလေးလည်း… ဟိုရဲ့
ဖိနပ်လျက်ချင်နေတဲ့ကောင်တွေနဲ့များ တခြားစီ…”

“ ခစ်ခစ်… ငါတော့ ရေခဲတုန်းလိုမျိုး ခပ်ချေချေ ကောင်ချောလေးတွေကို သဘောကျတယ်…. သူတို့ ငါ့ကို ပိုပြီး လျစ်လျူရှုလေ… ပိုပြီး တွယ်ကပ်ချင်လေပဲ…”

လင်းရိ “ …. “

ဘယ်လိုတုန်းဟ…. ဆိုက်ကိုများလား… တော်သေးတာပေါ့ မိန်းကလေး ဖြစ်နေလို့…ယောကျ်ားလေးသာဆိုရင် မလွယ်ဘူး…

“ အချောလေး… ငါတို့စားချင်လို့…” အနက်ရောင် ဝတ်စုံဖြင့် အမျိုးသမီးမှ ပြောလိုက်၏။

“ မီနူးက စားပွဲပေါ်မှာ... အဲ့ထဲရှိတာ
ကြိုက်တာမှာလို့ရတယ်...”

စားသောက်ဆိုင်မှာ ဈေးကြီးကြောင်း
ကြိုသိထားသောကြောင့် မိန်းကလေးများမှာ ဈေးနှုန်းကို
မြင်လိုက်ရ၍လည်း အံ့အားသင့်မသွားခဲ့ချေ။

မကြာမီ ဥထမင်းကြော် နှစ်ပွဲ၊ ခေါက်ဆွဲကြော်တစ်ပွဲနှင့်
အရံဟင်း သုံးမျိုး မှာလိုက်ကြ၏။

လင်းရီ မီဖိုချောင်ထဲသို့ ဝင်၍ ချက်ပြုတ်တော့မည့်
အချိန်တွင် နောက်ထပ် မိန်းကလေးတစ်ချို့ ဆိုင်ထဲသို့
ဝင်ရောက်လာခဲ့လေသည်။

“ သူဌေး ... ဥထမင်းကြော် သုံးပွဲ ချပေးပါ...”

“ အိုကေ အိုကေ ... ခဏလေးစောင့်...”

မနက်ခင်းတွင် ဆိုင်ထဲ၌ ကတ်စတန်မှာ ကျနေသောကြောင့် လင်းရီ ဝမ်းသာသွားခဲ့၏။  ယင်းက ကောင်းသည့်အရာပင်။ စားသုံးသူ များလာသောကြောင့် သူ၏ ငွေဝင်လာကြောင်းမှာလည်း ယခင်ကထက် ပိုကောင်းလာကာ မစ်ရှင်ပြီးမြောက်ရန် ခြေတစ်လှမ်း နီးကပ်လာချေပြီ။

တစ်ခုတည်းသော ဆိုးကျိုးကတော့ အနည်းငယ် အလုပ်ရှုပ်သည်သာ။

လင်းရီ မီးဖိုချောင်ထဲသို့ သွား၍ စတင် ချက်ပြုတ်လေသည်။

ဆယ်မိနစ်အတွင်း ဥထမင်းကြော်မှာ ပြင်ဆင်ပြီးသွားပြီး ခေါက်ဆွဲကြော်ဖို့ရန်သာ ကျန်ရှိတော့၏။ သို့သော်လည်း မကြာမီ အသင့်ဖြစ်သွားခဲ့လေသည်။

နာရီဝက်ကြာပြီးနောက် စားပွဲနှစ်လုံးရှိ ဧည့်သည်များမှာ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားခဲ့ကြသော်လည်း စားသုံးသူများကတော့ တသဲသဲ ရောက်လာနေကြဆဲပင်။ မကြာမီ ဆိုင်ဝတွင် စားသုံးရန်အလို့ငှာ တန်းစီဖို့ လိုအပ်သည်အထိ ဖြစ်လာခဲ့တော့၏။

ချောင်ရန်အုပ်စု၌ အလုပ်လုပ်နေသည့် ကျီချင်းရန်ပင် ယင်းမြင်ကွင်းကြောင့် ကြက်သေသေသွားခဲ့တော့၏။

အဘယ်ကြောင့်ဆိုသော် စားသောက်ဆိုင်၏
အကောင့်မှာ သူမဖုန်းနှင့် ချိတ်ဆက်ထားပြီး
ဆယ်မိနစ်ကြာတိုင်း ငွေလက်ခံရရှိကြောင်း
အသိပေးသံများ ဆက်တိုက်တက်နေသောကြောင့်ပင်။

တစ်မနက်ခင်းတည်းနှင့် သူမ ယွမ် လေးထောင်အထိ
စုဆောင်းမိသွားခဲ့၏။

ယခုလို ဆိုင်ရောင်းအားတက်လာသည်မှာလည်း
အကြောင်းမဲ့တော့ မဟုတ်ပေ။
ရက်အနည်းငယ်ကြာပြီးနောက် ဆိုင်၏ ဂုဏ်သတင်းမှာ
ပျံ့နှံ့သွားခဲ့ပြီး ပထမ အကြောင်းပြချက်ကတော့
အရသာကြောင့်ပင်။ အနည်းငယ်
ဈေးကြီးပါသော်လည်း အရသာရှိသောကြောင့်

စားသုံးသူကို ပေးရသည့် ဈေးနှင့် တန်သည်ဟု
ခံစားရရှိစေသည်။ ထို့ကြောင့် အမြဲတမ်း
မဟုတ်လျှင်တောင် တစ်ခါတစ်ရံတော့
ပြန်လာစားကြလိမ့်မည်။
နောက်တစ်ချက်ကတော့ လင်းရီ၏ ပျိုးတိုင်းကြိုက်သည့်
ရုပ်ရည်ပင်။

အဆင်လေးမှ ချက်ပြုတ်ထားသည့် ဟင်းလျာကို
စားသုံးရသည်ကပင် ချစ်စိတ်မွှန်နေသည့်
ပျိုမေတို့အတွက် အတန်ကြီး တန်နေတော့၏။
နောက်ဆုံးတွင်တော့ လာရောက်စားသုံးကြသည့်
မိန်းကလေး အများစုမှာ ကိုယ်တိုင်ပင် မမှာယူတော့ပဲ
လင်းရီ လုပ်ပေးတာ ဘာမဆို စားတော့မည့် အဆင့်သို့
ရောက်ရှိလာခဲ့လေသည်။

အချောလေး လုပ်ပေးချင်သာလုပ်ပေး... တို့က
အကုန်ကြိုက်ပြီးသား...

သူမတို့အားလုံးမှာ လင်းရီအတွက် ရောက်ရှိလာခဲ့ကြပြီး
တစ်ဖက်သူကို မျောက်ပွဲလာကြည့်သူများအလား
ဖြစ်ပျက်သွားစေသည်။

ကံမကောင်းစွာနှင့် လင်းရီမှာ အလုပ်များနေသည့်
မျောက်ဖြစ်ခဲ့ရ၏။

ကူကယ်ရာမဲ့စွာဖြင့် ထျန်းရန်နှင့် ပေါ်ယွမ်ယွမ်တို့ကို
ဆိုင်တွင် လုပ်အားလာပေးရန် အကူအညီ
တောင်းလိုက်ရတော့လေသည်။

လက်ရှိညှော်သည်အားလုံးကို လင်းရီတစ်ယောက်တည်း
ညှော်ခံရင်း ချက်ပြုတ်နေရသည်က လုံးဝပင်
မနိုင်တော့ချေ။

နာရီဝက်ကြာပြီးနောက် သူမတို့နှစ်ယောက်လုံး
လင်းယွမ်အုပ်စုမှ စားသောက်ဆိုင်သို့
ရောက်ရှိလာခဲ့ကြ၏။

ဆိုင်ထဲတွင် ယူနီဖောင်းနှင့် ရင့်ကျက်သည့်
အမျိုးသမီးနှစ်ယောက်ကိုမြင်တော့
ကတ်စတန်မာများအားလုံး အံ့အားသင့်သွားခဲ့ကြသည်။

အထူးသဖြင့်တော့ စားသုံးသူ အမျိုးသမီးများပင်။

ဒီအမျိုးသမီးနှစ်ယော်က အရမ်းကြည့်ကောင်းတာပဲ

လွယ်ထားတဲ့ အိတ်တွေက Hermes ဘရန်းတွေဆိုတော့ သေချာပေါက် ချမ်းသာတဲ့သူတွေပဲ ဖြစ်ရမယ်…

“ ဘော့စ်… ကျေးဇူးပြုပြီး ကျွန်မတို့ကိုလည်း သနားပါဦး… ကုမ္ပဏီမှာ လုပ်စရာ အလုပ်တွေကလည်း တောင်လိုပုံနေတာ… ဒီမှာလည်း လုပ်အားပေးရမယ်ဆိုလို့ကတော့ ညကျ သေချာပေါက် အချိန်ပို ဆင်းရတော့မှာ…”

ဟော်ယွမ်ယွမ်တစ်ဦးတည်းကသာ လင်းရှီကို ထိုသို့ ပြန်ခံပြောဝံ့လေသည်။

“ ငါပြောပြမယ်.. လူတစ်ယောက် အောင်မြင်ခြင်း မအောင်မြင်ခြင်းဆိုတာက ကုမ္ပဏီမှာ ဘယ်လောက်ကြိုးစားသလဲ ဆိုတဲ့ အပေါ် မူတည်မနေဘူး… အလုပ်ထဲမှာ ဘယ်လောက် အားစိုက်ထုတ်လဲဆိုတာကပဲ အရေးကြီးတယ်.. ငါက မင်းကောင်းဖို့ အတွက် လုပ်ပေးနေတာကို ဘာလို့ နားမလည်နိုင်ရတာ…”

“ ထျန်းရန်ကို ကြည့်လိုက်စမ်း… ငါခေါ်လိုက်တာနဲ့ ဘာမှ အတွန့်မတက်ပဲ ရောက်လာပေးတယ်…” လင်းရီ ပြောလိုက်ပြီး “ တကယ်လို့ ငါအိမ်သာတက်နေတယ်ဆိုရင်တောင်မှ သူ ငါ့ကို တစ်သျှူးကမ်းပေးနိုင်တယ်…. ငါ ဟိုဟာလုပ်နေရင်း တန်းလန်းဆိုရင်တောင်မှ ငါ့ကို ကွန်ဒုံး

ကမ်းပေးဦးမယ်...မင်းကကော ဘာလို့ သူ့လို
မဖြစ်နိုင်ရတာ... နှစ်ယောက်လုံးက
အမျိုးသမီးတွေပဲလေ... မင်းက 36 B ဖြစ်ပြီးတော့
သူကျ 37E ... ကွာခြားချက်က ဘာလို့
အဲ့လောက်တောင် ကြီးနေရတာ..."

" ရှင်က အဲ့တာလုပ်တာတောင်
ကွန်ဒုံးသုံးသေးတယ်ပေါ့လေ... ဘယ်လောက်တောင်
စိတ်ပျက်ဖို့ ကောင်းလိုက်လဲ..."

လင်းရီ " .... "

ထျန်းရန် " ??? "

ယခုတော့ ထျန်းရန် အဘယ်ကြောင့်
လူတစ်ချို့ကပဲဥက္ကဋ္ဌလင်း၏ လူယုံတော်
ဖြစ်လာနိုင်လဲဆိုတာကို နားလည်သွားခဲ့လေပြီ။

“ အပိုတွေ မပြောနဲ့.. အလုပ်စတော့… အပြင်သွားပြီး
ကတ်စတန်မာတွေကို ဧည့်ခံလိုက်ဦး…”

သူမ ထွက်ပြေး၍ မဖြစ်နိုင်ကြောင်း ဟော်ယွမ်ယွမ်
နားလည်ပေသည်။

အကယ်၍ သူမဘော့စ်မှ မခေါ်လာခဲ့လျှင်တောင်
အစ်မကျီမှ ခေါ်လာလိမ့်မည်ဖြစ်ကြောင်း သိရှိထား၏။

အခြားတစ်ဖက်တွင်တော့ ထျန်းရန်မှာ လင်းရီ ဖြစ်စေချင်သည့် အတိုင်း လိုက်လုပ်ပေးနေလေသည်။ ဟော်ယွမ်ယွမ်ကဲ့သို့လည်း စကားများမနေချေ။

ဟော်ယွမ်ယွမ်နှင့် ထျန်းရန်တို့၏ အကူအညီကြောင့် လင်းရီ ဖိအား နည်းပါးသွားခဲ့ပြီး ချက်ပြုတ်ခြင်း၌သာ အာရုံစိုက်ထားနိုင်သည်။

ထို့ပြင် ကတ်စတန်မာများ မှာလာသည့် ဟင်းလျာများမှာလည်း ရိုးစင်းလှပြီး သူ့အတွက် မခက်ခဲချေ။

“ ဘော့စ်.. ဥထမင်းကြော် တစ်ပွဲနဲ့ ကြက်ဥရေညှိစွပ်ပြုတ်… “

“ ဥက္ကာဌလင်း .. ခေါက်ဆွဲကြော်တစ်ပွဲနဲ့ မိုးညှင်းချဉ်တစ်ပွဲ…”

“ ဘော့စ်.. ဒီဘက်ကိုကျ ခေါက်ဆွဲကြော်တစ်ပွဲ… မန်ထိုကြော် .. ပြီးတော့ နို့လက်ဖက်ရည်နှစ်ခွက်…”

“ ဥက္ကာဌလင်း .. ဥထမင်းကြော် တစ်ပွဲ ….. စကယ်လီယမ် ပန်ကိတ် နဲ့ ဂျင်ဆင်းစွပ်ပြုတ် နှစ်ပွဲ… ဥထမင်းကြော်ထဲက နံနံမြိတ်မထည့်ဘူးတဲ့နော်….”

“ အေးအေး… ခဏလေးစောင့်ကြပါဦးဟ…” လင်းရှိ မီးဖိုချောင်ထဲမှ လှမ်းအော်လိုက်၏။

“ ကတ်စတန်မာတွေက ဘာလို့ ပိုပိုပြီး များလာခဲ့တာ… ပြီးတော့ အော်ဒါတွေကလည်း ဟိုဟာမထည့်နဲ့

ဒီဟာမထည့်နဲ့တွေကော .. ရှုပ်ယှက်ကို
ခက်နေတာပဲ…”

“ ဘာလို့လဲဆိုတော့ ခုကတ်စတန်မာတွေက
မိန်းကလေးတွေချည်းပဲ မဟုတ်တော့ဘူးလေ…
ကောင်လေးတွေပါ ရောက်လာပြီ…”

“ ကောင်လေးတွေ…” လင်းရီ ပြောပြီးနောက် “ အဲ့
ကပ်စေးကုတ်တွေက ဘာလို့ လာစားနေကြတာ…”

“ သူတို့တွေက အစ်မရန်ကို လာငမ်းကြတာလေ…”

“ သူ့အဝတ်အစားတွေက ပုံမှန် မဟုတ်လို့လား…”

“ ပုံမှန်လား…” ဟော်ယွမ်ယွမ် ခပ်ရေးရေး ပြုံးလိုက်ပြီး “ သူက အဖြူရောင် ရှပ်နဲ့ စကတ်အတိုလေး ဝတ်ထားတာ.. ဒေါက်မြင့်ဖိနပ်နဲ့ ဆိုတော့ ပိုပြီး ဆွဲဆောင်မှု ရှိသွားရော… အဲ့တာကြောင့်မို့ ကောင်လေးတွေက မျက်စိအစာ လာကျွေးကြတာလေ….”

**အခန်း (၆၀၆)**

**ဘဝက ဒီလိုပါပဲ**

“ နှင်ဝတ်ထားတာက ငါ့ထက်တောင် တိုနေသေးတယ် မဟုတ်ဘူးလား…” ထျန်းရှန် စနောက် တက်လိုက်ပြီး “ အဲ့ကောင်လေးတွေက တစ်ချိန်လုံး နှင့်ခြေထောက်ပဲ ငမ်းနေကြတာကို ငါမသိရင် ခက်မယ်…”

ဟော်ယွမ်ယွမ် ပြုံးလိုက်ပြီး “ ညီမခြေထောက်မှာက အသားနည်းနည်းပဲလေး ရှိတာလေ… အစ်မထျန်လို ခြေထောက်မျိုးကမှ အလှဆုံးပဲ..”

“ ရပြီ ရပြီ.. အချင်းချင်း မြှောက်ပြောမနေကြနဲ့…” လင်းရှီ ပြောလိုက်ပြီး “ ဒီမှာ လူတွေ ဒီလောက်များနေတာကို ငိုးမ ငါကျတစ်ယောက်တည်း လုပ်နေရတယ်…..”

“ ဒါဆိုလည်း အရင်အတိုင်း ဥထမင်းကြော်တွေပဲ ဦးစားပေးလုပ်လိုက်...” ဟော်ယွမ်ယွမ် ပြောလိုက်ပြီး “ ဒါမှမဟုတ် တစ်ခါချက်ရင် တစ်ဝိုင်းစာ အရင်ပြီးအောင် ချက်လိုက်... ကျန်တာကို မေ့ထားလိုက်ပေါ့...”

“ မဟုတ်ဘူး.. မင်းက ငါ့လောက် ဆွဲဆောင်မှု မရှိတော့ သူတို့တွေ အကြာကြီး မစောင့်နိုင်မှာ စိုးလို့ပာ... အဲ့လိုဆို ပိုက်ဆံတွေအများကြီး လွှတ်ပေးလိုက်ရတော့မှာ..”

“ ဘော့စ်... ရှင်က အမောစို့ပြီး သေသွားဖို့ကောင်းတယ်သိလား...”

ထျန်းရန် ပြုံးလိုက်ပြီး “ အဲ့တာဆို ဘယ်လိုလုပ်မှာ…
ဒီမှာက လူတွေအများကြီး ဆိုတော့ သူတို့ကို
ကိုင်တွယ်ဖို့ သေချာလေး စဉ်းစားမှ ဖြစ်မှာ…”

“ တစ်ခါပြင် တစ်ဝိုင်းပဲ… မင်းတို့ကောင်တွေ
ဘယ်လောက်ထိ ဆွဲဆောင်မှု ရှိလဲ ငါကြည့်စမ်းမယ်…”

ယွမ်တစ်သိန်းပမာဏအထိ ရှာနိုင်ခြင်းက လင်းရီ၏
အနိမ့်ဆုံး ရည်မှန်းချက်ဖြစ်သောကြောင့် ညွှေ့သည်
တစ်ယောက်တစ်လေကိုမျှ မဆုံးရှုံးသွားချင်ပေ။

သို့သော်လည်း တစ်ချိန်တည်းတွင် လူအများအပြား
ရောက်ရှိလာမည်ဆိုပါက ဟင်းပွဲရရှိရန် သေချာပေါက်
စောင့်ဆိုင်းရပေမည်။ ထိုအတောအတွင်း
အချို့လူများမှာ မစောင့်နိုင်၍

ထွက်ခွာသွားသည်ကလည်း သဘာဝပင်။ လင်းရီလည်း ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မတတ်နိုင်ချေ။

“ ကတ်စတန်မာတွေ အစောကြီး ပြန်မပြန်က အစ်မထျန်ရဲ့ စကတ် ဘယ်လောက်တိုလဲ ဆိုတဲ့ အပေါ်မှာ မူတည်နေတာလေ…” ဟော်ယွမ်ယွမ် စနောက်လိုက်၏။

“ ဒီထက်တိုရရင်လည်း ငါ့ရဲ့ safety pants ပါ ပေါ်သွားမှာပေါ့ဟဲ့… တော်နေကြာ ညစ်ညမ်းပုံ တိုက်ဖျက်ရေးအသင်းက ရောက်လာပြီးတော့ ငါတို့ကို ဖမ်းသွားနေဦးမယ်…”

သုံးယောက်သား ရယ်မောလိုက်ကြပြီး ကိုယ်စီ တာဝန်များကို ဆက်လက်ထမ်းဆောင်ကြ၏။

လင်းရှိမှ ဟင်းပွဲများကို မြန်ဆန်စွာ
မပြုလုပ်ပေးခဲ့သော်လည်း ဟော်ယွမ်ယွမ်နှင့်
ထျန်းရန့်တို့မှ တစ်ယောက်မှ ထွက်မသွားအောင်
ထိန်းသိမ်းထားပေးနိုင်လေသည်။ အရေးကြီး ကိစ္စ
ပေါ်လာသူတစ်ချို့သာ ထွက်ခွာသွားခဲ့ကြ၏။
မဟုတ်ပါက အလှလေးနှစ်ယောက်ကို သားရည်ယိုရင်း
ပျော်ပျော်ကြီး ထိုင်စောင့်နေကြမည်မှာ
သေချာလေသည်။

ဟော်ယွမ်ယွမ် ပြောသကဲ့သို့ပင်။
မည်သည့်အမျိုးသားက စကတ်တိုနှင့် အနက်ရောင်
ဂါဝန်ဝတ်ထားသည့် မိန်းကလေးများကို
မနှစ်သက်ပါမည်နည်း။

ထိုစဉ် ကုမ္ပဏီ၌ ညနေငါးနာရီ ရောက်သည့် တိုင်အောင် အလုပ်များနေသည့် ကျီချင်းရန်မှာ လင်းရီ၏ ဆိုင်သို့ ရောက်ရှိလာလေသည်။

သို့သော်လည်း ဆိုင်အပြင်ဘက်တွင် တန်းစီနေသည့် လူတန်းကြီးကို မြင်တော့ သူမ မျက်လုံးကိုပင် မယုံကြည်နိုင် ဖြစ်သွားခဲ့ရ၏။

ငါ ဆိုင်မှားရောက်လာတာတော့ မဟုတ်ပါဘူးနော်…

ငါတို့ဆိုင်က လူတွေ တန်းစီနေရတဲ့ အဆင့်ထိတောင် ရောက်သွားခဲ့ပြီလား…

သူမ ကုမ္ပဏီတွင် ရှိနေစဥ်တုန်းက ယွမ်တစ်သောင်း နီးနီး စုဆောင်းမိခဲ့သော်လည်း လင်းရီ၏ လက်ရာမှာ ထိုမျှ နာမည်ကြီးနေလိမ့်မည်လို့ မျှော်လင့်မထားခဲ့ချေ။ ယခုနှုန်းအတိုင်းဆိုပါက ယွမ် နှစ်သောင်းပမာဏသို့ ကျော်တက်သွားရန် ပြဿနာမရှိမည်မှာ သေချာလေသည်။

ကျိချင်းရန်၏ ရောက်ရှိလာမှုက ဆိုင်၏ စီးပွားရေးလုပ်ငန်းကို ပို၍ပင် ထိုးတက်သွားစေခဲ့၏။

သူမ ရောက်လာပြီးသည့် နောက်ပိုင်းတွင် လူတန်းကြီးမှာ တစ်ရာကျော်သွားခဲ့လေသည်။

ထိုသို့ဖြင့် မိန်းကလေးများမှ အချောလေးကို ငေးကြည့်ကြပြီး ကောင်လေးများကတော့

နတ်သမီးလေးများကို ငေးကြည့်နေခဲ့ကြ၏။ အကယ်၍ စုံတွဲများလာစားလျှင်တောင် ခြွင်းချက် မရှိ။ နားလည်မှုကိုယ်စီနှင့် ငေးမောနေခဲ့ကြ၏။

ဘယ်လိုတောင် စည်းလုံးညီညွတ်ပြီး နားလည်ပေးတတ်တဲ့ လူ့အဖွဲ့အစည်းလဲ…

“ အစ်မကြီး… ရောက်လာပြီပေါ့…”

ကြီးချင်းရန် ဝင်ရောက်လာသည်ကိုမြင်တော့ ပေါ်ယွမ်ယွမ် သော့သော့လေး ပြေး၍ လာကြိုသည်။

“ အိုက်ယိုး.. တို့ရဲ့ ယွမ်ယွမ် အရမ်း ပင်ပန်းသွားပြီနဲ့တူတယ်…”

“ မပင်ပန်းပါဘူး.. ဆိုင်ထဲမှာက စားပွဲနည်းနည်းပဲ ရှိတာလေ… ဘယ်လိုလုပ်ပြီး ပင်ပန်းမှာ…”

ကျီချင်းရန် နာရီကြည့်လိုက်သောအခါ ခြောက်နာရီထိုးတော့မည်ဖြစ်ကြောင်း သတိပြုမိလိုက်၏။

“ ယွမ်ယွမ်… အပြင်ဘက်က လူတွေကို သွားပြီးတော့ အသိပေးထားလိုက်… ငါတို့ဆိုင်က ခြောက်နာရီခွဲဆို ပိတ်တော့မှာလို့… ခုတန်းစီနေတဲ့သူတွေ ကုန်ရင် နောက်ထပ်လာတဲ့ ဧည့်သည်တွေကို ငါတို့ လက်မခံတော့ဘူးလို့ ပြောလိုက်…”

“ ခြောက်နာရီခွဲ ပိတ်တော့မယ်ဆိုတော့.. ပိုက်ဆံ မလိုချင်တော့ဘူးလား…”

ဟော်ယွမ်ယွမ် သူမ အစ်မကျီ၏ စိတ်ကို မည်သို့မျှ နားမလည်နိုင်တော့ချေ။

ရှေ့ရက်တွေတုန်းကကျတော့ စားတဲ့သူ မရှိလို့ ဆိုင်ငှားခ မကြေမှာတောင် စိတ်ပူနေတယ်…

ခု လူတွေ တအားကျနေပြန်တော့လည်း ဆိုင်ကို အစောကြီး ပိတ်ချင်နေပြန်ပြီ…

“ ငါ့ဖုန်း မနက်ကတည်းကနေ ငွေလက်ခံရရှိကြောင်း နိုတီတွေတက်နေတာ ခုထိပဲ.. အဲ့လောက်များနေမှတော့ လင်းရီ တစ်ယောက်တည်း ချက်ပြုတ်နေရတာ ပင်ပန်းရောပေါ့…. ဒီလောက်ဆို လုံလောက်ပြီ…”

“ နားလည်ပြီ… ညီမသွားပြောလိုက်တော့မယ်… “

ထျန်းရန် ပြုံးလိုက်၏။ လေဒီဘော့စ်၏
နှလုံးသားလေးမှာ နာကျင်သွားဟန်တူသည်။

ဆိုင်သို့ ရောက်လာခဲ့ပြီးနောက် ကျိချင်းရန်
မီးဖိုချောင်ထဲသွား၍ လင်းရီကို ကူညီပေးသည်။
သူမတတ်နိုင်တာ များများစားစား မရှိသော်လည်း
ဘေးမှ တီတီတာတာ ပြောပေးမည့်သူ
တစ်ယောက်ရှိသောကြောင့် အဖော်ရလေသည်။

ဆိုင်စောစောပိတ်မည့် ကိစ္စကို လင်းရီ ဘာမျှ
မပြောချေ။ယင်းက သူ၏ မစ်ရှင် ပြီးမြောက်မှုအပေါ်
အကျိုးသက်ရောက်မှုရှိစေသော်လည်း ကျိချင်းရန်၏

ပူပန်မှုကို နားလည်သောကြောင့်
ခွင့်ပြုထားလိုက်လေသည်။

ညနေ ခြောက်နာရီခွဲသောအခါ ဟော်ယွမ်ယွမ်
မီးဖိုချောင်သို့ ရောက်ရှိလာခဲ့ပြီး ယခုလို လာ
ပြော၏။“ စားပွဲတစ်ဝိုင်းပဲ ကျန်တော့တယ် ဘော့စ်..
အဲ့တာပြီးရင် ဆိုင်သိမ်းလို့ ရပြီနော်…”

“ ကောင်းပြီလေ… နင်တို့ ကောင်တာနား သွားပြီး
သန့်ရှင်းရေး လုပ်ထားနှင့်ကြ… ငါနဲ့ လင်းရီက
မီးဖိုချောင်ထဲမှာ သန့်ရှင်းထားလိုက်မယ်…
အဲ့တာပြီးရင် ပြန်ပြီး စောစောနားကြတာပေါ့…”

“ အိုကေ…”

မိနစ်နှစ်ဆယ်ကြာပြီးနောက် လင်းရီနှင့် ကျီချင်းရန်တို့
မီးဖိုချောင်တစ်ခုလုံးကို သန့်ရှင်းသပ်ရပ်အောင်
ပြုလုပ်ထားပြီး နောက်ဆုံး ကတ်စတန်မှာ တစ်ဝိုင်း
ပြီးနောက် ဆိုင်ပိတ်ရန် အဆင်သင့်ပင်။

“ မော်နီတာ(အတန်းခေါင်းဆောင်) …
မင်းဘာလို့ဒီရောက်နေတာ…”

“  လင်းရီ မီးဖိုချောင်ထဲမှ ထွက်လာခဲ့သောအခါ
တံခါးပေါက်ဘေးရှိ ထိုင်ခုံမှ အာမေဋိတ်သံကို
ကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်သောအခါ
သူ၏ အတန်းဖော်များ ဖြစ်နေကြောင်း
မြင်တွေ့လိုက်ရ၏။

ကျီချင်းရန်နှင့် ကျန်သူများလည်း လင်းရီ၏

အတန်းဖော်များကို ဤနေရာတွင် တွေ့ဆုံရလိမ့်မည်ဟု

ထင်မှတ်မထားခဲ့ချေ။

ထိုစားပွဲဝိုင်း သေးသေးလေးတွင် လူငါးယောက်

ထိုင်နေသည်။

အမျိုးသားသုံးယောက်နှင့် အမျိုးသမီး နှစ်ယောက်

ရှိနေပြီး အံ့အားသင့်ဖို့ကောင်းစွာဖြင့် ငါးယောက်လုံးမှာ

လင်းရီ၏ အတန်းဖော်များ ဖြစ်နေခဲ့ကြ၏။

လင်းရီကို ခေါ်လိုက်သူကတော့ အတန်းဖော်

တစ်ဦးဖြစ်သည့် ရှောင်ပင်းပင်။ နှစ်ဦးမှာ

အတန်းဖော်များ ဖြစ်သော်လည်း

အရမ်းရင်းနှီးလားဆိုလျှင် မရင်းနှီး။ဘွဲ့ရပြီးနောက်

လင်းရီမှာ ဝမ်းတစ်ထွာအတွက် အလုပ်လုပ်နေစဉ် သူကတော့ ဘွဲ့လွန် ဆက်တက်နေခဲ့၏။

ထို့ပြင် ရှောင်ပင်း တိတ်တခိုး မေတ္တာမျှနေရသူမှာ လင်းရီကို သဘောကျနေသောကြောင့် နှစ်ဦးမှာ တက္ကသိုလ် ဒုတိယနှစ်မှ စ၍ အခေါ်အပြော နည်းသွားခဲ့ပြီး လမ်းတွေ့ ခေါင်းညိမ့်ပြရုံ အဆင့်လောက်သာ ရှိတော့၏။

ရေစက်ပါချင်ပြန်တော့လည်း ယခုလိုအချိန်မျိုးတွင် ပြန်လည်တွေ့ဆုံရပြန်သည်။

ကျန်သည့် လေးယောက်ကတော့ ကျိုးဟောက်၊ ဖန်းချွမ်ယွီ၊ စုန့်ခယ်ရှင်းနှင့် ဟွမ်လိလိတို့ ဖြစ်ကြ၏။

ထိုစဉ်အခါက ရှောင်ပင်း တိတ်တခိုး မေတ္တာမျှနေခဲ့ရသူမှာ စုန့်ခယ်ရှင်းဟု ခေါ်သည့် အမျိုးသမီးပင်။ သို့သော်လည်း သူမကတော့ လင်းရှီကိုသာ အစဉ်အမြဲ စိတ်ဝင်တစား ရှိခဲ့၏။

လင်းရှီ မီးဖိုချောင်ထဲမှ စားဖို့မှူး ဝတ်စုံနှင့် ထွက်လာခဲ့သည်ကိုမြင်တော့ ငါးယောက်လုံး အံ့အားသင့်ပြီး ရှော့ခ်ရသွားခဲ့ကြတော့သည်။

“ အတန်းမော်နီတာ.. မင်းက ဒီမှာ စားဖို့မှူး လာလုပ်နေတာလားဟ…” ရှောင်ပင်း အနည်းငယ် အံ့အားသင့်နေသည့် လေသံဖြင့် ပြောလိုက်၏။

“ မြင်တဲ့အတိုင်းပဲလေ… ခု မင်းတို့ စားနေတဲ့ဟာတွေ အကုန်လုံး ငါ့ လက်ရာတွေချည်းပဲ…”

“ ငါ ကြားတာတော့ အတန်းရဲ့ မော်နီတာက ဘွဲ့ရပြီးတော့ အိမ်ခြံမြေကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်နေတာပါ… ခု ဘာလို့ ဒီမှာ စားဖိုမှူး လာလုပ်နေတာ… ဒီ ဝတ်စုံကြီးက မင်းလို ဘွဲ့ရတစ်ယောက်ရဲ့ အဆင့်အတန်းနဲ့လည်း မကိုက်ညီပါဘူးကွာ….”

“ အဲ့အလုပ်ကနေ ထွက်လိုက်တာ ကြာပေါ့…”

“ အဲ့လိုဆိုရင်တောင် စားဖိုမှူး လုပ်မယ့်အစား တခြား ပိုကောင်းတဲ့ အလုပ်လေးတွေ ရှာလို့ ရတယ်လေ… တကယ်လို့ ဒီရဲ့ သတင်းသာ အတန်းဖော်တွေကြား ပျံ့သွားလို့ကတော့ ရှက်စရာပဲ…”

လင်းရီ ပြုံးစိစိဖြစ်သွားပြီး “ စားဖို့မှူး အလုပ်က သိက္ခာမရှိလို့လား…”

“ အဲ့သဘောမျိုး ပြောတာ မဟုတ်ပါဘူးကွာ…” ရှောင်ပင်း သနားနေသည့် လေသံဖြင့် “ ငါ့အထင်တော့ မင်း ဘွဲ့လွန်ဆက်မတက်တာက မင်းရဲ့ အကြီးမားဆုံး ဆုံးဖြတ်ချက်အမှားပဲ…ကျိုးဟိုင်လို နေရာမျိုးမှာ အရည်အချင်းရှိတဲ့သူတွေက ရိုက်သတ်လို့ မကုန်နိုင်အောင် ပေါသောနေတာ… တကယ်လို့ မင်းသာ သာမန်တက္ကသိုလ်ကနေ ဘွဲ့ရပြီးတော့ ဘွဲ့လွန်ဆက်မတက်ဘူးဆိုရင် အဲ့လိုလူမျိုးတွေကို ကျော်တက်ပြီး အလုပ်ရဖို့ဆိုတာ တကယ် မလွယ်ဘူး…”

“ အင်း…. မင်းပြောတာလည်း ဟုတ်သလိုတော့ ရှိပါတယ်…. “

“ ဟား…. အလွယ်လေး လက်ခံလိုက်တယ်… ငါတို့ရဲ့ အရင်တုန်းက

အတန်းမော်နီတာက ခုလိုမဟုတ်ပါဘူးဟ…” ရှောင်ပင်း ရယ်မောလိုက်ပြီး “ အခုတော့ ပညာရေးနောက်ခံက ဘယ်လောက်အရေးပါလဲ ဆိုတာ နားလည်ပြီမလား.. ခုငါ့ကို ကြည့်လိုက်စမ်း… ဘွဲ့လွန်ရပြီးတော့ စွန့်ဦးတီထွင် စက်မှုလုပ်ငန်းတစ်ခုမှာ ငါ့ရဲ့ အတိုင်ပင်ခံနဲ့ အလုပ်လုပ်နေတယ်…. ငါ အလုပ်ကိစ္စနဲ့ ခရီးသွားရင်လည်း ကြယ်ငါးပွင့် ဟိုတယ်ကြီးတွေမှာတည်း…. စတားဘက်ခ် ကော်ဖီဆိုတာ သာမန် ပုံမှန်ကော်ဖီလေးတစ်ခွက်ပဲ… ငါ

ကျောင်းတုန်းက ဆရာကနေပြီး နေ့တိုင်း စာတွေ ရှယ်လုပ်ခိုင်းတာကို တော်တော်လေး စိတ်တိုတယ်.. ခု ဒီလိုအနေအထားရောက်တော့မှပဲ အဲ့တုန်းက ကြိုးစားမှုက ဘယ်လောက်ထိအရေးပါလဲ ဆိုတာ နားလည်မိတော့တယ်…”

ဟော်ယွမ်ယွမ် ရှောင်ပင်းကို ကြည့်လိုက်ပြီး သူမဘော့စ်၏ အတန်းဖော်များအားလုံးက ဂုဏ်ဖော်ရသည်ကို တော်တော်လေး နှစ်သက်ကြသည်ဟု မှတ်ယူလိုက်၏။

ထို့ပြင် အတင်းလုပ်ယူထားကြောင်း သိသာနေပြီး ချောမွေ့မှုလည်း လုံးဝ  မရှိချေ။

မည်သို့ပင်ဆိုစေ ကျီချင်းရန်နှင့် ထျန်းရန်တို့ကတော့ အဆိုပါ ကိစ္စကို လျစ်လျူရှုကာ သူမတို့ဖုန်းထဲရှိ အလှကုန်ပစ္စည်းများကို ဆက်လက်ကြည့်ရှုနေကြလေသည်။

အုပ်စုနှစ်ခုမှာ တစ်ဖက်ကိုတစ်ဖက် အနှောင့်အယှက် ဖြစ်စေချင်းမရှိ၊ ကိုယ့်ကိစ္စကိုယ် အာရုံစိုက်နေကြ၏။

“ ရှောင်ပင်း… မင်း ငါတို့ အတန်းမော်နီတာကို အဲ့လိုကြီးတော့ မပြောပါနဲ့ကွာ….” ကျိုးဟောက် ပြောလိုက်သည်။

“ ငါလည်း တခြား အဓိပ္ပာယ်နဲ့ ပြောတာမဟုတ်ပါဘူးဟ… လက်ရှိအနေအထားကို မူတည်ပြီး ရှင်းပြနေတာ… “ ရှောင်ပင်း ပြောပြီးနောက်

အချက်အလက် ကျကျဖြင့် “ ခယ်ရှင်းလိုပေါ့..
သူမကျောင်းတုန်းက ဘွဲ့လွန် ဆက်မတက်တော့ဘူး
ဆိုပြီး ခေါင်းမာနေတာ… အခုက
အတိုင်ပင်ခံကုမ္ပဏီကြီး လေးခုမှာ
အလုပ်သင်ဝင်ပြီးတော့ သူမရဲ့လက်ရှိ
အရည်အချင်းတွေနဲ့ဆိုရင် အလုပ်ကောင်း
မရနိုင်ဘူးဆိုတာ သိသွားတယ်လေ… အဲ့တော့
ပြန်လာပြီး ဘွဲ့လွန်ဆက်တက်လိုက်ရတယ်… အဲ့တာ
ဘာကြောင့်လည်းဆိုတော့ ကျိုးဟိုင်လို နေရာမျိုးမှာ
အရည်အချင်းရှိသူတွေ ရာချီ ထောင်ချီရှိပြီးတော့
ပြိုင်ဆိုင်မှုကလည်း ပြင်းထန်လို့ပဲ…”

“ ဟိတ်.... နင်တို့ စကားပြောမယ်ဆို
နင်တို့အချင်းချင်းပဲပြော.... မဆီမဆိုင် ငါ့ကို
လာဆွဲမထည့်နဲ့...” စုန့်ခယ်ရှင်းမှ ပြောလိုက်၏။

သို့သော်လည်း သူမ၏ မျက်ဝန်းများကတော့
ဝမ်းနည်းမှုများနှင့် ပြည့်နှက်နေကာ လင်းရီနှင့်
အကြည့်ချင်းမဆိုင်ဝံ့ဖြစ်နေပြီး ရင်ထဲတွင်လည်း
ယူကျုံးမရ ဖြစ်နေလေသည်။

အတိတ်တွင်တုန်းက လင်းရီမှာ စာတော်ပြီး
ဘတ်စကက်ဘောလည်း ကောင်းကာ
ရုပ်ရည်လေးပါပြေပြစ်သောကြောင့်
ဘွဲ့ရပြီးနောက်ပိုင်းတွင် အကောင်ကြီးကြီး တစ်ကောင်

ဖြစ်လာလိမ့်မည်ဟု လူတိုင်းက ထင်ကြေး
ပေးခဲ့ကြ၏။

သို့သော်လည်း ယခုလို ဆိုင်ငယ်လေးတွင်
ဟင်းလာချက်နေရလိမ့်မည်လို့တော့ မည်သူမျှ
ထင်မထားခဲ့ကြချေ။

ကြည့်ရသလောက်တော့ ပညာရေးနောက်ခံက
အတော်လေး စကားပြောသွားပုံပင်။

သူမ မိဘများ ပြောသည်က မှန်သည်။ မိန်းကလေးများ
တက္ကသိုလ်တက်နေစဉ်တွင် ချစ်ကျွမ်းမဝင်သင့်ပေ။
အဘယ်ကြောင့်ဆိုသော် သူမ ကြိုက်နှစ်သက်သည့်
ကောင်လေးက အနာဂတ်တွင် ဘာဖြစ်မလဲဆိုတာကို
မည်သူကမျှ ကြိုတင် မခန့်မှန်းနိုင်သောကြောင့်ဖြစ်၏။

လင်းရှိ၏ အဖြစ်အပျက်က ပမာကောင်း တစ်ခုပင်။

အကယ်၍ ကိုယ်ပိုင်မျက်လုံးဖြင့်သာ မမြင်လိုက်ပါက ကျောင်း၏ ထိပ်တန်းကျောင်းသားမှာ ယခုလိုအခြေအနေမျိုး ကျရောက်နေသည်ဆိုတာကို မည်သို့မျှ လက်သင့်ခံနိုင်လိမ့်မည် မဟုတ်ချေ။

ဘဝဟူသည်ကား ထိုကဲ့သို့ပင်။

ထင်မှတ်မထားမှုတို့ဖြင့် ပြည့်နှက်နေလေသည်။

**အခန်း (၆၀၇)**

**မင်း ငါ့ကို သင်ပြဖို့ အဆင့်မမှီသေးဘူး**

“ ငါက ဒီတိုင်း ဥပမာပေးနေတာပါကွာ…
စိတ်ထဲထားမနေနဲ့…”

ရှောင်ပင်း ရယ်မောလိုက်ပြီး သူ၏
မျက်နှာထက်တွင်တော့ ဝင့်ကြွားမှုတို့က အထင်းသား
ပေါ်လွင်နေလေသည်။

“ ငါတော့ အဆင်ပြေတယ် ထင်တာပဲ..” ဟွမ်လိလိ
ပြောလိုက်ပြီး “ အတန်းခေါင်းဆောင်ရဲ့လက်ရာက
အရမ်းစားကောင်းတယ်လေ… ပိုက်ဆံ
လုံလုံလောက်လောက် စုဆောင်းမိတာနဲ့
ကိုယ်ပိုင်ဆိုင်လေး ဖွင့်လိုက်မယ်ဆိုရင် သေချာပေါက်
ပိုက်ဆံအများကြီး ရနိုင်တယ်…”

လက်ရှိ သူမတို့ စားသောက်နေသည့်ဆိုင်က လင်းရီဖွင့်ထားခြင်းဖြစ်ကြောင်း သတိမမူမိသေးပဲ ဆိုင်ရှိ အလုပ်သမားတစ်ယောက်ဟုသာ ထင်မှတ်နေကြလေသည်။

“ မင်းထင်နေတာ ကိုယ်ပိုင် စီးပွားရေး လုပ်တာက လွယ်တယ်များ ထင်နေတာလား…”ရှောင်ပင်း ပြောလိုက်ပြီး “ ကျိုးဟိုင်လို နေရာမျိုးက တကယ့် အပြိုင်အဆိုင်တွေကြီးပဲ… မင်း ခြေတစ်လှမ်းမှားသွားခဲ့ရင် အရင်းပါပြုတ်သွားနိုင်တယ်.. တကယ်လို့ စီးပွားရေးလုပ်ဖို့ ပါရမီပါမလာဘူးဆိုရင် တည်ငြိမ်တဲ့ အလုပ်တစ်ခုလုပ်တာက အကောင်းဆုံးပဲ…”

“ ငါတော့ မထင်ပေါင်… ကျောင်းတက်တုန်းကဆိုရင်
အတန်းခေါင်းဆောင်က အရမ်း ထက်မြက်တာလေ….
တကယ်လို့ သူသာ စီးပွားရေးလုပ်မယ်ဆိုရင်
ရှုံးမယ်မထင်ပါဘူး… ခုလောလောဆယ် ဒုက္ခခံပြီးတော့
ဆိုင်တစ်ဆိုင်ကို ဘယ်လိုတွေ စီမံတယ်ဆိုတာ
လေ့လာထားရင် အနာဂတ်ကျ ပိုပြီး
အဆင်ပြေတာပေါ့…”

“ အတန်းခါင်းဆောင်… နင် တကယ်လို့ ကိုယ်ပိုင်ဆိုင်
ဖွင့်တော့မယ်ဆိုရင် ငါ့ကို အသိပေးနော်… ငါ နင့်ဆိုင်မှာ
ရင်းနှီးဦးမယ်…”

အလှကုန်ပစ္စည်းများ ကြည့်နေသည့် ကျိချင်းရန်မှာ
ခေါင်းမော့၍ အနီး အမျိုးသမီးကို ကြည့်လိုက်၏။

သူမအပေါ် ခြိမ်းခြောက်နိုင်စွမ်း မရှိသည်ကို မြင်တော့ သူမ၏ အကြည့်များကို ပြန်လည် ရုတ်သိမ်းကာ ဖုန်းထဲရှိ အလုပ်ကုန် ပစ္စည်းများကို ဆက်ကြည့်နေလိုက်သည်။

“ မလိုပါဘူးကွာ.. ငါက ဒီတိုင်း အပျော်တမ်း ချက်ပြုတ်နေတာ… ဒီအလုပ်ကနေလည်း အချိန်မရွေး ထွက်ချင် ထွက်သွားနိုင်တယ်…”

“ ထွက်မယ်…” ရှောင်ပင်း အလောတကြီး မေးလိုက်ပြီး “ အတန်းမော်နီတာ… မင်း အဲ့လို အလုပ်တွေ ဟိုစပ်စပ် ဒီစပ်စပ် လိုက်လုပ်နေတာက မင်းအတွက် မကောင်းဘူးနော်…အနာဂတ်ကျရင်

ကြီးကြီးမားမားကြီးတွေ လုပ်နိုင်ဖို့ ခက်ခဲသွားလိမ့်မယ်…”

လင်းရီ ခပ်ရေးရေး ပြုံးလိုက်ပြီး “ မင်းက ငါ့ကို ဘာလုပ်ညာလုပ်ဆိုပြီး လာသင်ပေးနေတာလား…”

“ အတန်းမော်နီတာ… ငါတို့ကောင်တွေက ဘွဲ့တောင်ရပြီးနေပြီ.. မင်းရဲ့ လွှမ်းမိုးမှုတွေကို အတိတ်မှာထားခဲ့လိုက်တော့…” ရှောင်ပင်း ပြောလိုက်ပြီး “ ကျောင်းတုန်းကတော့ မင်းက ငါ့ထက်ပိုသန်မာတယ်ဆိုတာ ဟုတ်တယ်.. ဒါပေမယ့် ငါကဘွဲ့လွန်တက်ထားတော့ အနာဂတ်ကျ ပိုပြီး မြင့်တဲ့နေရာကို တက်လှမ်းသွားတော့မှာ….. အဲ့ဒီအချိန်ကျမင်းက ဘာမဟုတ်တဲ့ စားဖိုးမှူးလေးပဲ… ငါတို့ရဲ့

အဆင့်အတန်းချင်းက
ဘယ်လောက်ခြားသွားမယ်ထင်လဲ....အဲ့လိုမျိုး
ဖြစ်မယ့်ငါက မင်းကို အကျိုးသင့် အကြောင်းသင့်
ပြောပြပေးနေတာကို မင်းက လက်မခံနိုင်ဘူးလား...”

လင်းရီ ပြုံးလိုက်ပြီး ရှောင်ပင်း၏ ပခုံးကို ပုတ်လိုက်ကာ
“ ညီကိုပင်း.. မင်း ဘယ်လို ခံစားနေရလဲဆိုတာ
ငါနားလည်တယ်.. မင်းက ဘွဲ့လွန်ကျောင်းသား ...
ငါကျတော့ ဘာမဟုတ်တော့
စားဖိုမှူးလေးတစ်ယောက်... ငါ့ရဲ့
အလုပ်အကိုင်အဆင့်အတန်းက မင်းနဲ့ယှဉ်မယ်ဆိုရင်
အဝေးကြီးပဲ... ဆိုတော့ မင်းကိုယ်မင်း
သူများထက်သာတယ်လို့ ထင်နေလိမ့်မယ်... ဒါပေမယ့်
ငါ့ရှေ့မှာတော့ အဲ့လို စောက်တတ်ကြီး လာမလုပ်နဲ့...

ဒီလူ့အသိုင်းအဝိုင်းကြီးထဲမှာ ငါကျင်လည်လာတာ နှစ်ပိုင်း မနည်းတော့ဘူး…ခါးတဲ့အရသာက ဘယ်လိုမျိုးလဲဆိုတာကို ငါ ကောင်းကောင်းကြီး အရသာခံခဲ့ပြီးပြီ … မင်းက ငါ့ကို သင်ပြပေးဖို့ အရည်အချင်း မမှီသေးဘူး…..”

ရှောင်ပင်း မျက်နှာ ရုတ်ချည်း နီရဲလာခဲ့ပြီး မျက်စိပျက် မျက်နှာပျက် ဖြစ်သွားခဲ့၏။

ထိုအခိုက်အတန့်တွင် လင်းရီက သူ့ကို စကားလုံးများဖြင့် အမှုန့်ကြိတ်သွားခဲ့သည်ဟု ခံစားနေရလေသည်။

စိတ်တိုချင်စရာ အကောင်းဆုံးကတော့ တစ်ဖက်သူမှာ ဘာမျှ ဖြစ်ဖြစ်မြောက်မြောက် မရှိထားသည့်

လူတစ်ယောက်ပင်။ သူနှင့် မိုင်ပေါင်းများစွာ ကွာဝေးနေသော်လည်း ၄င်းက အဆင့်ချင်း မတူသလို ဆက်ဆံသွားခဲ့လေသည်။

ထျန်းရန် သူမခေါင်းကို တိတ်တဆိတ် ခါရမ်းလိုက်ပြီး ‘ ဘယ်သူကမှ ဘော့စ်လင်းလောက် မကြီးစိုးနိုင်ဘူး.. တကယ်လို့ တစ်နေ့ သူ ကျရှုံးသွားခဲ့မယ်ဆိုရင်တောင် လေးစားမှုနဲ့ ထိုက်တန်နေတုန်းပဲ…”

အခြေအနေ မဟန်သည်ကိုမြင်တော့ ဟွမ်လိလိ ရှေ့ထွက်လာပြီး စကားလမ်းကြောင်းလွဲလိုက်၏။

“ အတန်းခေါင်းဆောင် ဒါတွေ စုစုပေါင်း ဘယ်လောက်ကျလဲ… “

သူမ၏ ပေါ့ပါးသည့် လေသံမှ တစ်ဆင့် ထိုမျှပမာဏကို အလေးမထားကြောင်း သိသာလေသည်။

“ မလိုပါဘူးကွာ.. အတန်းဖော်တွေကိုပဲ.. ငါ ကျွေးတယ်လို့ သဘောထားလိုက်...” လင်းရှိ ရက်ရောသည့် လေသံဖြင့် ပြောလိုက်၏။

“ ဟက် မလုပ်ပါနဲ့.. မင်းရဲ့ဆိုင်က ဈေးမပေါဘူးဟ... ငါတို့ ငါးယောက်စားတဲ့ စားရိတ်က အနည်းဆုံး ယွမ်တစ်ထောင်ကျော်တယ်.. တကယ်လို့ ဒီကိစ္စကြောင့် မင်း သူဌေးဆီက အဆူခံရမယ်ဆိုရင် ငါတို့ တာဝန် မယူနိုင်ဘူးဟျောင့်...”

ရှောင်ပင်း သူ၏ ဖုန်းကို ထုတ်လိုက်ပြီး
လှည့်ကစားလိုက်ကာ “ ဘယ်လောက်ကျလဲ…
ငါရှင်းမယ်…”

“ ကောင်းပြီလေ… ရှင်းချင်သပ ဆိုရင်လည်း
သဘောပဲ…”

“ စုစုပေါင်း ၁၂၈၀ ယွမ်ကျတယ်..” ဟော်ယွမ်ယွမ်
ပြောလိုက်၏။

ရှောင်ပင်း တုံ့ဆိုင်းနေခြင်းမရှိ၊ ဝီချက်ဖွင့်ကာ
ပိုက်ဆံရှင်းပေးလိုက်၏။ လင်းရီ၏ အရှိန်အဝါကို သူ၏
ကြွယ်ဝမှုဖြင့် ဖိနှိပ်ချင်နေလေသည်။

ပော်ယွမ်ယွမ်နှင့် ထျန်းရန်တို့ ပန်းကန်ပြားများကို မီးဖိုချောင်ထဲသို့ ယူသွားပြီး ဆေးကြောရေစစ်လိုက်ကြ၏။ တစ်နေ့တာ ဆိုင်ဖွင့်ခြင်း လုပ်ငန်းစဉ်မှာ ပြီးဆုံးသွားခဲ့ချေပြီ။

“ အတန်းခေါင်းဆောင် ငါတို့ ကျောင်းပြီးတာလည်း ကြာနေပြီဆိုတော့ ရှောင်ပင်းက ကျောင်းသားဟောင်းတွေဆုံပွဲ လုပ်မယ်ဆိုပြီး အကြံပြုထားတယ်.. ဒီနေ့ နင်နဲ့ တွေ့တာနဲ့ အတော်ပဲ.. နင် ဆက်ဆက်လာခဲ့ရမယ်နော် …..”

ဆိုင်မှ မထွက်ခွာမီ ဟွမ်လိလိ စကားစလာခဲ့၏။

“ ငါတို့ အတန်းဖော်တွေက တစ်နေရာဆီ ရောက်နေကြတာ.. သေချာပေါက် လူစုံမှာ မဟုတ်ဘူး… ဒီတစ်ခေါက်တော့ ငါမလာတော့ဘူး…”

“ တကယ်လို့ နင်မလာဘူးဆိုရင် ဘယ်လိုလုပ်ပြီး ပျော်စရာကောင်းတော့မှာ…”

“ အင်း…. စောင့်ကြည့်တာပေါ့ကွာ..” လင်းရီ သာမန်ကာ လျှံကာပြန်ပြောလိုက်ပြီး စိတ်ထဲ ထားမနေချေ။

“ လိလိ… သူက မလာချင်ဘူး ဆိုရင်လည်း အတင်းခေါ်မနေနဲ့လေ..” ရှောင်ပင်း ပြောလိုက်ပြီး “ အတန်းခေါင်းဆောင်ရဲ့ လက်ရှိ အခြေအနေက

မကောင်းတော့ အတန်းဖော်တွေနဲ့ ပြန်တွေ့ရမှာ ရှက်တာက သဘာဝပဲလေ…”

လင်းရီ၏ ဝတ်စုံကို ကြည့်ရင်း သူမ သက်ပြင်းချလိုက်သည်။

ဩဇာကြီးမားခဲ့သည့် အတန်းခေါင်းဆောင်မှာ ယခုတော့ သိမ်ငယ်ဖွယ်ရာ အခြေအနေသို့ ကျရောက်နေရှာသည်။

“ လိုလို လေကြောရှည်မနေနဲ့တော့… အတန်းခေါင်းဆောင်နဲ့ ကျန်တဲ့သူတွေက အလုပ်ဆင်းတော့မှာ.. ငါတို့လည်း ပြန်ကြစို့..” စုန့်ခယ်ရှင်းမှ ပြောလိုက်သည်။

“ ခယ်ရှင်း… နင် ငါတို့ရဲ့အတန်းခေါင်းဆောင်ကို
တစ်ခုခု မပြောချင်ဘူးလား…” ဟွမ်လိလိ ပြောလိုက်ပြီး
“ တက္ကသိုလ်မှာတုန်းက အတန်းခေါင်းဆောင်ကို
ကြိတ်ခရက်နေတာ နင်လေ…”

“ အိုက်ယား… ကျောင်းပြီးတာတောင်
ဘယ်လောက်ကြာနေပြီလဲ.. နင်က
အဲ့ဒီအကြောင်းတွေကို ခုထိ ပြောတုန်းပဲလား…”
စုန့်ခယ်ရှင်း ပြောလိုက်၏။

“ အေးပါ အေးပါ… မပြောတော့ပါဘူး..”

“ အတန်းခေါင်းဆောင် ငါ လိုက်ပို့ပေးရဦးမလား…
ကားဝယ်ထားတာမကြာသေးတော့ နင်လိုအပ်ရင်
ပြောနော်…”

“ ရတယ်.. ငါ့မှာလည်း ကားရှိတယ်.. ကျေးဇူးပဲ…”

“ အွန်း.. ငါ နောက်လည်း လာအားပေးမယ်…”

“ အေးအေး…”

ကျေးဇူးတင်စကားများ ဖလှယ်ပြီးနောက် ဟော်ယွမ်ယွမ် ထျန်းရန်နောက် လိုက်လာခဲ့ကာ ဆိုင်ပိတ်ရန် ပြင်ဆင်လေသည်။

အုပ်စုမှာ ဆိုင်အပြင်ဘက်သို့ ရောက်ရှိလာခဲ့ပြီး လင်းရီကတော့ ပင်မတံခါးကို သော့ခတ်ရန် တာဝန်ယူထား၏။

“ ယွမ်ယွမ် .. နင် ဘယ်လဲ သွားမှာ..”

နှစ်ယောက်မှာ အတူလာခဲ့သောကြောင့် နှစ်ယောက်လုံး ထျန်းရန်၏ ကားထဲသို့ ဝင်ထိုင်လိုက်ကြသည်။

“ စောသေးတယ်ဆိုတော့ ကုမ္ပဏီ သွားကြတာပေါ့… အဲ့မှာလည်း လုပ်စရာတွေက အများကြီးပဲ… ဟူး… ပင်ပန်းရပြန်ဦးမယ်..”

“ အဲ့ဒါဆို ငါလည်း အိမ်မပြန်တော့ဘူး… အတူတူ အချိန်ပို ဆင်းကြတာပေါ့…”

ထျန်းရန် ကားပေါ်မှ နေ၍ လင်းရိကို နှုတ်ဆက်လိုက်၏။

“ ဥက္ကဌလင်း… ဥက္ကဌကျီ… ကျွန်မတို့
အရင်သွားနှင့်ပြီနော…”

ကားထဲသို့ ဝင်ရန် ဟန်ပြင်နေကြသည့် ရှောင်ပင်းတို့
အုပ်စုမှာ ထျန်းရန် လင်းရီကို ခေါ်ဝေါ်သုံးစွဲလိုက်သည့်
စကားလုံးကို ကြားတော့ ကြောင်အမ်းအမ်း
ဖြစ်သွားခဲ့ကြ၏။

တစ်ချိန်တည်းတွင် အားလုံး ရှုပ်ထွေးသွားခဲ့ကြသည်။

သူမ ဥက္ကဌလင်းဆိုပြီး ခေါ်လိုက်တာလား..

အဲ့ကောင်က စားဖို့မှူးလေ…

“ အင်း.... ကြည့်ကြပ်လည်းလုပ်ကြဦးနော်.. ကျန်းမာရေး မထိခိုက်စေနဲ့..” ကျီချင်းရန် ပြုံးလိုက်၏။

“ လင်းယွမ်အုပ်စုက နင်တို့ကို လိုအပ်တယ်...”

ကျီချင်းရန်မှ လေဒီဘော့စ်၏ အခန်းကဏ္ဍကို သရုပ်သကန် ပီပြင်စွာဖြင့် ဆောင်ရွက်လိုက်သည်။ လင်းရီမှ သူမတို့ နှစ်ယောက်ကို ခဲ အရေညစ်သကဲ့သို့ ညစ်ထုတ်ထားသောကြောင့် သူမဘက်မှ နူတ်၏ ဆောင်မမှုဖြင့် စိတ်ခွန်အားပေးရန် လိုအပ်လေသည်။

ထိုသို့ဖြင့် မျှချေမှာ ညီမျှသွားတော့၏။

“ အတန်းခေါင်းဆောင်.... သူတို့က နင့်ရဲ့ လက်အောက်ငယ်သားတွေလား...” လိလိမှ မေးမြန်းလိုက်သည်။

“ အင်း...” လင်းရီ ခေါင်းငြိမ့်လိုက်ပြီး “ တစ်ယောက်က ဘဏ္ဍာရေး ဒုဉက္ကဌ.. တစ်ယောက်ကကျတော့ ရင်းနှီးမြှုပ်နှံရေးဌာနရဲ့ ဒုဉက္ကဌ... နောက်ဆုံး တစ်ယောက်ကတော့ ငါ့ရဲ့ လေဒီဘော့စ်ပေါ့...”

“ အ... အတည်ကြီးလား...”

“ ငါက ဘာကိစ္စ ညာရမှာ...” လင်းရီ ရယ်မောလိုက်ပြီး “ မင်းတို့ကောင်တွေ ပါရဂူဘွဲ့ရပြီးရင် ငါ့ကုမ္ပဏီလာပြီး အလုပ်လာလျှောက်ကြပေါ့... ငါ HR ဌာနကို ပြောထားပေးမယ်...”

ရှောင်ပင်းနှင့် ကျန်သူများအားလုံး ရှော့ခ်ရသွားခဲ့ကြ၏။

“ ပါရဂူဘွဲ့…”

“အဲ့ဒီ သုံးယောက်မှာ နှစ်ယောက်ကကျတော့ ရန်တက္ကသိုလ်ကနေ PhD ဘွဲ့ရထားတာ… ကျန်တဲ့ တစ်ယောက်ကျတော့ ဖူတန်တက္ကသိုလ်က … သူတို့ရဲ့ ဘွဲ့လွန်ဒီဂရီတွေကတောင် ငါ့ကုမ္ပဏီမှာ သိပ်ပြီးမလုံလောက်သေးဘူး.. ဒါကြောင့်မို့ အလုပ်ကြိုးစားဖို့ လိုနေသေးတုန်းပဲ…”

“ အတန်းခေါင်းဆောင် .. PhD ဘွဲ့ရထားတဲ့သူတွေတောင် နင့်လက်အောက်မှာ အလုပ်လုပ်ရတယ်ဆိုတော့ သေချာပေါက်

အဆင်ပြေနေတာပဲ…” ဟွမ်လိလိ အံ့အားသင့်နေသည့် လေသံဖြင့် ပြောလိုက်သည်။

“ ကံကောင်းသွားတာပါကွာ… ကုမ္ပဏီထောင်ပြီးတော့ ပိုက်ဆံတစ်ချို့ ရှာလိုက်နိုင်တာလေးပဲ….. ဟိုလို ရေးကြီးခွင်ကျယ်ကြီးလည်း မဟုတ်ပါဘူး… အိုကေ… ဒီလောက်ပဲ…ငါတခြား လုပ်စရာလေးတွေ ရှိလို့ ပြန်တော့မယ်..”

“ အတန်းခေါင်းဆောင် … ခဏ..”

လင်းရီ ထွက်သွားတော့မည့် အချိန်တွင် စုန့်ခယ်ရှင်း နောက်မှ လှမ်းအော်လာခဲ့၏။

“ နင် လေးငါးရက်နေရင် အတန်းတွေဆုံပွဲ လာခဲ့ဦးမှာလား…”

“ မပြောတတ်သေးဘူး… စောင့်ကြည့်တာပေါ့….”

လင်းရီ စကားအလှ သုံးလိုက်ပြီး ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

ဟော်ယွမ်ယွမ်မှ ထျန်းရန်၏ ပနားမီးရားထဲဝင်သွားပြီး ကျီချင်းရန်ကတော့ သူမ၏ မာစီးတီးထဲသို့ ဝင်ကာ လင်းရီကတော့ Koenigsegg ထဲသို့ ဝင်သွားခဲ့၏။

ရှောင်ပင်းနှင့် ကျန်သူများကတော့ အဆိုပါ မြင်ကွင်းကို ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေကြလေသည်။

“ အတန်းခေါင်းဆောင်က တကယ်ကြီး Koenigsegg မောင်းနေတာလား…. “ ကျိုးဟောင်မှ မျက်လုံးပွတ်လျက် ပြောလိုက်၏။

“ အဲ့ကားက စျေးမပေါဘူး…”

“ နာမည်ကြီးကျောင်းဆင်းတွေတောင် အတန်းခေါင်းဆောင် လက်အောက်မှာ အလုပ်လုပ်နေတယ်ဆိုတော့ ပိုက်ဆံ အများကြီး ရှာနိုင်မှာ သဘာဝပဲလေ.. အဲ့တော့ စူပါကားမောင်းတာ မဆန်းပါဘူး…”

ဟွမ်လိလိမှ များများမတွေးသော်လည်း ရှောင်ပင်းနှင့် ကျန်သူများကတော့ ယူကျုံးမရ ဖြစ်နေကြ၏။

သူတို့မှာ မနက်စောစောထပြီး ညနက်သည်အထိ ကြိုးစားပမ်းစားနှင့် စာလေ့လာခဲ့ကာ အဆုံးတွင် ကျိုးဟိုင် တက္ကသိုလ်မှ ဘွဲ့ရခဲ့လေသည်။

သို့သော်လည်း အနီ လင်းရိကဲ့သို့ ကျောင်းမှ စောစီး အနားယူသွားသူ လက်အောက်တွင် အလုပ်လုပ်ဖို့ပင် အခွင့်အရေးမရှိရာ ယင်းက ဝမ်းနည်းဖွယ်ရာပင်။

“ ငါတော့ သူ အတန်းတွေ့ဆုံပွဲ တက်မယ်မထင်ဘူး..” စုန့်ခယ်ရှင်း ပြောလိုက်သည်။

“ သေချာပေါက် ဘယ်လာမှာ…ငါတို့က အဆင့်အတန်းခြင်း ခြားသွားပြီဆိုတော့ သူနဲ့ တန်းတူထိုင်စားဖို့ မဖြစ်နိုင်တော့ဘူးလေ..”

“ အဲ့တာလည်း တစ်ခုကောင်းတာပဲ.. ငါ ဘွဲ့ရပြီးသွားရင် အတန်းခေါင်းဆောင်နား အလုပ်တစ်နေရာ တောင်းလို့ရတယ်လေ…ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ကိုတော့ ပစ်မထားလောက်ပါဘူးဟ…”

“ အွန်း .. ငါလည်း အဲ့လိုတွေးနေတာ.. အချိန်ကျလာရင် ငါတို့နှစ်ယောက် အတူသွားကြမယ်လေ…”
စုန့်ခယ်ရှင်းမှ အဖော်ညှိလိုက်၏။

“ ခယ်ရှင်း .. မင်းဘွဲ့ရပြီးရင် ငါနဲ့အတူ ရန်ကျင်းသွားမယ်လို့ ကတိပေးထားတာ မဟုတ်ဘူးလား… “

“ အမ်…. ရန်ကျင်းရဲ့ ဖိအားက အရမ်းကြီးလွန်းတယ်… ငါနဲ့ မသင့်တော်ပါဘူး… ကျိုးဟိုင်မှာ ဆက်နေတာပဲ ကောင်းပါတယ်..”

ရှောင်ပင်း “ …. “

**အခန်း (၆၀၈)**

**ပစ္စည်း ပြန်တင်ချင်တယ်**

စားသောက်ဆိုင်မှ ထွက်လာခဲ့ပြီးနောက် နှစ်ယောက်မှာ ကျိုကျုံးဗီလာသို့ မောင်းနှင်လာခဲ့ကြသည်။

ကျီချင်းရန်မှ လင်းရီမျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီး သူမ မျက်နှာပေါ်တွင် မတူညီသည့် အလှတရားကို သယ်ဆောင်ထားသည့် အပြုံးတစ်ပွင့်ကလည်း ရှိနေပြန်သည်။

“ ဟော့…. ဘာလို့ အဲ့လိုကြီး လာကြည့်နေတာ…”

“ အတန်းခေါင်းဆောင်လင်း… ရှင် ကျောင်းတုန်းက ပလေးဘွိုင်း ဖြစ်ခဲ့တယ်ထင်တယ်… သူတို့စားနေတုန်းက ဆံပင်အရှည်နဲ့ ကောင်မလေးက နင့်ကို ရေလာမြောင်းပေး လုပ်နေတာ ဟုတ်တယ်ဟုတ်…”

“ သေချာတာပေါ့ကွ… ငါ့မျက်နှာက ရှုံးပြဖို့ ထားထားတာမှ မဟုတ်တာ…”

“ အဲ့တာဆို နင်မကောင်းတာတွေကော လုပ်ခဲ့သေးလား…” ကျီချင်းရန် သူမ လက်သီး သေးသေးလေးကို ငုံ့ယမ်းလျက် မေးလိုက်သည်။

“ ဘယ်လိုလုပ် ဖြစ်နိုင်မှာ… ငါက ရိုးသားပြီး မိန်းကလေးတွေကို တန်ဖိုးထားတတ်တဲ့ကောင်ပါဟ…. ဘယ်လိုလုပ်ပြီး မကောင်းတဲ့ဟာတွေ လုပ်ရမှာ…”

“ သေချာလို့လား…  နင်ငါ့ကို မညာနဲ့နော်…”

“ သေချာတယ်.. တကယ်လို့ ငါညာခဲ့ရင် မိုးကြိုး အပစ်ခံရပါစေ….”

“ အဲ့လိုမျိုး ကျိန်စရာ မလိုပါဘူး… ငါက နင့်ကို ယုံပြီးသားပါ…”

လင်းရီ ကျိန်လိုက်သည်ကို မြင်တော့ ကျီချင်းရန်  လင်းရီ၏ စကားကို မယုံကြည်ရန် အကြောင်းပြချက်မရှိဟု ခံစားလိုက်ရလေသည်။

“ ငါရေသွားချိုးတော့မယ်… နင်ကတော့ ကိုယ်ဘာကိုယ်ပဲ ချိုးတော့…”

သူမ ရွှင်မြူးစွာဖြင့် ပြောလိုက်ပြီး “ ဒီနေ့ နင် တက္ကသိုလ်တုန်းက လိမ်မှာခဲ့တာတွေကို ဆုချတဲ့အနေနဲ့ နောက်ထပ် အနမ်းတစ်ပွင့် ထပ်ပေးလိုက်မယ်…”

သို့နှင့် ကျီချင်းရန် လင်းရီပါးထက်တွင် နှုတ်ခမ်းနီရာပေးလိုက်ပြီး ဒုတိယထပ်ရှိ ရေချိုးခန်းထဲသို့ ရေသွားချိုးလေသည်။

လင်းရီ အနမ်းခံရသည့် နေရာကို ထိတွေ့ရင်း ရေရွတ်လိုက်၏။

“ အဲ့တာက ငါ့ညီလေးလုပ်ခဲ့တာလေ...  ငါလုပ်တာမှ မဟုတ်တာ...”

ကျီချင်းရန် ရေသွားချိုးနေစဉ် လင်းရီ စာကြည့်ခန်းထဲသို့ ပြန်၍ စနစ်၏ စာမျက်နှာကို ဆင့်ခေါ်လိုက်၏။

စနစ်မစ်ရှင် (၂၁,၇၉၀/ ၁၀၀,၀၀၀)

လင်းရီ တွေးတောကြည့်လိုက်၏။ အကယ်၍ သူသာ ယနေ့ ဆိုင်အစောကြီး မသိမ်းလိုက်ပါက ယခုထက်ပိုရနိုင်သည်ဟု ခံစားမိလေသည်။

ယနေ့ ကတ်စတန်မာကျသည့် နှုန်းအတိုင်း ဆိုပါက သူ မစ်ရှင်ကို ရက်အနည်းငယ်အတွင်း ပြီးမြောက်နိုင်တော့မည်ဖြစ်၏။

ထိုအကြောင်းတွေးတောပြီးနောက် လင်းရီ လက်နှစ်ဖက်ကို ခေါင်းအုံးလုပ်ကာ ဆိုဖာနောက်သို့ မှီ၍ ကုမ္ပဏီအကြောင်း စတင်စဉ်းစားသည်။

လက်ရှိ လင်းယွမ်အုပ်စု၏ မိုဘိုင်းဖုန်းစီးပွားရေးမှာ အရေးအကြီးဆုံးဖြစ်ပြီး ချစ်ပ် 3.0 ၏ အရေးပါပုံနှင့်ပင် နှိုင်းယှဉ်၍ ရလေသည်။

လီတိုဂရပ်ဖီစက်ကို အချိန်တိုအတွင်း ဖန်တီးနိုင်မလား ဆိုတာကလည်း မိုဘိုင်းဖုန်းစီးပွားရေး အောင်မြင်စွာ ဖြန့်ဖြူးနိုင်ခြင်း အပေါ် မူတည်နေလေသည်။

ထိုအကြောင်းတွေးတောရင်း လင်းရီ ချီရှန်းကျောက်ထံ ထပ်မံခေါ်ဆိုလိုက်၏။

သူတို့နှင့် ဆက်သွယ်ပြီး အသေးစိတ် ဆွေးနွေးပြီးသောအခါမှသာ စိတ်သက်သာရာ ရသွားတော့သည်။

မကြာမီ ကျီချင်းရန် ဝင်ရောက်လာခဲ့၏။ မိုးပြာရောင် ညအိပ်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမခေါင်းတွင်တော့ တဘက်ကို ပေါင်းထားလေသည်။

လက်ထဲတွင် Notebook တစ်လုံးနှင့် pen ကိုကိုင်၍ စက်ဝိုင်းများပြုလုပ်ရင်း တစ်စုံတစ်ခုကို အသည်းအသန် တွက်ချက်နေသည်။

“ ဘာတွေ ပွတ်တွတ် ပွတ်တွတ် လုပ်နေတာ…” လင်းရီ မေးမြန်းလိုက်၏။

“ ဒီနေ့ အလုပ်မသိမ်းခင် မီးဖိုချောင်ထဲက ပစ္စည်းတွေကြည့်လိုက်တော့ ငါတို့ မကြာခင် ကုန်ကြမ်းတွေ ပြတ်တော့မှာ.. ပြီးတော့ လက်ကျန် ဟင်းသီးဟင်းရွက်တွေကလည်း နွမ်းပြီးတော့မှ မလတ်ဆတ်တော့ဘူး.. တကယ်လို့ စားသုံးသူတွေကို အဲ့ဒီ အမယ်တွေနဲ့ ဝန်ဆောင်မှုပေးမယ်ဆိုရင်

သေချာပေါက် အရသာအပေါ် သက်ရောက်မှု ရှိမှာပဲ....”

“ ဆိုတော့...”

ကျီချင်းရန် ကူကယ်ရာမဲ့နေဟန်ဖြင့် ပခုံးတွန့်လိုက်ပြီး “ ငါတို့ ပစ္စည်းတွေ ထပ်ဖြည့်ရတော့မယ်လေ...”

“ အဲ့တာဆိုလည်း ဖြည့်ကြတာပေါ့....
ဘာဆန်းတာမှတ်လို့..”

“ ဒါပေမယ့် ငါတွက်ချက်ကြည့်လိုက်တော့ ပြီးခဲ့တဲ့ ရက်တွေက စုစုပေါင်း ဝင်ငွေက ၂၁,၀၀၀ ရှိတယ်... ငါတို့ရဲ့အသားတင် အမြတ်ငွေက ယွမ် ၈,၀၀၀ .... ဆိုင်အတွက် ရေဖိုး လျှပ်စစ်မီတာဖိုး

လေးရက်စာ နှုတ်လိုက်မယ်ဆိုရင် ယွမ် ၂,၄၀၀တည်း ကျန်တော့တယ်..”

လင်းရီ ပြုံးလိုက်ပြီး “ အဲ့ဒီ ပိုက်ဆံနည်းနည်းလေးက မင်းရဲ့အိတ်တစ်လုံး ဝယ်ဖို့တောင် မလောက်ဘူးမလား…”

“ အိတ်ဝယ်ဖို့မပြောနဲ့… အကန့်အသတ်နဲ့ ထုတ်တဲ့ ရေမွှေးတောင် မရဘူး…”
ကျိုချင်းရန် ကော်ဇောပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး ဆက်လက် လေ့လာဆန်းစစ်နေလိုက်၏။

“ တကယ်တော့ ငါတို့တွေ အရေးကြီးတဲ့ ပြဿနာတစ်ခုကို မေ့ထားကြတယ်သိလား…”

“ ဘာပြဿနာလဲ…”

“ အိမ်…”

“ တကယ်လို့ ငါတို့ အိမ်ငှားနေမယ်ဆိုရင် လတိုင်း အိမ်ငှားခ ပေးရမှာ.. တကယ်လို့ ချေးငွေနဲ့ အိမ်ဝယ်မယ်ဆိုရင်တောင် လတိုင်း အကြွေးဆပ်ရမှာပဲ… အဲ့လိုဆို ငါတို့ သုံးနိုင်တဲ့ ပမာဏက ပိုပြီးနည်းသွားတော့မှာ..နောက်ပြီး ငါတို့ ဖျားသည်နာသည်ရှိသော် ဆေးကုသစရိတ်တွေ ထည့်မတွက်ရသေးဘူး… တကယ်လို့ ကလေးတွေ ရှိလာပြီးတော့ ကျောင်းဘာညာ ထားရမယ်ဆိုရင် ပိုပြီး ကျပ်တည်းသွားတော့မှာ…
ခေတ်သစ်လူ့အဖွဲ့အစည်းကြီးက ဖူးသစ်စ

စွန့်ဦးစီးပွားရေး လုပ်ငန်းရှင်တွေအပေါ် တကယ့်ကို မငဲ့ညှာတာပဲ…”

“ ဒါကြောင့်မို့ ငါ့အတန်းဖော် ပြောသွားတဲ့ အထဲမှာ တစ်ချက်တော့မှန်တယ်.. ဒီရဲ့လူ့ပတ်ဝန်းကျင်ထဲမှာ ရှင်သန်နေထိုင်နိုင်ဖို့ဆိုရင် ပညာရေးနောက်ခံက တော်တော်လေး အရေးကြီးတယ်…”

“ အွန်း….”

ကျီချင်းရန် သူမ၏ ကျောကို မတ်လိုက်ပြီး
“ နင်ပြောတာကို အခြေခံရမယ်ဆိုရင် ရန်ကျင်းက PhD ဘွဲ့ရတွေအတွက်တော့ စျေးကွက်ရှိပါသေးတယ်.. ဒါပေမယ့် နင့်လို သာမန်ဘွဲ့ရလေးတွေအတွက်ကတော့ စိတ်မကောင်းစရာပဲ…”

“ ဘာလဲ … ငါ့ကို ခွဲခြားခွဲခြား လုပ်နေတာလား…”

“ နင်သိရင်ပြီးတာပဲလေ… ငါအကျယ်ကြီး ထုတ်မပြောဘူးဆိုတာက နင့်ကို စိတ်ဓာတ်မကျစေချင်လို့…”

“ ငါက ဒီလောက် ရုပ်ချောတာကို စားဖို့သောက်ဖို့ အလုပ်လုပ်စရာ လိုသေးလို့လားကွ… အနာဂတ်ကျရင် ကိုယ့်ရဲ့ချင်းရန်လေးက အလုပ်ကြိုးစားပြီး ထောက်ပံ့ပေးမယ်ဆိုရင် အဆင်ပြေပြီလေ… ဟုတ်တယ်ဟုတ်….”

ကျီချင်းရန် မေးလေးထောက်လိုက်ပြီး မျက်ဝန်းများက ဆန်းသစ်စ လခြမ်းကဲ့သို့ ကွေးညွတ်သွားကာ ပုလဲကဲ့သို့

ဖြူသွယ်သည့် သွားများ ပေါ်လာသည်အထိ ပြုံးလိုက်ပြီး “ ရတယ်လေ....”

“ အဲ့ဒါဆို အတည်ဖြစ်သွားပြီနော်... မင်းငါ့ကို ရှာကျွေးတော့...”

“ ခစ်ခစ်....နင့်ကို ရှာကျွေးရတာက ပြဿနာမရှိဘူး... ဒါပေမယ့် လောလောဆယ် ငါတို့ ဟင်းချက်စရာတွေ ပြတ်တောက်တော့မယ့် ပြဿနာကို အရင် ဖြေရှင်းဖို့လိုတယ်...” ကျီချင်းရန် လင်းရီရှေ့တွင် Notebook ကို ဝှေ့ယမ်းပြရင်း ပြောလိုက်၏။

“ ခု ငါတို့ရဲ့ အသုံးစရိတ်က ယွမ် ၂,၄၀၀ ရှိတယ်.. သာမန်လူတစ်ယောက်လို နေထိုင်ဖို့ တစ်နေ့ လိုအပ်တဲ့စရိတ်က ယွမ် ၁,၀၀၀ ....”

“ အဲ့ဒါဆိုလည်း မင်းပြောတဲ့အတိုင်း ယွမ်တစ်ထောင်ကို အသုံးစရိတ်ဖယ်ထားပြီး ပိုတဲ့ ၁,၄၀၀ကို ဟင်းချက်စရာတွေ ဝယ်လိုက်မယ်လေ…” လင်းရီ ပြောလိုက်ပြီး “ ကျိန်းရန်လမ်းနားမှာ အသီးနဲ့ ဟင်းသီးဟင်းရွက်တွေ ရောင်းတဲ့ ဈေးတစ်ခုရှိတာနဲ့ အတော်ပဲ … အဲ့သွားကြည့်တာပေါ့..”

“ အွန်း…. နင်ပြောတဲ့ အတိုင်းပဲ… ဒါနဲ့ နင် ဈေးတော့ လိုက်တတ်တယ်မလား…”

“ အသေးမွှားလေးပါဟ… မနက်ဖြန် ဝမ်ထျန်းလုံကို ခိုင်းလိုက်ရင် ဒီပြဿနာက ဖြေရှင်းပြီးသားပဲ…”

“ အာ…ငါတို့ မန်နေဂျာဝမ်ကို မခိုင်းလို့မရဘူးလား….”

“ အဲ့တာဆို မင်း တခြား စိတ်ကူးထားတာရှိလို့လား…”

“ ငါတို့နှစ်ယောက် အတူသွားပြီးတော့ ဈေးလိုက်တဲ့ အတွေ့အကြုံကို ခံစားကြည့်ကြမယ်ဆိုရင်ကော…”

“  ရတယ်လေ… အဲ့ဒါဆို မနက်ဖြန် မနက် အစောကြီးထပြီးတော့ ဈေးလိုက်ထွက်ကြတာပေါ့…  မကောင်းဘူးလား…”

“ ကောင်းပါတယ်… ဒါပေမယ့် နင့်ကို မနက်စာ လုပ်ပေးဖို့ အချိန် ရှိမှာတော့ မဟုတ်ဘူးနော်…”

“အပြင်သွားပြီး စျေးလိုက်တဲ့သူတွေ အိမ်မှာ မနက်စာ စားလို့လား… အပြင်မှာပဲ တစ်ခါတည်း စားကြတာမဟုတ်ဘူးလား…”

“ အိုကေ အဲ့လိုဆို အရမ်းကောင်းတယ်… ငါတို့ မနက်ဖြန် မနက် စောစော သုံးနာရီလောက် ထသွားကြတာပေါ့…”

“ အာ…. အဲ့လောက် အစောကြီးလည်း ထစရာ မလိုပါဘူးဟ…” ကျီချင်းရန်၏ စိတ်အားထက်သန်နေမှုက လင်းရီကို အံ့အားသင့်သွားစေခဲ့၏။

ယင်းသို့ ဖြစ်နေရခြင်းမှာ အကြောင်းအရင်းနှစ်ချက်ရှိလေသည်။

ပထမ တစ်ချက်က ကြွယ်ဝသည့် မိသားစုမှ ပေါက်ဖွားလာသောကြောင့် ယခုလို စိတ်ဝင်တစား ရှိနေရခြင်းဖြစ်၏။

သို့မဟုတ် လင်းရီနှင့်အတူ ဈေးလိုက်ထွက်ရမှာ ဖြစ်သောကြောင့် စိတ်လှုပ်ရှားနေခြင်းလည်း ဖြစ်နိုင်လေသည်။

“ စောစောသွားမှ အသီးအရွက် လတ်ဆတ်တာလေးတွေ ဝယ်လို့ ရမှာလေ....
“ ကျီချင်းရန် ပြောလိုက်ပြီး " နောက်ပြီး ငါတို့ရဲ့ ပန်းနုရောင် သုံးဘီးလည်း ကောင်းကောင်း အသုံးချလို့ရတယ်...”

“ ဟားဟား… ဘာလို့ အဲ့လောက်တောင် စိတ်လှုပ်ရှားနေရတာ….”

“ ငါစီးကြည့်ချင်လို့လေ…”

လျှန်ရှူရှယ်မှာ ချမ်းသာသည့် မိသားစုမှ ပေါက်ဖွားလာသော်လည်း သုံးဘီးနှင့် ပတ်သက်လာလျှင်တော့ သူမတို့၏ သဘောထားများက ကွဲပြားလေသည်။

 သူမတို့၏ ကြီးပြင်လာသည့် ပတ်ဝန်းကျင် ကွာခြားမှုကြောင့် လျှန်ရှူရှယ်မှာ ရှက်ရွံ့သလို ခံစားနေရပြီး ကျီချင်းရန်ကတော့ စီးဖို့ရာ အလွန်အမင်း စိတ်လှုပ်ရှားနေခဲ့၏။

ကျီချင်းရန်၏ စိတ်လှုပ်ရှားမှုများက မကွယ်ပျောက်သွားပဲ “ နင်က ရှေ့က နင်း... ငါက နောက်ကနေပြီးတော့ အားပေးမယ်လေ... အဲ့လိုမျိုး စျေးလိုက်ထွက်ရမယ်ဆိုရင် အရမ်းပျော်ဖို့ ကောင်းမှာပဲ...”

“ ငါက ဘာလို့ နင်းရမှာ...”

“ ငါက နင့်ကို ကျွေးမွေးပြုစုရမယ် မဟုတ်ဘူးလား.... နင်လည်း အလုပ်နည်းနည်းပါးပါးတော့ လုပ်ပေးရမှာပေါ့ဟဲ့...”

“ ထမင်းပျော့စားတဲ့သူ (အပျော်လင်)တွေက ညဘက်မှာပဲ အလုပ်လုပ်တာလေ... ဘယ်သူက နေ့ဘက်အလုပ်လုပ်လို့...”

“ အဲ့လိုလား… အဲ့လိုဆိုရင်တောင် ငါတို့ စထွက်တဲ့အချိန်ကျ အရက်တက်ပဲ ရှိဦးမှာဆိုတော့ နေ့ခင်းဘက်မှ မဟုတ်သေးတာ…”

“ ကောင်းပြီလေ.. ဒါဆိုလည်း သုံးဘီးပေါ်မှာပဲ အလုပ်လုပ်ရတာပေါ့…”

“ နင်ကတော့ မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ..”
ကျီချင်းရန် မတ်တပ်ရပ်လိုက်ပြီး
“ ငါအိပ်ရာဝင်တော့မယ်… မနက်ဖြန် မနက်ကျ စောစောထဖို့ မေ့မနေနဲ့ဦးနော်…”

လင်းရီနှင့် အတူ ဟင်းချက်ပစ္စည်းများ ဝယ်ယူသည့် အတွေ့အကြုံကို ခံစားချင်နေသောကြောင့် သူမ စောစောအိပ်ရန် လိုအပ်လေသည်။ မဟုတ်ပါက အစောကြီး ထနိုင်လိမ့်မည် မဟုတ်ပေ။

…………………

နောက်တစ်နေ့ နံနက် လေးနာရီသို့ ရောက်သောအခါ လင်းရီ၏ အိပ်ခန်း တံခါးဝသို့ တစ်စုံတစ်ယောက်မှ တံခါးလာခေါက်လေသည်။

လင်းရီ အိပ်ချင်မူးတူးဖြင့် တံခါးဖွင့်လိုက်သောအခါ အပြင်သွားရန် အဆင်သင့် ဖြစ်နေသည့် ကျီချင်းရန်အား မြင်တွေ့လိုက်ရ၏။ သူမက လေကာအင်္ကျီ၊ အပြာရောင်ဂျင်းပန်၊ အနက်ရောင် ဒေါက်မြင့်ဖိနပ်ကို

ဝတ်ဆင်ထားကာ လက်ထဲတွင်လည်း အိတ်တစ်လုံး ကိုင်ထားသေး၏။

“ မင်း အဲ့တာ ဘာလုပ်တာ…”

“ ဈေးလိုက် သွားမလို့လေ…”

“ ဘယ်သူက အဲ့လိုဝတ်ပြီး ဈေးလိုက်ထွက်လို့… မသိရင် ဝရမ်းပြေးကျနေတာပဲ…” လင်းရှီပြောလိုက်ပြီး “ ပြီးတော့ လက်ထဲအိတ်ကကော ဘာလဲလုပ်တာ..”

“ အသီးတွေလေ… ငါ ညကတည်းကရင် အစိပ်အစိပ်လေးတွေ လုပ်ထားတာ… လမ်းမှာ ဆာရင် စားလို့လည်းရတယ်…”

လင်းရီ “.....”

“ သူဌေးမလေး.... ငါတို့က ပျော်ပွဲစားသွားမှာ မဟုတ်ဘူးနော်...”

**အခန်း (၆၀၉)**

**သနားဖို့ကောင်းလိုက်တဲ့ ငါလေး...**

“ ဘာလို့လဲ...ခု ဝတ်ထားတာက အဆင်မပြေလို့လား...”

“ ငါကဖြင့် ဒီလောက် ရိုးရိုးရှင်းရှင်း ဝတ်ထားတာကို...” ကျီချင်းရန် သူမခေါင်းကို ငှေ့ယမ်းလိုက်ပြီး ဆံပင်ကို

ရှေ့ကျအောင် ပြကာ “ ဒီမှာကြည့်လိုက်… ဆံပင်တောင် သေချာ မလုပ်ရသေးဘူး..”

“ ကျန်တာက အဆင်ပြေတယ်.. အဲ့ဒီ ဒေါက်မြင့် ဖိနပ်ပဲ လဲလိုက်… ဈေးထဲမှာက ကော်ဇော အနီရောင် ခင်းပေးထားမှာ မဟုတ်ဘူး… ဒေါက်မြင့် စီးလည်း အလကားပဲ… သွားရလာရ ပိုခက်တယ်….”

“ ပြီးတာပဲလေ….”

ကျီချင်းရန် အဆူခံလိုက်ရသည့် ကလေးလေးကဲ့သို့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ညှပ်ဖိနပ် လဲလိုက်သည်။ ထို့နောက် လင်းရီ လက်မောင်းကို ဆွဲ၍ စိတ်လှုပ်ရှားစွာဖြင့် အပြင်သို့ ထွက်လာခဲ့၏။

အပြင်ဘက်တွင် ကောင်းကင်မှာ ရောင်နီပေါ်စ ပြုနေပြီး ချမ်းစိမ့်သည့် ဥတုကြောင့် ကျီချင်းရန် သူမအင်္ကျီဇစ်ကို ပို၍ တင်းကြပ်စွာ ဆွဲတင်လိုက်သည်။

“ ဒီလိုမျိုး အရုဏ်ဦး မနက်ခင်းကို မမြင်ရတာတောင်မှ အတော်ကြာနေပြီ....”

“ ဒါဆို အရင်တုန်းက မြင်ဖူးတယ်ပေါ့....”

“ ဒါပေါ့ ကျောင်းတက်တုန်းက မြင်ဖူးတယ်လေ...
စာကြည့်ခန်းထဲမှာ တစ်ပတ်ကို နှစ်ဆယ့်လေးနာရီ...
နောက်ဆုံးစာမေးပွဲနီးတော့ မနက်ဆို
အရုဏ်တက်တဲ့အထိ စာကြည့်တာ.. ပြီးတာနဲ့
ခဏပြန်အိပ်.. နိုးရင် အင်္ဂလိပ်စာ
ပြန်ကြည့်...အဲ့လိုမျိုးပဲ...”

ဟာစ်….

လင်းရီ သက်ပြင်းရှိုက်လိုက်၏။

ထိပ်တန်းကျောင်းသားနဲ့ စာညံ့တဲ့ ကျောင်းသားကြား
အားထုတ်မှုကလည်း ကမ္ဘာကြီးလောက်ကို
ခြားနေတာပဲဟ….

နှစ်ယောက်သား လက်ချင်းချိတ်လျက် အပြင်သို့
ထွက်လာကြပြီး လင်းရီ၏ Koenigsegg ထဲသို့ ဝင်ကာ
စားသောက်ဆိုင်သို့ မောင်းထွက်လာလေသည်။

ထို့နောက် လင်းရီ သူ၏ သုံးဘီးကို ထုတ်လိုက်ပြီး ကျီချင်းရန် Koenigsegg ထဲမှ ကူရှင်ကို ဖယ်ကာ သုံးဘီးပေါ်တင်၍ ခြေတင်ချိတ်ထိုင်လိုက်၏။

" အိုကေ... မောင်းတော့......."

လင်းရီကတော့ သူ့ကိုယ်သူ စျေးလိုက်ထွက်သည်နှင့် မတူပဲ KG ကလေးမလေးကို ပျော်ပွဲစား လိုက်ပို့ပေးနေသည်ဟု ခံစားနေရ၏။

အချိန်မှာ တဖြည်းဖြည်း ကုန်ဆုံးသွားပြီး ကောင်းကင်မှာလည်း ဖြည်းဖြည်းချင်း တောက်ပလာကာ နဂိုက လူရှင်းနေသည့် လမ်းလေးထက်တွင် ခြေကျင်သွားလာသူ

အရေအတွက်မှာ
တစထက်တစ တိုးပွားလာလေသည်။

ဖြတ်သွားဖြတ်လာ လမ်းလျှောက်သူတို့မှာ
သုံးဘီးပေါ် ရှိ ကျီချင်းရန်ကို မြင်တော့ ၎င်းတို့၏
ကမ္ဘာကြီးအပေါ် အမြင်များမှာ
ပြောင်းပြန်လှန်သွားသကဲ့သို့ ခံစားလိုက်ရ၏။

“ ငါ လခွမ်းတွေ ဖြစ်နေတာလား လောကကြီးရေ…
အလှနတ်သမီးလေးက တကယ်ကြီး
သုံးဘီးစီးနေတာလား….”

“ ဟျောင့်ရေ... မဟုတ်သေးပါဘူး… အဲ့သုံးဘီးက
လမ်ဘိုဂီနီ ဘရန်းများလား…”

“ ငါ့နှလုံးသားကြီး တစ်ခုလုံးနဲ့ ရင်းပြီး အာမခံရဲတယ်…
သူတို့နှစ်ယောက်က သေချာပေါက်
စုံတွဲတွေမဟုတ်ဘူး…”

လမ်းသွားလမ်းလာများမှ ထူးဆန်းသည့်
အကြည့်များဖြင့် ကြည့်သွားကြသော်လည်း
ကျီချင်းရန်မှာ ရှက်ရွံ့မနေချေ။

ဆန့်ကျင်စွာဖြင့် ယင်းအကြည့်များက လင်းရီကို
နေရခက်အောင် ပြုလုပ်နေလေသည်။

“ ရီ.. ရော့ အားရှိသွားအောင် ဖရဲသီးလေးစားလိုက်…”

“ တော်ပြီ… မင်းပဲ စားတော့…”

“ နင် မစားမှာ သေချာပြီနော်... အဲ့တာဆို ငါအကုန် စားပစ်လိုက်တော့မှာ...”

“ အင်း...”

လင်းရီ လှည့်ကြည့်လိုက်သောအခါ ကျီချင်းရန်မှ အသီးများသာမက ဘီစကစ်တစ်ထုပ်ပါ ယူလာခဲ့ကြောင်း မြင်တွေ့လိုက်ရ၏။

ထို့ပြင် ဝယ်ထားတာ မကြာသေးသည့် ပန်းရောင် ရေဘူးကိုလည်း တစ်ပါတည်း ယူဆောင်လာခဲ့လေသည်။

မကြာမီ ဘီစကစ်စားပြီးနောက် ရေနွေးသောက်လိုက်၏။

“ လင်းရီ … ခု ရပ်လိုက်…” လင်းရီ လမ်း ကန့်လန့်ဖြတ် ကူးနေစဉ် ကျီချင်းရန်မှ အော်လိုက်၏။

“ ဘာလို့ ရပ်ရမှာ…ဒါက သုံးဘီး… ဘယ် ယာဉ်ထိန်းရဲမှ ဂရုစိုက်မနေဘူး… လမ်းဘေးတွေကိုသာ အမှိုက်တွေ လျှောက်မပစ်နဲ့…”

“ ယာဉ်ထိန်းရဲကို စိုးရိမ်နေတာမဟုတ်ဘူး.. လမ်းဘေးနားမှာ အာလူးပူပူလေးတွေ ရောင်းနေတဲ့ဆိုင်ရှိတယ်.. ငါ့ကို တစ်ခုလောက် ဝယ်ပေးဦးလို့…”

လင်းရီ “ …. “

“ ချင်းရန်... မင်းကို ဘယ်လိုပဲကြည့်ကြည့် မင်းက ထိပ်တန်း အလှလေးလေ… အကောင်းစားတွေ စားပါရောလားဟ… ဘာလို့ အဲ့ဒီ အာလူးမီးဖုတ်ကို စားမှာ…”

“ အာလူး ပူပူလေးတွေက ချိုချိုလေးလေ… အရမ်း အရမ်းနဲ့ အရသာရှိတယ်…”

“ ငါနင့်ကို ပြောပြမယ်… ငါတို့ကျောင်းတက်တုန်းက ငါနဲ့ ယွမ်ယွမ်နဲ့ မနက်ထတာနဲ့ အင်္ဂလိပ်စာကျက်… ပြီးရင် ကျောင်း အနောက်ဘက်ဂိတ်မှာ အာလူးပူပူလေး ဝယ်စားနေကြ… ငါအရမ်းကြိုက်တာ… မြန်မြန် ဝယ်ပေးလို့… ခဏနေ ဆိုင်ပိတ်ရင် ပိတ်တော့မှာ…”

“ အေး အေး … ဒီမှာပဲစောင့်နေ… ဘယ်မှ လျှောက်သွားမနေနဲ့…”

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် သုံးဘီးကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်ပြီး ကျီချင်းရန်အတွက် စက္ကူပြတ် အာလူးပူပူလေးများ သွားဝယ်ပေးလိုက်သည်။

တစ်ချိန်တည်းတွင် သူ ပြောစရာစကားများ ကင်းမဲ့နေမိတော့၏။

ချင်းရန်က ရည်းစားရပြီးတော့ စိတ်ကိုလုံးဝလွှတ်ပေးလိုက်တာများလား…

အမှတ် အပြည့် ပေးရလောက်တဲ့
ထိပ်တန်းအလှလေးက သုံးဘီးစီးပြီးတော့
အာလူးပူပူလေးတွေ စားနေတယ်…

ဒီမြင်ကွင်းက ဟုတ်မှ ဟုတ်သေးရဲ့လား…

“ လင်းရီ…”

အာလူးပူပူလေးများ ဝယ်ရန် တန်းစီနေစဉ် ကျီချင်းရန်
သုံးဘီးပေါ်တွင် ထိုင်ရင်းအော်လိုက်၏။

“ ဘာဖြစ်ပြန်ပြီလဲ…”

“ အဲ့ဒီနားမှာ ကိတ်မုန့်ကြော်ရောင်းတဲ့ဆိုင်ရှိတယ်…
အဲ့တာကော တစ်ခုလောက်..”

“ အိုကေ အိုကေ … ခဏလေးစောင့်..”

မိနစ်အနည်းငယ်ကြာပြီးနောက် လင်းရီ
ကိတ်မုန့်ကြော်နှင့် အာလူးပူပူလေးများ ဝယ်ပြီး
သုံးဘီးထံ ပြန်လာခဲ့၏။

သူမရယ်မောလိုက်ပြီး “ ငါဒါတွေ မစားရတာ
ဘယ်လောက်တောင် ကြာနေပြီလဲ မသိတော့ဘူး..”

“ အဲ့တာဆို မြန်မြန်စား.. ငါတို့ ခဏနေကြရင်
အလုပ်ရှိသေးတယ်…”

“ အွန်း…”

လမ်းနှစ်လမ်း ကျော်လာပြီးနောက် လင်းရီ သုံးဘီးကို ဈေးထဲသို့ မောင်းဝင်သွားလိုက်သည်။

ကျီချင်းရန် ရေဘူးထုတ်၍ ရေဓာတ်ထပ်မံ ဖြည့်တင်းလိုက်၏။

“ တစ်ငုံလောက် သောက်ဦးမလား…”

“ ရပြီ… ကိုယ့်ဘာကိုယ်ပဲ သိမ်းထားလိုက်…”

“ အိုကေ…”

နှစ်ယောက်သား ဈေးထဲသို့ ရောက်လာပြီးနောက် လင်းရီ ဘေးဘီဝဲယာကိုကြည့်ရင်း သူတို့ ရောက်လာတာ နောက်ကျသည်ဟု ခံစားလိုက်ရ၏။

လက်ကျန် ဟင်းသီးဟင်းရွက်တို့မှာ သိပ်
မလတ်တော့ပေ။ သူ သေချာလေး ဂရုတစိုက်နှင့်
ရွေးချယ်ရပေမည်။

ထိုစဉ် ကျီချင်းရန်၏ အကြည့်များကတော့
အစားအစာများ ရောင်းချသည့် နေရာတိုင်းသို့
ကျရောက်နေတော့၏။

ဝါး…ကြက်ဥပန်ကိတ်အနံ့လေးက
မွှေးလိုက်တာနော်…..

ဟိုနားက အကင်လေးကလည်း စားကောင်းမယ့်
ပုံလေး….

သို့သော်လည်း သူမ လင်းရီကို
မပြောရဲသေးချေ။  အလုပ်မပြီးသေးခင် တစ်ခုပြီးတစ်ခု
တောင်းဆိုနေပါက သူမ သေချာပေါက်
ဆူခံထိလောက်ပေသည်။

‘ အဟင့်.. သနားစရာကောင်းလိုက်တဲ့
ငါလေးပါလားနော်....’

နောက်ဆုံးတွင်တော့ သူမ ဟင်းသီးဟင်းရွက်များ
ဝယ်ပြီးသည်အထိ တောင့်ခံထားရန်
ဆုံးဖြတ်ထားလိုက်တော့၏။

“ သူဌေး .. ခါကြက်ဥတွေ ဘယ်လိုရောင်းလဲ…” လင်းရီ
မေးမြန်းလိုက်၏။

“ တစ်ကတ်တီကို ၅.၂၀ ယွမ်.. “

“ အဲ့လောက် ဈေးကြီးတယ်လား… လက်ကားဈေးဆို ဘယ်လောက်လဲ…”

“ ၁၀ ကတ်တီထက် ပိုယူမယ်ဆိုရင် တစ်ကတ်တီကို ၃.၈ ယွမ်ပဲပေး…”

လင်းရီ ဈေးနှုန်းကို
တစ်ချက်တွက်ချက်ကြည့်လိုက်သောအခါ
အနည်းငယ်ဈေးကြီးနေကြောင်း ခံစားလိုက်ရ၏။
ထို့ကြောင့် ကျီချင်းရန်နှင့် အတူ ထိုနေရာမှ
ထွက်လာခဲ့လိုက်လေသည်။

“ ဈေးက နည်းနည်းကြီးတယ်.. တခြားဆိုင်ဘက်တွေ လိုက်မေးကြည့်ရအောင်…”

“ ကြီးတယ်လား… တကယ်လို့ ၁၀ ကတ်တီထက် ပိုယူမယ်ဆိုရင် ၃.၈ ယွမ်ပဲ ကျမှာလေ… ဒီဈေးက အဲ့လောက်ထိ တန်နေပြီကို…”

“ ပြားရှစ်ဆယ်က နည်းနည်းလေးလို့ ထင်ရပေမယ့် အသေးစား အလတ်စား စီးပွားရေးသမားတွေအတွက်ကျတော့ အများကြီးပဲ… တကယ်လို့ တစ်ပြားတစ်ချပ်လေးပဲ ချွေတာနိုင်မယ်ဆိုရင် နှစ်တွေကြာလာတာနဲ့ အများကြီး စုဆောင်းမိလာပဲလေ…”

“ အွန်း… နင်ပြောတာလည်း ဟုတ်သားပဲ…”

ကျီချင်းရန် စီးပွားရေးလုပ်သည့်အခါ၌ အသေးစိတ်တွက်ချက်သော်လည်း ယခုလို ပတ်ဝန်းကျင်အသစ်နှင့် နေသားမကျသေးသောကြောင့် ထိုပမာဏက သူမစိတ်ထဲတွင်တော့ သေးငယ်သည့် ပမာဏလေး ဖြစ်နေသည်။

နှစ်ယောက်သား ဈေးထဲတွင် ဆက်လက် လမ်းလျှောက်နေခဲ့ကြ၏။ ကျီချင်းရန်၏ တာဝန်ကတော့ ဘေးမှ လိုက်ကြည့်ရန်ပင်။ ပစ္စည်းများ ဝယ်ယူသည့် အလုပ်ကို လင်းရီက တာဝန်ယူထား၏။ သူမ တစ်ခါတစ်ရံ တစ်ခွန်းစ နှစ်ခွန်းစ အကြံပြုသော်လည်း လင်းရီ၏ ငြင်းဆိုခြင်းကိုသာ ခံခဲ့ရလေသည်။

အတန်ကြာအောင် လမ်းလျှောက်ပြီးနောက် လင်းရီ ဈေးအတွင်းဘက်အကျဆုံး ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်သည်။

“ သူဌေး … ခါကြက်ဥတွေ ဘယ်ဈေးလဲ…”

သူ့အပေါက်ဝရှေ့တွင် ဈေးဝယ်သူ ရောက်နေသည်ကိုမြင်တော့ ဆိုင်ရှင်မှာ စီးကရက်ဖွာရင်း ဘေးရှိ ဆိုင်ပိုင်ရှင်များနှင့် စကား ပြောခြင်းကို ရပ်တန့်လိုက်ကာ

“ ဆယ်ကတ်တီအောက်ဆို ငါးယွမ်.. တကယ်လို့ ပိုဝယ်မယ်ဆို တစ်ကတ်တီကို ၃.၂ ယွမ်ပဲပေး…”

ဈေးကို ကြားပြီးနောက် ကျီချင်းရန် လင်းရီကို စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်ပြီး “ စောနက ဆိုင်ထက် ပြားခြောက်ဆယ်တောင် ဈေးပေါတယ်နော်… ဆယ် ကတ်တီဝယ်လိုက်ရင် ခြောက်ယွမ်တောင် ချွေတာပြီးသား ဖြစ်သွားပြီ…”

အသီးအရွက်တစ်မျိုးစီကို ခြောက်ယွမ်နှုန်းချွေတာနိုင်ပါက ကျန်သည့် ဟင်းသီးဟင်းရွက်များပါ ဝယ်မည်ဆိုပါက ပိုမို ချွေတာစုဆောင်းမိနိုင်လေသည်။

“ ဒါကြောင့်မို့ ဒီအထိ ရောက်လာတာပေါ့ကွ… မပြောဘူးလား… ငါတို့ သေချာပေါက် ဈေးပိုတန်တဲ့ ဆိုင်ကို တွေ့မှာပါလို့…”

အမှန်တော့ လင်းရီလည်း ယခုလို ဈေးဝယ် ဈေးစစ်ခြင်း ကိစ္စများကို သိပ်မကျွမ်းကျင်ချေ။ မည်သို့ပင်ဆိုစေ ကြီချင်းရန်ထက်တော့ သာလွန်နေသေး၏။

“ ဒါဆို တစ်ဆယ် ကတ်တီယူမယ်…” လင်းရီ ပြောလိုက်၏။

“ ရတာပေါ့.. ခဏလေးနော်… အထဲက အသစ်တွေ သွားယူလာခဲ့ပေးမယ်..  ရှေ့မှာ ခင်းထားတာတွေက တစ်ညကျော်သွားပြီဆိုတော့ အထဲက ဟာတွေလောက် မလတ်တော့ဘူး..”

“ အိုကေလေ… အဆင်ပြေပါတယ်…”

“ တခြားဘာဝယ်ဦးမလဲ.. ဦးလေး ဘာမှတော့ မပြောရဲဘူး.. ဒါပေမယ့် တစ်ဈေးလုံး နှံ့အောင် လျှောက်ပြီးရင်တောင် ဦးလေးဆိုင်ထက် ဈေးပိုချိုတဲ့ ဆိုင်ရှိမှာ မဟုတ်ဘူးလို့တော့ ရဲရဲကြီး အာမခံရဲတယ်… “ ဆိုင်ရှင်မှ စီးကရက်ကို အောက်ချရင်း အပြုံးလေးဖြင့် ပြောလိုက်၏။

“ တကယ်လို့ တစ်ခြား လိုချင်တာရှိရင် ဒီမှာ တစ်ခါတည်း ဝယ်သွားလိုက်လေ… ငါ့တူတို့ကို မိတ်ဆွေဈေးနဲ့ပဲ ပေးလိုက်မယ်…”

“ ရီ … ငါတို့ အဲ့လိုလုပ်ကြမလား…” ကျော်ချင်းရန် ပြောလိုက်ပြီး “ ငါတို့ နောက်ထပ်အများကြီး ဝယ်စရာ ကျန်နေသေးတယ်လေ.. တကယ်လို့ အကုန်လုံးကို

ဈေးချိုချိုနဲ့ ရမယ်ဆိုရင် အနည်းဆုံး
ယွမ်တစ်ရာလောက် ကာမိသွားမယ်
မဟုတ်ဘူးလား…”

“ အိုကေ… ဒီတစ်ခါတော့ ချင်းရန်ရဲ့စကားကို
နားထောင်လိုက်မယ်…”

အဆုံးတွင်တော့ လင်းရီ အာလူး၊ သခွား ၊ ဂေါ်ဖီထုပ်၊
ပဲစိမ်း၊ မုန်လာဥဖြူနှင့် ကျန်သည့် လိုအပ်သည်များကို
တစ်နေရာတည်းတွင် ဝယ်ယူလိုက်လေသည်။

 လက်ထဲတွင် အိတ်ဒါဇင်ကျော်ဆွဲပြီး
ကျီချင်းရန်ကတော့ အရမ်းတန်သည်ဟု ခံစားနေရကာ
ခံစားချက်များ ကောင်းမွန်နေတော့၏။

ယခု ပစ္စည်းများအားလုံးကို ယွမ်လေးရာနည်းနည်းဖြင့်
ရလိုက်သောကြောင့် တန်သည်ဟု ပြော၍ရသည်။

“ သူဌေး .. နင့်ဆိုင်က ပစ္စည်းတွေက ဘာလို့
အဲ့လောက်ထိ ဈေးချိုနေတာ..”
ကျီချင်းရန်မေးလိုက်၏။

“ ငါ့တူမ .. မင်းက ချက်ကောင်းကို
တည့်မေးချလိုက်တာပဲ..” ဆိုင်ရှင်မှ ပြုံးလိုက်ပြီး
“ ဈေးတစ်ခုလုံးမှာ ဦးလေးရဲ့ဆိုင်က အကြီးဆုံးနဲ့
ပစ္စည်းအတင်ဆုံး… ဒါကြောင့်မို့ ခြံတွေဆီကနေ
အနိမ့်ဆုံးဈေးနဲ့ ရတယ်လေ…. ဆိုတော့
သူများတွေထက် ဈေးချိုသာ မထူးဆန်းပါဘူး…”

“ အမှန်ပဲ…”

ကျီချင်းရန်လည်း ယခု သူမတို့ ဈေးဝယ်နေသည့်
ဆိုင်မှာ ဈေးတစ်ခုလေးတွင် အကြီးဆုံးဟု သတ်မှတ်၍
ရကြောင်း ခံစားနေရ၏။

ထို့ကြောင့် အမြတ်အများကြီးရကာ
များများပြန်ရင်းနိုင်လေသည်။

“ ငါ့တူတို့ ခဏနေဦးနော်…  ဆိုင်က ကောင်လေးတွေကို
ပစ္စည်းလိုက်ပို့ ခိုင်းလိုက်မယ် ..”

“ အိုကေ… ကျေးဇူးပါ သူဌေး…”

ဆိုင်ရှင်မှ သူ့ ဝန်ထမ်း ကလေးများကို ခေါ်လိုက်ပြီး
လင်းရီတို့ ဝယ်ယူထားသည့် ဟင်းသီးဟင်းရွက်များကို

စနစ်တကျနှင့်  ထုပ်ပိုးခိုင်းလိုက်၏။ ထို့နောက် တွန်းလှည်းဖြင့် လိုက်ပို့ခိုင်းလိုက်ကာ လင်းရီတို့ ထွက်ခွာသွားသည်ကို ဆေးလိပ်ဖွာရင်း ထိုင်ကြည့်နေလေသည်။

“ ရှုရှန် … မင်းကတော့ တကယ့်ကို မဆင်မခြင်နိုင်တဲ့ကောင်ပဲကွ… အရင်ရက်တွေတုန်းက ရောင်းမထွက်တဲ့ ဟင်းရွက်အပုတ်တွေကို ရောင်းလိုက်ပြန်ပြီလား..”

သူနှင့် လမ်းကျဉ်းတစ်ဖက်ခြားတွင် ဆိုင်ဖွင့်ထားသည့် ဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်မှ ပြောလိုက်သည်။

**အခန်း (၆၁၀)**

**အဲ့တာ သူတို့ဘက်က ပွဲစချင် မစချင်အပေါ်မူတည်တယ်**

ဆိုင်ရှင်၏ နာမည်မှာ မောင်တရို(ရုရှား)ဖြစ်ပြီး ဈေးထဲရှိ လူဟောင်းတစ်ဦးအဖြစ် သတ်မှတ်၍ ရလေသည်။

သို့သော်လည်း ရင်းနှီးသူများကတော့ ရူရှုန်ဟုသာ ခေါ်ဝေါ်ကြ၏။

ထိုနာမည်ပြောင် ရရှိလာခဲ့ရသည့် အကြောင်းအရင်းကတော့ မျိုးရိုးနာမည်ကြောင့် မဟုတ်ပဲ သူ၏စရိုက်က ရုရှားလူမျိုးတို့နှင့် ခပ်ဆင်ဆင် ဖြစ်နေသောကြောင့်ပင်။

ထိုသူကား ဖော်ကာကြိုက်ပြီး ဒေါသကြီးသည်။

“ ဒါပေါ့ကွ… ငါဒီမှာ စျေးသည်လုပ်လာတာ ဆယ်နှစ်ကျော်နေပြီ.. တကယ်လို့ ဒီလောက်လေးမှ မပါးနပ်ရင်လည်း အချိန်တွေ အလကားဖြစ်သွားမှာပေါ့ဟ…”

“ အစ်ကိုရှုရှန်က တော်တော်လေး ရဲတင်းတာပဲ.. ကျွန်မတို့ဖြင့် အဲ့လိုမျိုး မရောင်းရဲပေါင်….”

ပြောလိုက်သူကတော့ ဘေးဆိုင်တွင် ထိုင်နေသည့် သက်လတ်ပိုင်း အမျိုးသမီးပင်။ နေကြာကွာစေ့ ကိုက်နေရင်းဖြင့် ယခုလိုပြောလိုက်၏။

“ ခုနက နှစ်ယောက် အိမ်ပြန်ရောက်သွားလို့ အထဲမှာ ဟင်းရွက်အပုတ်တွေ ဝှက်ထားတာတွေ့သွားရင် သူတို့ ရှင့်ကို လာရှာလိမ့်မယ်နော…”

“ လုံး၀ မဖြစ်နိုင်ဘူး.. အဲ့အတွက် စိတ်မပူနဲ့..” ရှုရှန်မှ ပြောလိုက်ပြီး “ သူတို့နှစ်ယောက်ကို ကြည့်လိုက်တာနဲ့ ခုမှ စီးပွားရေး စလုပ်ဖူးတဲ့သူတွေမှန်း သိသာတယ်.. ဘာမှ သိတာ မဟုတ်ပဲနဲ့ ငါ့ကို လာရှာရဲမယ်များ ထင်နေလား… အလွန်ဆုံးရှိလှ ငါ့ဆိုင် ထပ်လာမ၀ယ်ရုံပေါ့…”

“ အဲ့လို တစ်သမတ်တည်းကြီး တွက်လို့ ဘယ်ရမှာ…တကယ်လို့ သူတို့ လာရှာမယ် ဆိုရင်ကော…”

“ လာရှာပါလေ့စေ…” ရှုရှန် လက်ကျန် ဖွာနေသည့် ဆေးလိပ်တိုကို အပြတ်ဖြတ်လိုက်ပြီး “ ငါက တစ်ညလုံး ဆိုင်စောင့်ထားတာဆိုတော့ ခဏနေကျရင်

ငါ့မိန်းမ လာကြည့်တော့မှာ… ပြီးတော့
ဒီနားတစ်ဝိုက်မှာက ဘာစောင့်ကြည့်ရေး
ကင်မရာမှလည်း မရှိဘူး… သူတို့ ငါ့နားကနေ
ဝယ်သွားပါတယ်ဆိုတဲ့ သက်သေ ဘယ်လိုသွားပြမှာ..
ဟိုရောက်မှ ပစ္စည်းတွေကို တမင်လဲပြီး ငါ့ဆီ
ပြဿနာလာရှာတာကော မဖြစ်နိုင်ဘူးလား…”

“ ဟားဟား… အကွက်လေးတွေ လှသဗျာ..”

“ ငါမင်းတို့ကို ကြံ့တုန်း ပြောပြလိုက်မယ်..
စီးပွားရေးလုပ်တဲ့ အချိန်ကျရင် မျက်စိကို
ကျယ်ကျယ်ဖွင့် နားကို ကျယ်ကျယ်စွင့်ထား…
တကယ်လို့ ကိုယ်ပေါ်မှာ တက်တူးထိုးထားတဲ့သူတွေ
တွေ့ရင် သွားပြီး အပြစ်မလုပ်မိစေနဲ့…  ဒါပေမယ့်

စောနက လိုမျိုး မနူးမနပ်လေးတွေနဲ့ ကြုံရင်တော့ အပြီးသာ တွယ်ပစ်လိုက်တော့…” ရှုရှန် ယုံကြည်ချက် ပြည့်ဝနေသည့် လေသံဖြင့် ပြောလိုက်ပြီး

“ မူလတန်း ကျောင်းသားလေးက စစ်သားနဲ့တွေ့ရင် ညှိနှိုင်းဆွေးနွေးဖို့ အခွင့်အရေး မရှိဘူး..”

“ အဓိကကတော့ ငါတို့က မင်းလောက် သတ္တိမရှိလို့ပါကွာ….”

“ မင်းမှာ သတ္တိမရှိရင်လည်း ချမ်းသာဖို့ စိတ်ကူး ယဉ်မနေနဲ့…”

ထိုအခိုက်အတန့်တွင် လင်းရီတို့အား ပစ္စည်းများလိုက်ပို့ပေးသည့် ကလေးနှစ်ယောက်မှာ ဆိုင်သို့ ပြန်ရောက်လာခဲ့လေသည်။

“ အစ်ကိုရှုန် .. ပစ္စည်းတွေ လိုက်ပို့ပေးခဲ့ပါပြီ…”

“ သူတို့ ဘာနဲ့ သယ်သွားကြတာ.. ဗန်လား.. ထရပ်လား…”

“ တစ်ခုမှ မဟုတ်ဘူး… သူတို့က သုံးဘီးနဲ့ ဈေးလိုက်လာကြတာ…”

“ အာ… သူတို့က သုံးဘီးနဲ့ ဈေးလာဝယ်တာလားဟ… ဈေးသည်လုပ်စား နေတဲ့ ငါတောင် ကားအစုတ်လေး တတ်နိုင်သေးတယ်..”

“ ပြီးတော့ သူတို့ သုံးဘီးက ပန်းရောင်ကြီး…ပုံစံက စီးပွားရေးသမားတွေနဲ့ ဘာမှကို မအပ်စပ်တာ.. ကျွန်တော့်အထင်တော့ နောက်နှစ်ရက် သုံးရက်လောက်ဆိုရင် သူတို့ အရင်းပြုတ်လောက်ပြီ…”

“အင်း ငါလည်း အဲ့လိုထင်တာပဲ…”

“ ရှုရှန်… မင်းကတော့ အချိုကြီးမိတာပဲကွ.. သူတို့က သုံးဘီးစီးလာတယ်ဆိုတော့ ဘာအဆက်အသွယ်မှ ရှိမှာ မဟုတ်လောက်ဘူး…”

ထိုစဉ် လင်းရီတို့ဘက်တွင်တော့ သုံးဘီးမှာ ပြည့်လျှံသွားပြီး ထိုင်ရန် နေရာပင်

မရှိတော့သောကြောင့် လင်းရီ ကျီချင်းရန်ကို
တကက္ကစီငှား၍ ပြန်ခိုင်းလိုက်ရသည်။

လင်းရီ သုံးဘီးနှင့် ပြန်ရောက်လာသည့် အချိန်တွင်တော့
ကျီချင်းရန်မှာ တံခါးဝတွင် စောင့်နေလေသည်။

“ အထဲမှာ ထိုင်နေလေ.. ဘာလို့ ဒီမှာ ရပ်နေတာ….”

“ ငါ ပစ္စည်းတွေ ကူသယ်ပေးမလို့…”

“ မလိုဘူး… ဒီကောင်တွေက လေးတယ်.. ငါ့ဘာငါ
သယ်လာခဲ့လိုက်မယ်.. မင်း အထဲမှာ နားနေလိုက်…”

“ နင်သယ်နိုင်မှန်းတော့ သိတာပေါ့ဟဲ့… ဒါပေမယ့် ဒါက
နှစ်ယောက်အတူ သယ်မှကိုဖြစ်မယ့်ကိစ္စ…”

“ ဘာဆိုင်လို့ …”

“ ဒါက ကိုယ်ပိုင်စီးပွားရေး လုပ်တာ
ဘယ်လောက်တောင် ခက်ခဲလဲဆိုတာကို
ဖော်ပြတာလေ… ဒါကြောင့်မို့ ပစ္စည်းတွေကို
နှစ်ယောက်အတူ သယ်ရမှာ…”

လင်းရီ ကျီချင်းရန်၏ ခေါင်းကို ခပ်ဖွဖွ ပုတ်လိုက်ပြီး
“ TV ဒရာမာတွေ လျှော့ကြည့်..”

“ ဒါက ဒရာမာတွေနဲ့ ဘာမှ မဆိုင်ဘူး… ဘဝက ဒီလိုပဲ
မဟုတ်ဘူးလား… ကြင်စဦးမောင်နှံတွေလို
နှစ်ယောက်အတူ ကြိုးစားရမယ်လေ…”

“အဲ့တာဆို ကိုယ်လုပ်နိုင်ရဲ့သားနဲ့ ကိုယ့်မိန်းမကို ခိုင်းတဲ့သူကော မင်းမြင်ဖူးလား…”

ကျီချင်းရန် နှုတ်ခမ်းဖိကိုက်လိုက်ပြီး မျက်ဝန်းထဲတွင်တော့ ဝမ်းသာကြည်နူးမှုတို့နှင့် ပြည့်နှက်နေလေသည်။

“ ဒါဆို ငါက ပစ္စည်းတွေကို ခွဲခြမ်းပေးမယ်လေ… သပ်သပ်ရပ်လေးပေါ့…”

“ အင်း…. ဒါဆို မီးဖိုချောင်ထဲ သွားကြစို့…”

“ အိုကေ…”

ကျီချင်းရန်၏ နောက်ကျောကို ငေးမောရင်း လင်းရီ ယခုလို နေထိုင်ရသည်ကလည်း တော်တော်လေး ကောင်းသည်ဟု ခံစားနေရ၏။

အနည်းဆုံးတော့ သူက ချမ်းသာပြီး ပျော်ရွှင်နေလေသည်။

လင်းရီ အိတ်နှစ်လုံးကို မီးဖိုချောင်ထဲသို့ သယ်လာခဲ့ပြီး ကျန်သည့် ကိစ္စများကိုတော့ ကျီချင်းရန်နှင့် လွှဲထားခဲ့လိုက်လေသည်။

သုံးဘီးပေါ်တွင် အိတ်ကြီးနှစ်အိတ်ကျန်နေသေးသောကြောင့် လင်းရီ နှစ်ခေါက်မျှ သယ်ပို့လိုက်ရပေမည်။

“ လင်းရီ လင်းရီ… “

လင်းရီ  အိတ်ကြီးနှစ်လုံး ဆွဲခါရှိသေး အထဲမှ ကျီချင်းရန်၏ ထိတ်လန့် တကြားနှင့် အော်ဟစ်သံကို ကြားလိုက်ရ၏။

လင်းရီ ရှော့ခ်ရသွားခဲ့ပြီး ပစ္စည်းများကို ပစ်ချကာ အလျင်အမြန် ပြေးဝင်လာခဲ့သည်။

“ ဘာလဲ ဖြစ်တာ..”

“ ဒီကို လာကြည့်လိုက်… ဒီမှာ ဟင်းရွက်အပုတ်တွေမှ အများကြီးပဲ…”

“ဟင်းရွက် အပုတ်တွေ… “

လင်းရီ မီးဖိုချောင်ထဲသို့ ရောက်သောအခါ ကျီချင်းရန်မှ အသစ်ဝယ်လာခဲ့သည့် ခါကြက်ဥများကို တစ်ကန့်စီ ခွဲခြားနေကြောင်း မြင်တွေ့လိုက်ရ၏။

“ ငါတို့တော့
လူလည်လုပ်ခံလိုက်ရပြီ…အသီးအရွက်တွေက အပေါ်ယံပဲ ကောင်းတာ .. အောက်ခြေက မကောင်းတဲ့ဟာတွေချည်းပဲ…”

လင်းရီ ပျက်စီးနေသည့် ခါကြက်ဥများကို ကြည့်လိုက်သောအခါ အလုံးတိုင်းတွင် အနာအဆာ မကင်းကြောင်း မြင်တွေ့လိုက်ရ၏။ ထက်ခြမ်းလှီး၍ အသုံးပြုနိုင်ပါသော်လည်း အရည်အသွေးကို

ဦးစားပေးသည့် လင်းရီ၏ ဆိုင်တွင်တော့ မည်သို့မျှ လက်သင့်မခံနိုင်ချေ။

ငိုးမ ဘိုးတော် ငါ့ လူလည်ကျသွားပြီ....

“ မလောနဲ့ဦး... ငါတို့ ကျန်တဲ့ ပစ္စည်းတွေ ယူလာပြီး တစ်ချက် စစ်ဆေးကြည့်တာပေါ့....”

“ အွန်း..”

လင်းရီ ကျန်သည့် ဟင်းအမယ်များကို သုံးဘီးပေါ်မှ သယ်လာခဲ့ပြီး ကျီချင်းရန်ကတော့ အိတ်များကို ဖြေကာ အမယ်များကို စစ်ဆေးလေသည်။

ရလဒ်ကတော့ နှစ်ယောက်လုံး ခန့်မှန်းထားသည့် အတိုင်းပင်။ ဟင်းသီးဟင်းရွက်အိတ်တိုင်း၏ အပေါ်ဘက်ခြမ်းမှာ ကောင်းမွန်နေပါသော်လည်း အောက်ဘက်ခြမ်းတွင်တော့ ပျက်စီးနေသည့် ဟင်းသီးဟင်းရွက်များဖြင့် ပြည့်နှက်နေလေသည်။

“ အဲ့လူ တော်တော်လွန်သွားပြီ… ငါတို့ကို မကောင်းတဲ့ ပစ္စည်းတွေ ရောင်းရဲတယ်ပေါ့လေ…”

ဘယ်လောက်မျှ မကုန်ကျသော်လည်း ကျီချင်းရန်မှာ အလွန်အမင်း စိတ်ဆိုးနေဆဲဖြစ်၏။ ကျောင်းတွင်ဖြစ်စေ ၊ စီးပွားရေး လောကဥ်ဖြစ်စေ မည်သူကမျှ သူမကို အရူးမလုပ်ဝံ့ချေ။

“ ငါ ကုမ္ပဏီရဲ့ ဥပဒေဌာနကို ဖုန်းဆက်ပြီးတော့ သူတို့ကို တရားစွဲခိုင်းလိုက်မယ်..”

လင်းရီ ကျယ်လောင်စွာ ရယ်မောလိုက်သည်။

“နင်က ဘာလို့ ရယ်နေတာ… ငါတို့က ခု အလိမ်ခံလိုက်ရတာလေ… သေချာပေါက် တရားဥပဒေအတိုင်း စီရင်ရမယ်…”

“ ယွမ်လေးရာတည်းကို …. တရားသူကြီး ရုံးလာဖို့ ဆီဖိုးတောင် မလောက်ဘူး…”

“ အဲ့တာနဲ့ပဲ နင်က ဒီတိုင်း အလွတ်ပေးလိုက်တော့မလို့လား…”

“ မင်းက စီးပွားရေးသမားတစ်ယောက်လိုမျိုး စဉ်းစားနေတာကိုးဟ… တကယ်လို့ သာမန်လူသာ ဆိုရင် ရုံးဆင့်ခေါ်စာ ပို့မယ်လို့ ထင်လား…”

“ ဒါဆို ဘယ်လိုလုပ်ကြမှာ…”

“ သေချာပေါက် အဲ့လူဆီ ပြန်သွားရမှာပေါ့… သာမန်လူတွေရဲ့ ကိစ္စက သာမန်နည်းနဲ့ပဲ ဖြေရှင်းရမယ်…”

“ ဒါပေမယ့် ငါတို့က ဝယ်လာခဲ့ပြီးသားတွေလေ… သူတို့ဘက်က ဝန်မခံရင် ဘယ်လိုလုပ်မှာ….”

လင်းရီ ပြောလိုက်သော်လည်း ကျီချင်းရန်၏
အတွေးများက စီးပွားရေးသမားတစ်ယောက်၏
အတွေးအခေါ်များ ဖြစ်နေဆဲပင်။

စာချုပ်ချုပ်ပြီးသည်နှင့် တစ်ပြိုင်နက်
သဘောတူညီချက်မှာ အကျိုးသက်ရောက်သွားပြီး
အကယ်၍ နောက်ပိုင်းတွင်မှ တစ်ခုခု မူမမှန်မှုကို
ရှာတွေ့ခဲ့စေကာမူ မည်သို့မျှ မတတ်နိုင်ပေ။

ထို့ကြောင့် သူမ ဘာလုပ်ရမှန်းမသိပဲ
အကြံအိုက်နေရခြင်းဖြစ်၏။

“ အဲ့တာ သူတို့ ပွဲစချင် မစချင်အပေါ် မူတည်တယ်…”

ထို့နောက် လင်းရီ ဝမ်ထျန်းလုံကို ဖုန်းဆက်ပြီး ဝယ်ယူလာသည့် ဟင်းသီးဟင်းရွက်များကို ထရပ်နှင့် ပြန်သယ်လာခဲ့ခိုင်းလိုက်၏။

ထိုအတောအတွင်း လင်းရီ အလုပ်နှစ်ခု၏ မအပ်စပ်မှုမှာ ကမ္ဘာကြီးမျှ ခြားနားကြောင်း နားလည်သွားတော့သည်။ အကယ်၍ ဝမ်ထျန်းလုံသာ ရှိနေပါက ယခုလိုမျိုး ဖြစ်လာလိမ့်မည် မဟုတ်ချေ။

ယခုနှစ်များအတွင်း သူကပဲ အခြားသူများကို လှည့်စားနေခဲ့သော်လည်း စျေးထဲတွင် တစ်ပါးသူ၏ လှည့်ကွက်ထဲ ကျရောက်သွားလိမ့်မည်လို့ ထင်မထားပေ။

ဒါ ငါ့သိက္ခာကို ချလိုက်တာပဲ...

သူတို့ ဈေးသို့ တစ်ဖန် ရောက်ရှိလာသောအခါ
လင်းရီမှာ ထိုက်ရှန်းတောင်ကြီးကဲ့သို့
တည်တည်ငြိမ်ငြိမ် ရှိနေသော်လည်း ကျီချင်းရန်ကတော့
ရှုံးရှုံးရဲ့ရဲ့ဖြင့် ဒေါသထွက်နေလေသည်။

လင်းရီနှင့် ကျီချင်းရန်တို့ ပြန်ရောက်လာသည်ကို
မြင်တော့ အခြားဆိုင်ပိုင်ရှင်များမှ နေ၍ ခေါင်းပြူကာ
ဘာဖြစ်လဲဆိုတာကို ခန့်မှန်းကြည့်နေကြတော့၏။

အဲ့ကောင် ရှုရှန်ကတော့ သူ့ရဲ့
အရွက်အစုတ်ပလုတ်တွေကို
ရောင်းလိုက်ပြန်ပြီနေမှာ... ဒါကြောင့်မို့ ဒီရဲ့ စုံတွဲက
သူ့တံခါးဝကို လာခေါက်တာပဲ ဖြစ်ရမယ်...

သို့သော်လည်း ရှုရှုန်မှာ ထွက်ခွာသွားခဲ့ပြီးဖြစ်၏။ ယခု ဆိုင်စောင့်နေသည်ကား ဈေးထဲရှိ ရန်ပွဲတိုင်းတွင် ရှုံးနိမ့်ခြင်း မရှိသေးပဲ အော်ကြောလန်ဟု နာမည်ကျော်နေသည့် သူ၏ အမျိုးသမီးပင်။ သနားစရာ လူငယ်စုံတွဲလေးကတော့ အော်ခံငေါက်ခံပြီး လက်ဗလာနှင့် ထွက်ခွာသွားရပေတော့မည်။

လင်းရီတို့ကတော့ ထူးဆန်းသည့် အကြည့်များကို လျစ်လျူရှုထားလိုက်ပြီး ဆိုင်သို့ ရောက်ရှိလာခဲ့ကြသည်။

သူတို့အဖွဲ့အားသင့်သွားခဲ့သည်က ဆိုင်ပိုင်ရှင်မှာ အခြားတစ်ယောက် ပြောင်းလဲသွားပြီး ဖိုသီဖတ်သီ ဝတ်စားဆင်ယင်ထားသည့် အမျိုးသမီးတစ်ဦး

ဖြစ်နေခြင်းကိုပင်။ပစ္စည်းများ လိုက်ပို့ပေးသည့်
အကူကောင်လေး နှစ်ယောက်ကို
မှတ်မိနေသောကြောင့်သာ မဟုတ်ပါက လင်းရီတို့
ဆိုင်မှား လာခဲ့မိသည်ဟုပင် တွေးထင်မိသွားနိုင်သည်။

ဆိုင်ထိုင်နေသည့် သက်လတ်ပိုင်း အမျိုးသမီး၏
သွင်ပြင်မှာတော့ အသားအရေမှာ
နေလောင်ဒဏ်ကြောင့် ညိုမြဲနေကာ
မျက်လုံးထောင့်စွန်းများတွင်လည်း
အရေးအကြောင်းများနှင့် ပြည့်နေလေသည်။ သူမမှာ
အနက်ရောင် ဂျင်းအင်္ကျီကို ဝတ်ဆင်ထားပြီး စစ်ဝတ်
တောင်တက်ရှူးများကို စီးနင်းထား၏။ သူမ၏ ပုံစံက
လမ်းဘေးတွေ ကြီးပြင်လာခဲ့သည့်သူ တစ်ယောက်နှယ်
စုတ်ပြတ်ပြတ် နိုင်လှသည်။

ထိုအမျိုးသမီးကတော့ ရှုရှန်၏ ဇနီးဖြစ်သူ ဝမ်ဖန်းတည်း။

“ ဒီမှာ… ဆိုင်ရှင်က ဘာလို့ ပြောင်းသွားတာ…” ကျီချင်းရန် မေးလိုက်၏။

သက်လတ်ပိုင်း အမျိုးသမီးမှ ကျီချင်းရန်တို့ကို ကြည့်လိုက်ပြီး အတွေ့အကြုံရှိဖူးစွာဖြင့် ယခုလို ခပ်တည်တည်သာ ပြန်ဖြေလိုက်သည်။

“ ဘာပြောင်းတာ.. ငါက ဒီဆိုင်ပိုင်ရှင်ပဲ.. ဘယ်တုန်းကမှ မပြောင်းလဲဘူး…” ဝမ်ဖန်းမျက်လွှာပြန်ချ၍ ကြည့်ပင်မကြည့်ပဲ ပြန်ပြောလိုက်၏။

## အခန်း (၆၁၁)

## လင်းရီကို စိတ်တိုအောင် ဘယ်ကောင်လုပ်ရဲလဲ

“ ဆိုင်ရှင် ပြောင်းတာတွေ မပြောင်းတာတွေ အရေးမကြီးဘူး… ဒါပေမယ့် မင်းတို့ကောင်တွေ ဈေးဝယ်သူတွေကို ဟင်းသီးဟင်းရွက် အပုတ်တွေ ရောင်းတာကတော့ ဈေးသည် ကျင့်ဝတ်နဲ့ မကိုက်ညီသလိုပဲ..”

“  ဟင်းသီးဟင်းရွက် အပုတ်တွေ…ဟုတ်လား…” ဝမ်ဖန်းပြောလိုက်ပြီး “ ကောင်လေး… နင်ဘာ မဟုတ်တာတွေ လာလျှောက်ပြောနေတာ…

ငါတို့ဆိုင်မှာရောင်းတဲ့ ဟင်းသီးဟင်းရွက်တွေက ဈေးတစ်ခုလုံးမှာ အကောင်းဆုံးပဲ… ငါ့ဆိုင်ကို လာပြီး သိက္ခာမချနဲ့…”

“ ဒီက ဝယ်သွားတဲ့ပစ္စည်းတွေကို ပြန်သယ်လာဖို့ လူခေါ်ထားတယ်.. ကိုယ့်ဘာကိုယ် မျက်စိပါရင် ကြည့်လိုက်…” လင်းရီ တည်ငြိမ်စွာ ပြောလိုက်ပြီး “ ပြီးတော့ ငါ့ဘက်က ဆိုင်နာမည် ဖျက်တာတွေ ဘာမှမလုပ်ရသေးဘူး…မသိချင်ယောင်ဆောင်မနေနဲ့..”

“ ကောင်လေး… နင်က ပြဿနာ လာရှာနေတာလား…” ဝမ်ဖန်း လင်းရီကို လက်ညိုးထိုး၍ အော်ငေါက်လိုက်ပြီး “ နင်ဝယ်ထားတုန်းက အကောင်းကြီးပဲလေ… အကြာကြီးသိမ်းထားမှတော့ ပျက်စီးတာ

ဆန်းသလားဟဲ့.. အဲ့တာကို ငါ့ဆိုင်လာပြီး
အလျှော်တောင်းနေတယ်ဆိုတော့ နင် တမင်သပ်သပ်
ငွေညစ်ချင်နေတာမလား... ငါတို့လို
အသီးအရွက်ရောင်းတဲ့ ပျံကျဈေးသည်တွေက
အနိုင်ကျင့်ဖို့ လွယ်တယ်လို့များ ထင်နေတာလား...”

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် နားရွက်ကုတ်ရင်း
“ စရိုက်ဆန်လို့ ဒီလိုလုပ်တာကို
ငါနားလည်ပေးလို့ရတယ်... ဒါပေမယ့် ငါကိုယ်တိုင်
ရောက်လာပြီး အေးဆေး စကားပြောနေတာကိုတောင်မှ
ဒီလိုမျိုး လုပ်နေတာကတော့ အဓိပ္ပာယ်မရှိဘူး...”

“ ငါ ဘာလုပ်နေလို့လဲ.... ငါ နင့်ကို မကောင်းတဲ့ ဟင်းသီးဟင်းရွက်တွေ ရောင်းလိုက်ပါတယ်ဆိုတဲ့ သက်သေအထောက်အထား နင့်မှာ ဘာရှိလဲ...”

ဝမ်ဖန်း ပက်ကော့ကလန် ပြန်ပြောလိုက်ပြီး “ ပြီးတော့ ငါ ဒီနေ့ ဆိုင်ဖွင့်ကတည်းကရင် ဈေးဦးတောင် မဖောက်ရသေးဘူး... နင်သူများ နေရာက ဝယ်လာပြီးတော့  ဘာလို့ ငါ့ဆိုင်လာပြီး ပြဿနာ လာရှာနေတာလဲ....”

“ အဓိပ္ပာယ် မရှိတာ.... ငါတို့ ဒီဆိုင်ကနေဝယ်ခဲ့တာပဲ... နင် 'ဘူး'ခံပြီးမငြင်းနဲ့...”

“ မငြင်းပါဘူး... ဒါပေမယ့် နင်တို့တွေ ငါ့နားကနေ ဝယ်ခဲ့တယ်ဆိုရင် ဘယ်မှာလည်း

သက်သေအထောက်အထား.. တကယ်လို့ နင်တို့ သက်သေပြနိုင်ရင် ငါ့ဘက်ကလည်း မငြင်းဘူး…”

လင်းရဲ့ ဘေးပတ်ပတ်လည်ကို တစ်ချက် ကြည့်လိုက်သောအခါ အနီးတစ်ဝိုက်တွင် စောင့်ကြည့်ရေး ကင်မရာများ မရှိကြောင်း သတိပြုမိလိုက်၏။

ထို့ကြောင့် သက်သေအထောက်အထား ပြရန်မှာ မည်သို့မျှ မဖြစ်နိုင်ချေ။

“ ဟင်း … အေးဆေး စကားလာပြောနေရင် ဘာလို့ နားမထောင်ချင်ကြတာလဲကွာ.. ဒါကြီးက တော်တော်လေး ခေါင်းကိုက်စရာပဲ…”

“ ငါက နားမထောင်ဘူးလား…” ဝမ်ဖန်း
အပြစ်ကင်းစင်ဟန်ဖြင့် ပြောလိုက်ပြီး “ ငါက
အမှန်တရားတွေ ပြောနေတာလေ… နင့်ဘက်က
သက်သေထုတ်မပြနိုင်တိုင်းနဲ့ ငါ့အပေါ်
အပြစ်လာပုံမချနဲ့…”

ထိုအခါ ဆိုင်အနားတွင် စပ်စုနေကြသည့် လူများမှ
ရယ်မောလိုက်ကြ၏။

ရလဒ်မှာ သူတို့ မျှော်လင့်ထားသည့်
အတိုင်းပင်။ဝမ်ဖန်းကဲ့သို့ အပေါက်ဆိုးသည့်
အမျိုးသမီးက ငွေတစ်ခုတည်းကိုသာ စိတ်ဝင်စားသည်။
ထိုသို့သော သူမျိုးထံမှ ပိုက်ဆံ

ပြန်လိုချင်နေသည်ဆိုလျှင်တော့ ဝက်တွေ လေပေါ်ပျံနိုင်မှသာ ပြန်ရနိုင်ပေမည်။

ဘန်း... ဝုန်း ..ဘုန်း

လင်းရဲ့ အချိန်ဖြုန်းမနေတော့ပဲ ဝမ်ဖန်းရှေ့တွင် ခင်းကျင်းထားသည့် အသီးအရွက်ဗန်းများကို ခြေထောက်ဖြင့် ကန်လိုက်၏။

ယင်းလုပ်ရပ်က လူတိုင်းကို မယုံကြည်နိုင်ဖွယ် ရှော့ခ်ရသွားစေခဲ့သည်။

ယခုလိုလုပ်ရပ်မျိုး ပြုလုပ်သူတစ်ချို့ ရှိခဲ့သော်လည်း ထိုစဥ်က တစ်ဖက်သူမှာ ကြွက်သား အပြိုင်းပြိုင်းနှင့် လူသန်ကြီးများပင်။ ယခုတော့ ကျောင်းသား ပုံစံ

ကောင်လေးတစ်ယောက်မှ သူမရှေ့တွင်
ဝုန်းဒိုင်းဆန်ပြလိမ့်မည်လို့ ဘယ်တုန်းကမှ
တွေးထင်မထားခဲ့။

ဝမ်ဖန်းလည်း ရှော့ခ်ရသွားမှုကြောင့် တဒင်္ဂမျှ
ကြက်သေသေသွားခဲ့၏။ သို့သော်လည်း စျေးတွင်
တစ်နှစ်ပတ်လုံး ကျင်လည်းကျက်စားနေသူ တစ်ဦး
ပီသစွာဖြင့် သူမ၏ ပကတိကိုယ်ဟန်ကို ပြန်ရကာ
လင်းရီနှာခေါင်းကို လက်ညိုးထိုး၍ " မျိုးမစစ်လေး....
မင်းသေချင်နေတာလား.... ငါ
စျေးသည်လုပ်စားလာတာ ကြာလှပြီ... နင့်ကို
ကြောက်လိမ့်မယ်များ ထင်နေတာလား..."

ဝမ်ဖန်းကျိန်ဆဲပြီးနောက် သူမနောက်ရှိ ဆိုင်အကူကောင်လေး နှစ်ယောက်ကို ကြည့်ကာ " နင်တို့က ဘာကြည့်နေကြတာလဲ... သူ့ကို ရိုက်ကြလေ..."

အမှန်တော့ ဝမ်ဖန်း မပြောခင်ကတည်းကရင် ကောင်လေး နှစ်ယောက်မှာ မတ်တပ်ရပ်နေပြီး ဖြစ်၏။

" လူချောလေး.. မင်းက ဒီလာပြီးတော့ ပြဿနာ လာရှာရဲတယ်ပေါ့လေ.. မင်းသောက်ခွက်ကို မထိုးရဲဘူးများ ထင်နေတာလား.."

ကျောထောက်နောက်ခံ ကောင်လေး နှစ်ယောက်အကူအညီဖြင့် ဝမ်ဖန်းမှာ ယုံကြည်ချက်များ ပြည့်ဝနေပြီး အနည်းငယ်မျှပင် မကြောက်ရွံ့တော့ချေ။

သူမမျက်နှာပေါ် ရှိ မောက်မာသည့် အမူအရာမှာ လမ်းကြိုလမ်းကြားတွင် ကျက်စားသည့် အပျော်လင်များထက်ပင် မောက်မာနေတော့၏။

“ ဒီမှာ တစ်ခုပြောမယ်.. နင်တို့ဘက်က ပြဿနာ လာရှာတာနော်… တကယ်လို့ ဒီနေ့ ဆိုင်ပစ္စည်းရဲ့နှစ်ဆ ပြန်မလျော်ပေးဘူးဆိုရင် နင်တို့ကို သေချာပေါက် ရိုက်နှက်ပစ်မယ်… ငါ့အဆိုး လာမဆိုနဲ့…”

“ ငါကကော ကြောက်မယ်များ ထင်နေလား..”

လင်းရီ တစ်ခွန်းမျှ ဆက်မပြောတော့ပဲ ရှေ့တက်ကာ ဆိုင်အကူ နှစ်ယောက်ကို စတင်ကန်ကျောက် ထိုးကြိတ်လိုက်၏။

လက်ရှိ လင်းရီ၏ စွမ်းရည်ဖြင့် လူနှစ်ယောက်ကို ကိုင်တွယ်ရသည်မှာ လက်ဖျစ်တီးသကဲ့သို့ လွယ်ကူလှသည်။

ထို့ပြင် စနစ်မှ ပထမ အဆင့် တိုက်ခိုက်ရေး စွမ်းအားနှင့် အရိုးသိပ်သည်းဆေးကို ချီးမြင့်ထားသောကြောင့် ပို၍ပင် လွယ်ကူနေသေးသည်။

လင်းရီလက်ချက်ဖြင့် သူမ၏ ဆိုင်အကူကောင်လေးနှစ်ယောက်မှ သွေးအန်သွားသည်ကိုမြင်တော့ ဝမ်ဖန်း အံ့အားသင့်သွားခဲ့၏။

ဒီကောင်လေးက ကြည့်တော့တာ ပျော့တိပျော့ဖတ်
ပုံစံနဲ့ ဘာလို့ ဒီလောက်တောင် ကမူးကရှူး
ဆန်နေတာ...

“ ငါ မင်းနဲ့ ဘောင်မဝင်တဲ့စကားတွေပြောပြီး
အချိန်မဖြုန်းချင်ဘူး ... ဒီကိစ္စ ဘယ်လို
ဖြေရှင်းပေးမလဲပဲပြော... ငါ စိတ်မတိုခင် အခွင့်အရေး
ရှိသေးတယ်....”လင်းရီ တည်ငြိမ်စွာ ပြောလိုက်၏။

"ငါလည်း နင့်ကို ရှင်းအောင် ပြောပြလိုက်မယ်...
ငါ့လက်ထဲကနေ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ ရဖို့
မစဥ်းစားနဲ့..."ဝမ်ဖန်း ပြောလိုက်ပြီး "ပြီးတော့
နင်ငါ့ဆိုင်ကိုလည်း ဖျက်ဆီးသွားသေးတယ်..
လျော်မယ့်လျော် နင်ကပဲ လျော်ရမှာ..

မဟုတ်လို့ကတော့ ငါ မြေကြီးပေါ်မှာ လဲပြီးတော့ သေတဲ့အထိ ပိုက်ဆံတောင်းပစ်လိုက်မယ်...."

ထိုအခါ လင်းရီလည်း အဆိုပါ လက်ပေါက်ကပ်သည့် အမျိုးသမီးကို နှာရန် ရှေ့တက်စဉ် ကျီချင်းရန်၏ ဟန့်တားသံကို ကြားလိုက်ရ၏။

"လင်းရီ မလုပ်နဲ့..."

"ငါခုပဲ စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေး ဌာနကို ဖုန်းဆက်ခိုင်းပြီးတော့ လူလွှတ်ခိုင်းလိုက်မယ်... မဟုတ်ရင် ငါတို့ဘက်က အမှား ဖြစ်သွားလိမ့်မယ်... "

ကျီချင်းရန် ဘယ်လိုလုပ်ရမလဲ ဆိုတာကို ကောင်းကောင်း နားလည်ပေသည်။

အကယ်၍ တစ်ဖက်သူသာ သူမတို့ကို လျော်ကြေးပေးရန် ခေါင်းမာနေပါက သူမတို့လည်း ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်ချေ။

အကယ်၍ အတင်းဇွတ်တရွတ် ပိုက်ဆံ အိတ်ထဲမှ လုလိုက်ပါက အခြေအနေမှာ တစ်မျိုးပြောင်းသွားပြီး လင်းရီက ရာဇဝတ်မှု ကျူးလွန်သူ နေရာသို့ ရောက်ရှိသွားလိမ့်မည်။

ထို့ကြောင့် သက်ဆိုင်ရာနှင့် ဖြေရှင်းသည်က အကောင်းဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းဖြစ်၏။

"ကောင်းပြီလေ.. သူတို့ကို မြန်မြန်လာဖို့ ပြောလိုက်...."

"အွန်း..."

ကျီချင်းရန် ဖုန်းခေါ်နေသည်ကို မြင်တော့ ဝမ်ဖန်း မျက်နှာထက်တွင် ကြောက်ရွံ့သည့် အမူအရာ တစ်စိုးတစ်စိမျှ ဖြစ်ပေါ်မနေချေ။

"နင်တို့ ဈေးရုံးကို ဖုန်းဆက်လည်း အလကားပဲ.. ငါက ဟော့ဒီ ဈေး ဧရိယာရဲ့ တာဝန်ရှိသူတွေနဲ့ အပိုင် ပေါင်းထားပြီးသား... သူတို့ လာခဲ့ရင်တောင် နင်တို့ တစ်ပြားတစ်ချပ်လေးမှ ရဖို့ စိတ်မကူးနဲ့..."

ဖုန်းခေါ်နေသည့် ကျီချင်းရန်ကို ကြည့်ရင်း လူတိုင်းမှာ ထပ်မံ ရယ်မောလိုက်ကြပြန်သည်။

သူတို့အားလုံး အခြေအနေကို
နားလည်သဘောပေါက်ကြလေသည်။

အကယ်၍ ဈေးဧရိယာ အတွင်းတွင် သက်ဆိုင်ရာ
တာဝန်ရှိသူများနှင့် ကောင်းမွန်သည့် ဆက်ဆံရေး
မရှိပါက ငြိမ်းချမ်းစွာ ဈေးရောင်းနိုင်ပါမည်လော။

" အိုး.... အထင်ကြီးဖို့တော့ ကောင်းသားပဲ...
အဲ့ဒါဆိုလည်း ဒါရိုက်တာနဲ့ပါ အပိုင်ပေါင်းထားရင်တော့
ပိုကောင်းတာပေါ့..."

" နင်ဘာပြောလိုက်တယ်..."

ဝမ်ဖန်းနှင့် ကျန်သူများ ကြောင်အမ်းအမ်း ဖြစ်နေစဉ်
ကျီချင်းရန်၏ ဖုန်းမှာ ဝင်သွားခဲ့၏။

“ ဒါရိုက်တာစွန်းလား… ကျွန်မ ချောင်ရန်အုပ်စုက ကျီချင်းရန်ပါ… ခု လယ်သမား ဈေးထဲမှာ ပြဿနာလေး နည်းနည်းတွေ့နေလို့… အဲ့တာ တစ်ယောက်ယောက် ဒီလွှတ်ပေးလိုက်လို့ ရမလား…”

ဖုန်းခေါ်ဆိုမှုမှာ တိုတိုနှင့် လိုလိုရင်းဖြင့်သာ ပြီးဆုံးသွားခဲ့ပြီး တစ်မိနစ်ကြာပြီးနောက် သူမ ဖုန်းပြန်ချလိုက်သည်။

တစ်ဖက်သူမှလည်း ကျီချင်းရန် ပြောထားသည့်အတိုင်း ယခု ကိစ္စကို အမြန်ဆုံး ဆောင်ရွက်ပေးသွားပါ့မည်ဟု သဘောတူလာလေသည်။

ကျိုးဟိုင်ကဲ့သို့ မြို့ကြီးတွင် ချောင်ရန်အုပ်စု၏
ဈေးကွက်တန်ဖိုးက အစိုးရ ဌာနများကိုပင်
လှုပ်ခါနိုင်သည်အထိ အင်အားကြီးမား၏။

သို့သော်လည်း ကျိုးဟိုင်၏ အထက်ကြီးပိုင်း
အရာရှိများကသာလျှင် ချောင်ရန်အုပ်စု၏ ဥက္ကဋ္ဌ
ကျီချင်းရန်က လင်းယွမ်အုပ်စု၏ သူဌေး လင်းရီ၏
ချစ်သူဖြစ်ကြောင်းကို သိထားကြ၏။

အဆိုပါ အထောက်အထားက
မယုံကြည်နိုင်ဖွယ်ရာပင်။

လင်းရီမှာ လက်တစ်ဖက်ဝှေ့ယမ်းယုံမျှဖြင့်
အစိုးရဌာန၏ ဒါရိုက်တာကို အပြောင်းအလဲ
ပြုလုပ်နိုင်သည်အထိ ကြီးစိုးမှုရှိ၏။

ဒီကျိုးဟိုင်မှာ ဘယ်သူက လင်းရီကို အပြစ်ပြုရဲမှာလဲ…

“ ဒါရိုက်တာစွန်းက ခဏနေ တစ်ယောက်ယောက်
လာခဲ့လိမ့်မယ်တဲ့…”
ဖုန်းချပြီးနောက် ကျီချင်းရန် ပြောလိုက်သည်။

“ အင်း.. ငါတို့လည်း ဆိုင်ဖွင့်ဖို့ စောပါသေးတယ်…”

“ နင်… နင်တို့ ဘာတွေ ပြောနေကြတာလဲ.. နင်တို့
ဒါရိုက်တာစွန်းကို ဖုန်းခေါ်လိုက်တယ်…..” ဝမ်ဖန်း
လင်းရီကို ကြည့်ရင်း အနည်းငယ် ပျာပန်းခက်သွားခဲ့၏။
ယခုကိစ္စမှာ သိပ်မလွယ်ကူတော့ဟု ခံစားနေရသည်။

“ အောက်က ရုံးစာရေးတွေက မကိုင်တွယ်နိုင်မှတော့ သူတို့ရဲ့အထက်အရာရှိကို ခေါ်ရမယ် မဟုတ်ဘူးလား…”

“ နင်ငါ့ကို လာပြီး ချောက်လန့်မနေနဲ့… နင့်လိုမျိုး သုံးဘီးစီးပြီး ဈေးလာဝယ်တဲ့သူက ဒါရိုက်တာနဲ့ ဘယ်လိုလုပ်ပြီး ရင်းနှီးနိုင်မှာ…”

“ ယုတ္တိကျကျ ပြောရရင်တော့ မင်းပြောတာ မှန်တယ်..” လင်းရီ ပြောလိုက်ပြီး “ ဒါပေမယ့် ရှင်ဘုရင်က ရွာကို ရုပ်ဖျက်ပြီး လာလည်တယ်လို့ စဉ်းစားကြည့်လိုက်… ငါကကော သုံးဘီးမောင်းပြီး ဈေးလာဝယ်လို့ မရဘူးလား…”

“ ငါ့ကို လာလိမ်ဖို့ မကြိုးစားနဲ့…”

ထိုသို့ အော်ပြောလိုက်သော်လည်း ဝမ်ဖန်း၏ အရှိန်အဝါမှာ အားနည်းတထက် အားနည်းလာပြီး သူမ၏ လေသံထဲတွင် မရေရာမှုတို့က ရောစွက်နေလေသည်။

ဒီလို အခြေအနေမျိုးမှာ ဘယ်သူက တည်ငြိမ်နိုင်မှာလဲတဲ့…

“ ဟေ့ အဘွားကြီး… ဘာလို့ လေသံက တစ်မျိုးပြောင်းသွားတာ… ခုနကလိုမျိုး ထီမထင်တဲ့ လေသံလေး လုပ်စမ်းပါဦး…”

“ နင်… နင်တို့ ….”

ဝမ်ဖန်း လင်းရှီတို့ကို လက်ညှိုးထိုးလျက် မျက်လုံးတို့ ပြူးကျယ်စွာဖြင့် နောက်ဆုတ်သွားခဲ့ပြီး လက်တစ်ဖက်ကလည်း ရင်ဘက်ကို ဖိကာ မြေပြင်သို့ လဲကျသွားခဲ့၏။

၎င်းကို မြင်တော့ ကျီချင်းရန် ကြက်သေသေသွားခဲ့ပြီး
“ အမ်.... ဘာလဲဖြစ်သွားတာ...”

“  ငါတို့ကို ငွေညစ်ချင်နေတာလေ....”

“ မရတော့ဘူး...အစ် အစ်..... အသက်ရှူကြပ်တယ်... ခြေထောက်လည်း ကြွက်တက်လာပြီ... ပြီးတော့ ငါ့နှလုံး.....ငါ့နှလုံး ပြန်ဖောက်လာသာ နင်တို့ ကြောင့်ပဲ...” ဝမ်ဖန်း သူမရင်ဘက်ကို ဖိရင်း အသက်ကို အမောတကြီးရှူကာ ၉၆ ပါးရောဂါဝေဒနာတို့ဖြင့်

သတိလစ်တော့မည့်နှယ် ဖြစ်နေလေသည်။ သူမ၏ ဆံပင်တို့မှာလည်း ဖရိုဖရဲနှင့် လက်ရှိမြင်ကွင်းမှာ အတော်လေးကို ရုပ်ပျက်ဆင်းပျက် နိုင်လွန်းလှ၏။

“ ရီ … ငါတို့ ခု ဘယ်လိုလုပ်ကြမလဲ…”

“ စောင့်ကြည့်မယ်…” လင်းရီ ပြောလိုက်ပြီး
“ တကယ်လို့ အဲ့ဘွားတော်ကြီး တကယ် သေသွားမယ်ဆိုလည်း
တန်းမြုပ်လိုက်ကြတာပေါ့…  ဘာမှမဖြစ်လို့ကတော့ လိမ်လည်မှုနဲ့ စီရင်စရာရှိတာ စီရင်ရမှာပဲ….”

**အခန်း (၆၁၂)**

**ဟော်ယွမ်ယွမ်ကို ဆိုင်မလာစေနဲ့**

“ အဲ့လိုလုပ်လို့ ဖြစ်ပါ့မလား ရီရယ်…”

ကျီချင်းရန်မှာ ယခုလို အခြေအနေမျိုးနှင့် မကြုံဖူးသေးသောကြောင့် ပြဿနာ တစ်စုံတစ်ရာ ဖြစ်ပွားသွားမည်ကို စိုးရိမ်နေလေသည်။

“ ဘာမ စိတ်ပူမနေနဲ့… အကုန်ဖြစ်တယ်..”

ဘေးပတ်ပတ်လည်ရှိ ဈေးသည်များကလည်း ရှုပ်ထွေးစွာဖြင့် မရေမရာ ဖြစ်နေကြသည်။

ဒီစုံတွဲက တကယ်ကြီး ဒါရိုက်တာနဲ့
သိနေတာများလား....

သောက်ရေးမပါသာတွေ...

“ ဒီမှာ ရုတ်ရုတ်နဲ့... ဘာတွေ ဖြစ်နေကြတာတုန်း...”

အခြေအနေမှာ ထိန်းချုပ်မှုအောက်မှ လွတ်ကင်းသွားပြီး
ရုန့်ရင်းဆန်ခတ်နှင့် ဆူညံနေစဉ် လုံခြုံရေး
ယူနီဖောင်းနှင့် အမျိုးသားတစ်ဦး မလှမ်းမကမ်းမှ
လျှောက်လာလေသည်။ ထိုသူ၏ သွင်ပြင်ကား
ကင်းလှည့်နေပုံရ၏။

သူ ဝိုင်းအုံကြည့်နေကြသူများကို တွန်းဖယ်လိုက်ပြီး
လင်းရီ ရှေ့သို့ ရောက်လာခဲ့သည်။

" မန်နေဂျာမာ ရောက်လာပြီ…"

မန်နေဂျာမာ ဆိုသူမှာ လယ်သမားဈေး၏

လုံခြုံရေးမန်နေဂျာတစ်ဦးဖြစ်သူ မာရှူးလျန်ပင်။

ပုံမှန်အားဖြင့်တော့ သူ၏ အလုပ်မှာ ဈေးကွက်ထဲ

တည်ငြိမ်အေးချမ်းရေးနှင့် ပျံ့ကျဈေးသည်များနှင့်

ရောင်းဝယ်ဖောက်ကားသူများအကြား

အထိကရုန်းများကို စီမံခန့်ခွဲပေးရသူလည်း ဖြစ်သည်။

" အဘွားကြီးဝမ်.. မင်း မြေပေါ်မှာ မှောက်ပြီး

ဘာလဲလုပ်နေတာ…"

မာရှူးလျှန်ကို မြင်တော့ ဝမ်ဖန်း မြေပြင်မှ ဆတ်ကနဲ ထရပ်လိုက်၏။

အသက်ဝဝလင်လင် ပြန်ရှူ၍ ရသွားပြီး နှလုံးမှာလည်း သာမန်အတိုင်း ပြန်ဖြစ်ကာ ခြေထောက်ရှိကြွက်မှာလည်း ထွက်ပြေးသွားတော့၏။

“ ဒီနှစ်ယောက်ပေါ့… ငါ့ကို မကောင်းတဲ့ ဟင်းသီးဟင်းရွက်အပုတ်တွေ ရောင်းနေပါတယ်ဆိုပြီး နာမည်ဖျက်နေတာ… ပြီးတော့ ငါ့ရဲ့ဆိုင်ကိုလည်း ဖျက်စီးသေးတယ်… ဝင်တားတဲ့ ငါ့ဆိုင်က ကောင်လေးနှစ်ယောက်လည်း လာရှုပ်လို့ ဆိုပြီး သွေးအန်တဲ့ထိ အရိုက်ခံလိုက်ရတယ်….”

မာရှူးလျန် အခြေအနေကို တစ်ချက်
ခြုံငုံသုံးသပ်ကြည့်လိုက်ပြီး လင်းရီကို ကြည့်ကာ
“ ညီကို .. မင်း ဒါဘယ်လိုလုပ်လိုက်တာ... သူတို့က
ပုံကျစျေးသည်တွေဆိုတာနဲ့ပဲ မင်း အနိုင်ကျင့်ချင်သလို
ကျင့်လို့ မရဘူးလေကွာ..” မာရှူးလျန်
ပြောလိုက်သည်။

“ ငါက ဘယ်သူ့ကို အနိုင်ကျင့်နေလို့....”

“ မင်းက လူနှစ်ယောက်ကို ဆိုးဆိုးရွားရွားဖြစ်အောင်
ရိုက်နှက်ပြီးမှတော့ အနိုင်ကျင့်နေတာ မဟုတ်ရင်
ဘာတုန်းကွ...” မာရှူးလျန် ပြောလိုက်ပြီး
“ မင်းထင်နေတာ ငါမျက်စိကန်းနေတယ်များ
ထင်နေတာလား...”

“ နင်တို့ နှစ်ယောက်....နင်တို့တွေ လူကို လာအနိုင်ကျင့်တာ အသိအသာကြီးပဲ… နင်တို့ရဲ့ အဲ့ဒီ ဟင်းရွက် အစုတ်အပြတ်တွေကို ငါ့ဆိုင်ကနေ ဝယ်သွားတာ ဘယ်သူမြင်လဲ…” ဝမ်ဖန်း အော်ပြောလိုက်၏။

ကျီချင်းရန် တစ်ဖက်သို့ လှည့်လိုက်ပြီး အနီးတစ်ဝိုက်ရှိ ဈေးသည်များကို ညွှန်ပြကာ “ သူတို အကုန်မြင်တယ်…”

“ ဟင်း… မိန်းကလေး.. မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့…. ငါတို့ ဘာမှ မမြင်ဘူး…”

“ ငါကောပဲ… ငါဆို ညကတည်းကနေ
စျေးရောင်းနေတာ… နင်တို့နှစ်ယောက် ငါ့ဆိုင်နား
ရောက်လာတာတောင် မမြင်ပေါင်…”

“ဟုတ်ပါ့… အစ်မဝမ်က ခု မနက်မှ ဆိုင်ဖွင့်တာ
စျေးဦးတောင် မဖောက်သေးဘူး.. ငါနဲ့ တစ်မနက်လုံး
စကား ပြောနေတာ … တကယ်လို့ နင်တို့
လာဝယ်မယ်ဆိုရင်
သိရမှာပေါ့ဟဲ့….စွပ်စွပ်စွဲစွဲတွေပါအေ….”

အားလုံးက စျေးထဲတွင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ
နေကြသောကြောင့် ပြဿနာတစ်စုံတစ်ရာ ရှိလာပါက
အချင်းချင်း ရိုင်းပင်းကူညီကြလေသည်။

ထို့ကြောင့် စျေးသည်များအားလုံး ဝမ်ဖန်းဘက်သို့ ယိမ်းလိုက်ကြ၏။

“ နင်တို့တွေ ညာနေတာ…” ကျီချင်းရန် ပြန်ချေပလိုက်ပြီး “ ငါတို့ ဒီမနက် စျေးလာဝယ်တော့ နင်တို့တွေ အကုန်မြင်တယ်…”

“ ကောင်မလေး… နင်ဘာတွေ လျှောက်ပြောနေတာ… ငါတို့က ဝမ်ဖန်းနဲ့ ဘာမှ မပက်သက်ဘူး.. ဒီတော့ သူ့ဘက်က ကူပြောပေးစရာ အကြောင်းလည်း မရှိဘူး… ငါတို့ မြင်ရင် မြင်တယ်… မမြင်ရင် မမြင်ဘူး… ဘာမှ လိမ်ညာမနေဘူး…”

“ နင်တို့…”

“ ရပြီ…လုံလောက်ပြီ…” လင်းရီ ကျီချင်းရန်ကို နောက်ပြန်ဆွဲလိုက်ပြီး “ သူတို့နဲ့ ငြင်းခုန်နေလို့လည်း အလကားပဲ…”

“ ညီကို ကိစ္စတွေက ဒီအခြေအနေထိတောင် ရောက်နေပြီဆိုတော့ မင်း ငါတို့ကို ဖြေရှင်းချက်ပေးသင့်တယ် မထင်ဘူးလား…” မာရှူးလျန် ပြောလိုက်၏။

လက်တွေ့တွင်တော့ မာရှူးလျန် အကြောင်းစုံကို သဘောပေါက်လေသည်။

ဝမ်ဖန်းနှင့် ကျန်သူများမှာ ကတ်စတန်မာများကို အသီးအရွက်အပုတ်များ ရောင်းချလိုက်ခြင်းကြောင့် ယခုလိုမျိုး ဖြစ်လာခဲ့ခြင်းဖြစ်၏။ ထိုသို့

ရောင်းချနေသည်မှာလည်း ပထမဆုံးအကြိမ် မဟုတ်တော့ပေ။

အကယ်၍ သက်သေအထောက်အထားများ ရှိပါက သူ ကတ်စတန်မာဘက်မှ လိုက်၍ ကူညီပေးပေမည်။ သို့သော်လည်း သက်သေအထောက်အထား မပါရှိ၍ အခြေအနေမှာ ကွဲပြားသွားခဲ့၏။ မျက်မြင်သက်သေ အခိုင်အမာရှိသည့် ဝမ်ဖန်းဘက်သို့ လိုက်ရန်သာ ကျန်ရှိတော့သည်။

“ ဖြေရှင်းချက်လား... ခဏနေ တစ်ယောက်ယောက်ရောက်လာပြီး ဖြေရှင်းချက် ပေးလိမ့်မယ်...."

“ တစ်ယောက်ယောက်လား…” မာရှူးလျန် ကြောင်အသွားခဲ့ပြီး” ဘယ်တစ်ယောက်လဲ…”

“ မန်နေဂျာမာ…သူတို့က စက်မှုနဲ့ ကူးသန်းရောင်းဝယ်ရေး ဌာနရဲ့ ဒါရိုက်တာစွန်းနဲ့ သိတယ်…”  ဝမ်ဖန်း ပြောပြလိုက်၏။

“ ဒါရိုက်တာစွန်း….” မာရှူးလျန် ရေရွတ်လိုက်ပြီး “ စိုက်ပျိုးရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အစိုးရဌာနရဲ့ ဒါရိုက်တာ နာမည်က လီမဟုတ်ဘူးလား… ငါတော့ မျိုးရိုးနာမည်စွန်းနဲ့ တစ်ယောက်မှ မကြားဖူးပါဘူး… "

“ ဟမ်….”

လူတိုင်း တုံ့ပြန်လိုက်ကြပြီး တစ်ခုခု မှားယွင်းနေသယောင် ခံစားလိုက်ကြရ၏။

မန်နေဂျာမာ ပြောပုံအရဆိုရင် ဟိုစုံတွဲပြောတာက မှန်ပါ့မလား…

လုံးဝမဖြစ်နိုင်ဘူး…

ဘွားတော်ဝမ် ပြောသလိုပဲ သူတို့သာ အစွမ်းအစရှိရင် သုံးဘီးနဲ့ ဈေးလိုက်နေမှာ မဟုတ်ဘူး…

“မန်နေဂျာမာ.. ဒီကိစ္စ ဘယ်လိုဖြေရှင်းပေးမလဲ… သူက ငါ့ဆိုင်ကို ဖျက်စီးသွားတဲ့အပြင် ဆိုင်က ကလေးတွေကိုလည်း ရိုက်နှက်သွားသေးတယ် ဆိုတော့ ရဲခေါ်ကြမလား….”

“ အဲ့လိုလုပ်ဖို့ လိုမယ်  မထင်ဘူး..”

မာရှူးလျှန် လင်းရီကို ကြည့်လိုက်ပြီး “ ညီကို…
အခြေအနေတွေက ဒီအနေအထားထိ
ရောက်လာမှတော့ ဒီမှာတင်တော်လိုက်ကြစို့…
အဘွားကြီး ဝမ်ဘက်က ကုန်ပစ္စည်းတွေ
ဖျက်ဆီးခံလိုက်ရတယ်ဆိုတော့ သူမကို ယွမ် ၂,၀၀၀
လျော်ပေးလိုက်… မြေပေါ်မှောက်နေတဲ့
နှစ်ယောက်ကိုကျတော့ ဆေးဖိုး ယွမ် ၅,၀၀၀
ပေးလိုက်...ဒါဆိုရင် ဒီကိစ္စ ဒီမှာတင် အဆုံးသတ်ပြီ… “

“ ငါ့ဖင်ကြီးကိုပဲ လျော်ခိုင်းလိုက်လေ…”

“ မင်းဘာစကားပြောတာတုန်းဟျောင့်..” မာရှူးလျှန်ပြောလိုက်ပြီး “ ငါ လုပ်ပေးနေတာတွေက မင်းကောင်းဖို့အတွက်တွေချည်းပဲနော်… မင်းဘက်က ဆက်ပြီး ခေါင်းမာနေဦးမယ်ဆိုရင် ငါရဲခေါ်လိုက်တော့မယ်… အဲ့အခါကျ လျော်ကြေးပေးရုံလောက်နဲ့ပဲ အဆုံးသတ်သွားမှာ မဟုတ်ဘူး…”

“ ဘေးဖယ်ကြစမ်း… ဘယ်ကောင်တုန်းကွ ရဲကို ဖုန်းဆက်မယ်ပြောတာ…”

အေးစက်သည့် နှာခေါင်းရှုံ့သံမှာ အပြင်ဘက်မှ ထွက်ပေါ်လာခဲ့ပြီး လူအုပ်ကြီးမှ လမ်းဖယ်ပေးလိုက်ကာ ယူနီဖောင်း ဝတ်ထားသည့် လူဆယ်ဦးထက်မနည်း လမ်းလျှောက်လာကြလေသည်။

ရောက်လာသည့် သူကို မြင်တော့ မာရှူးလျှန်

ရှော့ခ်ရသွားခဲ့၏။

တကယ်ကြီး ဌာနရုံးက လူတွေ ရောက်လာပြီလား…

ဒီကောင်က တကယ်ကြီး တစ်ယောက်ယောက်နဲ့

သိနေတာလားဟ…. သွားပြီ.. ငါတော့ ပျားအုံတော့

တုတ်နဲ့ထိုးမိပြီတူတယ်…

“ ဒါ… ဒါရိုက်တာလီ….”

“ မင်းက …”

“ ကျွန်တော်က ဒီဈေးရဲ့ လုံခြုံရေး မန်နေဂျာ

မာရှူးလျှန်ပါဗျ.. ကျွန်တော်အရင်တုန်းက

သူဌေးနောက် လိုက်ရင်းနဲ့ ဒါရိုက်တာလက်အောက်မှာ တာဝန်ထမ်းခဲ့ဖူးတယ်လေ…”

“ ဩော်… ဟုတ်လား..”

သာမန်ကာ လျှံကာ တုံ့ပြန်ပြီးနောက် ဒါဇင်ကျော်သော လူတို့မှာ လင်းရီနှင့် ကျီချင်းရန်တို့နား ရောက်လာပြီး “ ဉက္ကဌလင်း.. ဉက္ကဌကျီ… ပြဿနာ ရှာနေတာ ဒီမိန်းမလား…”

ပြောလိုက်သူမှာတော့ ကျိုးဟိုင် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး တာဝန်ခံ စွန်းရှယ်မင်ပင်။

“  အင်း… သူပဲ… တစ်ချက်လောက် ကူညီပေးဦး…”

“ မပူပါနဲ့ဗျ.. ကျွန်တော်တို့ သေချာပေါက် တင်းတင်း ကြပ်ကြပ် ဆောင်ရွက်သွားမှာပါ....”
စွန်းရှယ်မင် ကတိပေးလိုက်၏။

ထိုအခါ အနီးတစ်ဝိုက်ရှိ လူများအားလုံး ကြက်သေသေသွားကြသည်။

ဒီ သက်လတ်ပိုင်းလူက ဘယ်သူကြီးလဲ...

ဘာလို့ ဒါရိုက်တာလီက သူ့နောက်မှာ ကုပ်ကုပ်လေး ရပ်နေရတာ...

ပြီးတော့ သူခေါ်လိုက်တာက ဘာတဲ့ ... ဥက္ကဌလင်း...

ဒီကောင်လေးဆီမှာ တခြား အထောက်အထားတစ်ခု ရှိနေတာများလား…

စွန်းရှယ်မင် ဝမ်ဖန်းကို ကြည့်ပြီး နောက်သို့ မလှည့်ပဲ အမိန့်ပေးလိုက်၏။ “ လီကြီး…. မင်းလူတွေနဲ့ ဒီအမျိုးသမီးကို ခေါ်သွားလိုက်…. ပြီးရင် ဒီနားတစ်ဝိုက်က ဆိုင်တွေကိုလည်း သေချာလေး စုံစမ်း.. ဈေးရဲ့ ကျက်သရေကို ညစ်နွမ်းစေသူတိုင်းကို ကျိန်းသေပေါက် ဒဏ်ခတ်ရမယ်…”

“ နားလည်ပါပြီ ဒါရိုက်တာစွန်း…”

“ ဟဲ့ ဟဲ့… နင်တို့ ဘာလို့ ငါ့ကို ဖမ်းနေကြတာတုန်း.. ငါ့မှာ ဘာအပြစ်မှ မရှိဘူးလေ… အဲ့ကောင်က မဟုတ်မဟတ်တွေ လျှောက်စွပ်စွဲနေတာ… နင်တို့

မယုံကြနဲ့....” ဝမ်ဖန်း အဖမ်းခံရန် စိတ်ကူးမရှိ၊
အသားကုန် ရုန်းလိုက်၏။ သို့သော်လည်း
အားကောင်းမောင်းသန် ယောက်ျားသားများ၏
လက်အောက်တွင် တစ်ခဏအတွင်း
အပိုးကျိုးသွားလေသည်။

“ ဉက္ကလင်းက ကျိုးဟိုင်မှာ ယွမ်ဘီလီလျံရာချီတဲ့
စီးပွားရေးလုပ်ငန်းတွေကို ပိုင်ဆိုင်ထားတဲ့သူ… သူ့လို
လူစားမျိုးက ဘာမဟုတ်တာလေးကို
မှားယွင်းစွပ်စွဲမယ်လို့ ထင်နေတာလား…”

“ ဘီ… ဘီလီယမ် ရာချီ….”

ဂလု….

လင်းရီ၏ အထောက်အထား အစစ်အမှန်ကို
သိရှိပြီးနောက် မာရှူးလျန်၊ ဝမ်ဖန်းနှင့်
ကျန်သူများအားလုံး မျက်လုံးများ ကျွတ်ကျလုမတတ်
ပြူးကျယ်သွားခဲ့ကြ၏။

သူ့လိုမျိုး ဘောစိက ဒီလို ကုန်စိမ်းတွေကို ကိုယ်တိုင်
ထွက်ဝယ်ဖို့ လိုအပ်လို့လား....

ရုပ်ဖျက်ပြီး လာတယ်ဆိုရင်တောင် ဘယ်သူဌေးက
သူ့လို သုံးဘီးကြီး မောင်းလာမှာလဲ...

ဒါကြီးကလည်း အနိုင်ကျင့်နေတာပဲ မဟုတ်ဘူးလား....

" ဥက္ကဋ္ဌလင်း... ကျွန်တော် တကယ်ကို
စိတ်မကောင်းပါဘူးဗျာ... ခုကိစ္စက ကျွန်တော်တို့

စီမံခန့်ခွဲမှု ညံ့ဖျင်းတာကြောင့် ဖြစ်သွားတာပါ....
ဒါပေမယ့် ဒီကိစ္စကို အခြေခံပြီးတော့ စနစ်တစ်ခုလုံးကို
ပြန်ဖွဲ့စည်းမှာမို့လို့ နောက်ကျရင် ဒီလိုမျိုး
ထပ်မဖြစ်စေရတော့ပါဘူး…” စွန်းရှယ်မင်
အပြုံးလေးဖြင့် ပြောလိုက်သည်။

“ ကျုပ်ဘက်က ဘာလုပ်ပါ ဆိုပြီး ပြောပိုင်ခွင့်
မရှိဘူး…” လင်းရီ ပြုံးလိုက်ပြီး “ဆိုတော့ ဒါရိုက်တာစွန်း
စိတ်တိုင်းကျသာ စီမံပါ…”

“ ကောင်းပြီလေ.... သူတို့ကို
အရင်ဆုံးခေါ်သွားလိုက်ဦးမယ်… လုံရှင်းကလည်း
မကြာခင် စာရင်းဝင်တော့မှာမလား… အကူအညီလိုရင်
ဖုန်းသာဆက်လိုက်ဗျာ....”

“ ကောင်းပါပြီ…”

ကိစ္စများ ဖြေရှင်းပြီးနောက် လင်းရီနှင့်
ကျီချင်းရန်တို့လည်း ထွက်ခွာသွားကြလေသည်။

ဈေးထဲမှ ထွက်လာခဲ့ပြီးနောက် နှစ်ယောက်မှာ ပြိုင်ကား
အဖြူရောင်လေးအတွင်းသို့
ဝင်ရောက်သွားသည်ကိုမြင်တော့ မာရှူးလျန်နှင့်
ဝမ်ဖန်းတို့ တုန်လှုပ်သွားခဲ့ကြ၏။

သောက်ခွေးတည်းမှ ပြိုင်ကားကြီးဟ..

“ရီ.. ငါတို့ခုဘယ်လိုလုပ်ကြမလဲ… မီးဖိုချောင်ထဲက အမယ်တွေက တစ်ရက်ပဲ  ခံတော့မှာနော်.. ငါတို့ပစ္စည်းတွေ မြန်မြန်တင်ဖို့ လိုအပ်နေပြီ…”

“ ဝမ်ထျန်းလုံကို စီမံခိုင်းလိုက်မယ်… အချိန်ကျလာရင် သူ့ကို ကျသင့်သလောက် ပေးလိုက်တာပေါ့… မဟုတ်ဘူးလား…”

“ ဒါပေမယ့် အဲ့လိုဆို ငါတို့ စစ်မှန်တဲ့ အတွေ့အကြုံကို ခံစားလို့မရတော့ဘူးလေ…” ကျီချင်းရန် ညိုးငယ်စွာ ပြောလိုက်၏။

“တစ်ချို့ကိစ္စတွေက တစ်ခါလောက်ပဲ တွေ့ကြုံဖူးရင်ကို ရပြီ… ထပ်ခါထပ်ခါ လုပ်ဖို့မလိုဘူး…”

ကျီချင်းရန် ခေါင်းညိမ့်ပြီး လင်းရီပြောသည်ကို ထောက်ခံလိုက်သည်။

အကယ်၍ လင်းရီသာ သူမကို ယနေ့ ဈေးသို့ ခေါ်မလာပါက ဈေးနေရာရှိ ပရမ်းပတာ ဆန်မှုများကို တွေ့ကြုံဖူးလိမ့်မည်မဟုတ်သလို ထိုသို့ သဘောသဘာဝ ရှိမည်ကိုလည်း နားလည်လိမ့်မည်မဟုတ်ချေ။

လင်းရီ ဆိုင်သို့ တိုက်ရိုက်မပြန်ပဲ ကျီချင်းရန်ကို  ချောင်ရန်အုပ်စုထံသို့ လိုက်ပို့ပေးပြီးမှ ဆိုင်သို့ ပြန်လာခဲ့လိုက်၏။

မျက်စိဖမ်းစားနိုင်လွန်းသည့် Koenigsegg က တံခါးဝတွင် ထိုးရပ်လိုက်သည်ကိုမြင်တော့

တိုက်တိုက်ဆိုင်ဆိုင် ဖြတ်သွားဖြတ်လာသူတစ်ချို့မှ နှစ်ခါမျှ လှည့်ကြည့်လိုက်ကြ၏။

ဘာတံဆိပ်လည်း မသိဘူး... ဒါပေမယ့် ကားက တော်တော်လေး ဆွဲဆောင်မှု ရှိလွန်းတယ်...

အကယ်၍ တနင်္လာနေ့ သို့မဟုတ် အနီးတွင် ကျောင်းသားများ ရှိနေပါက လင်းရီ သေချာပေါက် ဝန်းရံခံရလောက်သည်။

ဆိုင်သို့ ရောက်သည်နှင့် လင်းရီ အမယ်များကို စတင်ပြင်ဆင်လေသည်။

ယခု လောလောဆယ် လူသိပ်မများသော်လည်း
နေ့လည်သို့ ရောက်သည်နှင့် လက်ပင်လည်လိမ့်မည်
မဟုတ်ကြောင်း သူသိ၏။

နေ့လည်သို့ ရောက်သောအခါ စားသုံးသူများ
တစ်ဦးပြီးတစ်ဦး ရောက်လာကြသည် ။

သို့သော်လည်း ဟော်ယွမ်ယွမ်နှင့် ထျန်းရန်တို့
မရှိသောကြောင့် ရောက်လာသူ လူအများစုမှာ
မိန်းကလေးများသာ ဖြစ်ကြ၏။

အစားအသောက်များ စားသောက်ရန် ဖြစ်သော်လည်း
သူမတို့၏ အဓိကကတော့ အဆင်ငမ်းရန်ပင်။

မည်သို့ပင်ဆိုစေ လင်းရီ၏ ခန့်ညားပြီး ဆွဲဆောင်မှု ရှိသည့် ခန္ဓာကိုယ်အချိုးအစားက သရုပ်ဆောင်မင်းသားများထက်ပင် သာလွန်နေကာ အနီ မိန်းကလေးတို့ဖို့ သူမတို့၏ ရမ္မက်ကို ချုပ်တည်းထားရန် မဖြစ်နိုင်သည်က သာမန်သာဖြစ်၏။

မိန်းကလေး အများစုကတော့ တော်တော်လေး ချစ်စရာကောင်းကြသည်။ ဥထမင်းကြော်နှင့် ခေါက်ဆွဲကြော်မှအပ ဘာမျှ မမှာကြပေ။

ဘာပဲ စားရ စားရ အရေးမကြီးဘူးလေ.... တို့က ဒီသူဌေးလေးရဲ့ မျက်နှာကို မြင်နေရရုံနဲ့ ကျေနပ်နေပြီးသား...

လင်းရီကတော့ မွန်းလွဲတစ်နာရီအထိ စားသုံးသူများကို တစ်ယောက်ပြီး တစ်ယောက် ဧည့်ခံရင်း အလုပ်များနေလေသည်။

လာရောက်ကြသူများမှာ မနေ့ကလောက် မများပြားသော်လည်း ဝင်ငွေ ယွမ်သုံးထောင် အမှတ်ကို ကျော်လွန်သွားခဲ့၏။

လင်းရီ တစ်ချက် စဉ်းစားကြည့်လိုက်သည်။ အကယ်၍ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များဆိုပါက သူ၏ ရောင်းအားမှာ ပေါက်ကွဲ တက်လာနိုင်ဖို့များလေသည်။

သို့သော်လည်း လက်ရှိ အခြေအနေအရတော့ တစ်နေ့တာ မကုန်ဆုံးခင်တွင် ယွမ်တစ်သောင်းရရှိရန်က မည်သို့မျှ ခက်ခဲလိမ့်မည် မဟုတ်ချေ။

ချလပ်…

မွန်းလွဲ နှစ်နာရီ ဝန်းကျင်တွင် ကျီချင်းရန် သူမ၏ အိတ်ကို လွယ်လျက် ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့၏။

“ အယ်… အစောကြီးပါလား….”

“ နင် အလုပ် အရမ်းရှုပ်နေမှာစိုးလို့လေ…ဒါကြောင့်မို့ ကျန်တဲ့ အလုပ်တွေကို ငါ လူယုံနဲ့ လွှဲထားခဲ့လိုက်တာ…” ကျီချင်းရန် ပြောရင်းဖြင့် ဗလာကျင်းနေသည့် ဆိုင်စားပွဲများကို ကြည့်ရင်း “ ဒါပေမယ့် ဒီနေ့ ရောင်းအားက သိပ်မရှိသလိုပဲနော်… ငါ စောစော လာခဲ့လို့များလား…”

“ မနေ့ကကျ ကျောင်းပိတ်ရက်လေ…. ပြီးတော့ ယွမ်ယွမ်နဲ့ ထျန်းရန်ကလည်း ရှိနေတယ်ဆိုတော့ ရောင်းကောင်းတာ ပုံမှန်ပါပဲ.. ခု ကျောင်းသားတွေက အတန်းတက်နေတော့ စားသုံးသူက သိပ်မရှိဘူး…” လင်းရီ အပြုံးလေးဖြင့် ပြောလိုက်၏။

“ ငါက ဒါရိုက်တာထျန်ကို လာကူပေးဖို့ ပြောရမှာ အားနာလို့… ဒါပေမယ့် နင်က ဘာလို့ ယွမ်ယွမ်ကို လာကူပေးဖို့ ပြောလို့ရတယ် မဟုတ်ဘူးလား….”

“ မလုပ်ပါနဲ့ဟ… ငါ့ဆိုင်က ကောင်းရောင်းကောင်းဝယ် ဈေးရောင်းနေတဲ့ဆိုင်… တော်နေကြာ ယွမ်ယွမ်ရောက်ချလာမှ မတော်တရော်တွေ ဖြစ်ကုန်ဦးမယ်…”

“ နင်အဲ့လို မပြောနဲ့လေ.... ယွမ်ယွမ်ကလည်း ငါ့ရဲ့ ညီမလေးပဲ...”

“အဲ့တာဆို မင်းသူနဲ့ အဲ့ဒီ နှောင်ကြိုးလေးတွေ ကြိုဖြတ်ထားဖို့ ပြောလိုက်မယ်...” လင်းရှီ ပြောလိုက်ပြီး “မနေ့က မင်းဆိုင်မှာ မရှိတုန်းကဆိုရင် အဲ့ယွမ်ယွမ် ဘာမှ မသိတဲ့ကောင်လေးတွေကို ရှက်ကိုးရှက်ကန်း ဖြစ်အောင် လုပ်နေတာ... မသိတဲ့သူဆိုရင် ငါတို့ဆိုင်ကို တစ်မျိုး ထင်ကုန်လိမ့်မယ်...”

“ ခစ်ခစ်...”

ကျီချင်းရန် ရယ်မောလိုက်ပြီး “ ဖြစ်နိုင်တယ်… ယွမ်ယွမ်က အမြဲ အဲ့တိုင်းပဲ .. အင်နိုးစန့်လေးတွေ မြင်ရင် အရမ်းလက်ရဲဇက်ရဲ ရှိတာ…”

သို့သော်လည်း ယွမ်ယွမ်၏ ထိုသို့ ခပ်စွာစွာ စရိုက်လေးကိုပဲ သူမ သဘောကျနေမိသည်။မဟုတ်ပါက သူမ လင်းရီ၏ လက်အောက်တွင် ကြာရှည်စွာ အလုပ်လုပ်နိုင်လိမ့်မည် မဟုတ်သလို သူမနှင့်အတူ ရှိနေနိုင်လိမ့်မည်လည်း မဟုတ်ချေ။

"ကဲ.. သူ့အကြောင်း အတင်းပြောနေတာတွေ ရပ်ကြစို့.. အလုပ်ဆက်လုပ်ကြမယ်..."

"အွန်း.. ငါဒီမနက် ရောင်းရငွေ
တစ်ချက်ကြည့်လိုက်တော့ ယွမ် ၃,၀၀၀ ရတယ်
သိလား.. တော်တော်လေး မဆိုးဘူး ပြောရမယ်..."

"တကယ်လို့ ယွမ် တစ်သောင်းလောက် ရှာနိုင်မယ်ဆိုရင်
အမယ်အတွက် ကုန်ကျစရိတ်တွေ ငှားခတွေ
နှုတ်လိုက်... အဲ့တာဆို... ယွမ်သုံးထောင်ကျန်မယ်..
တစ်လကို ယွမ် ကိုးသောင်း... တစ်နှစ်ဆိုရင် ငါတို့ရဲ့
အမြတ်ငွေက ယွမ်တစ်သန်း ကျော်သွားပြီ...
တကယ်လို့ ငါတို့နှစ်ယောက်
အလုပ်ဆက်မလုပ်တော့ရင်တောင် ထိုင်စားလို့
ရနေလောက်ပြီ... "

"ဆိုပါတော့... အဲ့တာက သာမန်လူတွေ
ဘယ်လိုတွက်ချက်လဲ ဆိုတာပဲလေ..."

"အွန်း အွန်း .. ငါလည်း ဒီလိုဘဝမျိုးက တော်တော်လေး
စိတ်ဝင်စားဖို့ ကောင်းတယ်လို့ ထင်တယ်...
ငွေလက်ခံရရှိကြောင်း အသိပေးစာ တက်ဆိုင်း
ပရောဂျက် ဆွေးနွေးရတာထက်ကို ပိုပြီးတော့
စိတ်ကျေနပ်မိနေသလိုပဲ..."

"အဲ့တာက သာမန်လူတွေရဲ့ ပျော်ရွှင်မှုပဲလေ...
ချမ်းသာတဲ့သူတွေ မခံစားနိုင်တဲ့ ခံစားချက်ပေါ့..."

သူမ ရယ်မောလိုက်ပြီး ဆံပင်ကို ဖြီးသပ်လိုက်ကာ
ဘားကောင်တာရှိ ထိုင်ခုံ၌ ထိုင်ချလိုက်၏။

"ဒိရက်ပိုင်း အွန်လိုင်းက အော်ဒါမှာတဲ့ အခြေအနေကော ဘယ်လိုရှိလဲ... "

"မင်းပြောမှပဲ သတိရတယ်... အဲ့ဒီရဲ့အိမ်တိုင်ရာရောက် ပို့ပေးတဲ့ စနစ်ကို ဖျက်သိမ်းကြစို့... ဆိုင်ရဲ့စီးပွားရေးက တဖြည်းဖြည်း ကောင်းလာပြီဆိုတော့ အဲ့ဘက်ကို ဂရုမစိုက်နိုင်တော့ဘူး... "

"ဒီတိုင်းပဲ ထားလိုက် ကြတာပေါ့.. မရောင်းရလည်း ကြော်ငြာတစ်ခုလို့ သဘောထားလို့ရတယ်လေ... ဈေးက ဒီလောက်တောင် ကြီးနိုင်ရလားဆိုပြီး လားစားကြရင်လည်း အမြတ်ပေါ့... "

"အဲ့တာဆိုလည်း ပြီးရော.. ဒါဆို ဒီလီပို့ခကို မြင့်ထားလိုက်.. အဲ့လိုသာဆို ဘယ်သူမှ အော်ဒါတင်တော့မှ မဟုတ်ဘူး..."

"အွန်း... နင်ပြောတဲ့ အတိုင်းပဲပေါ့ .."
ကျီချင်းရန် ပြောလိုက်ပြီး "ဒါဆို ပို့ခကို ယွမ် ၅၀ ထားမယ်ဆိုရင်ကော ..."

လင်းရီ ဂျုံကွဲ့သို့ နူနယ်လှသည့် ကျီချင်းရန်ပါးကို ဖျစ်ညှစ်လိုက်ပြီး "ဒီလောက် ကြိုးစားပမ်းစားနဲ့ ချက်ပြုတ်ထားရတာကို ယွမ် ၅၀ ပဲ သတ်မှတ်မယ်ပေါ့.. ဒီထက်ပိုပြီး ထိုက်တန်တယ် မထင်ဘူးလား..."

"ယွမ် ၅၀ ကတောင် အတော်လေး များနေပြီကို... ငါ
အပြင်ကနေ အော်ဒါမှာရင်  ပို့ဆောင်ခ
ဈေးအကြီးဆုံးက ယွမ် နှစ်ဆယ်ပဲ..."

"အဲ့လိုရောင်းလို့လည်း ဘယ်လောက်မှ မြတ်မှာ
မဟုတ်ဘူးဆိုတော့ ပို့ဆောင်ခကို ယွမ် ၅၀၀
သတ်မှတ်လိုက်ကြတာပေါ့..."

"အမ်... အဲ့လောက်ကြီးကျ များလွန်းမနေဘူးလား...."

"အတွေးလွန်မနေနဲ့.. အဲ့တိုင်းပဲ လုပ်လိုက်…"

**အခန်း (၆၁၃)**

**မကောင်းသည့် ရီဗျူးများကို အထူးပြု ကျွမ်းကျင်သူ**

လီကျင်းဗီလာ။

ၑင်းက ကျိုးဟိုင်ရှိ အဆင့်မြင့် လူနေအိမ်ယာ တစ်ခုဖြစ်ပြီး စတုန်းရန်းမီတာ ၈၀ မျှ ကျယ်ဝန်းသည့် အိမ်အသေး တစ်လုံးကပင် ယွမ် ဆယ်မီလီယမ်မျှ ပေါက်စျေးရှိ၏။

ကျိုးဟိုင်တွင်တော့ အထက်တန်း အရာရှိများကသာ ထိုကဲ့သို့ အိမ်ယာမျိုးတွင် နေထိုင်ရန် တတ်နိုင်ကြပေသည်။

သို့သော်လည်း အဆောက်အဦးများ၏ ဗိသုကာလက်ရာများနှင့် အရည်အသွေးတို့မှာတော့ ပေးရသည့် စျေးနှင့် ထိုက်တန်မှု ရှိလှ၏။

ထို့ပြင် ရေကူးကန်များ ၊ gym နှင့် ပုဂ္ဂလိက ဆေးရုံများ၊ အထက်တန်းကျောင်းများ အားလုံး ထိုအိမ်ယာအတွင်း၌ တည်ရှိလေသည်။ သာမန်လူများ၏ အခေါ်အဝေါ်အရတော့ အဆိုပါနေရာကား သူဌေးရပ်ကွက်ပင်တည်း။

စတုရန်းမီတာ တစ်ရာကျော် ကျယ်ဝန်းသော အိမ်တစ်လုံးတွင် ကောင်မလေး တစ်ယောက်မှာ gym ဆော့သည့် ဝတ်စုံဖြင့် သူမဖုန်းကို ရှေ့တွင် ချထားလျက် မရပ်မနား စကားပြောနေလေသည်။

"ပရော်ဖက်ရှင်နယ် သုံးသပ်သူ စထွင်မာ တစ်ယောက်အနေနဲ့ မနေ့က အသစ်ထုတ်လိုက်တဲ့ ရှောင်မီဖုန်းက မိုက်လား ဘာလားဆိုတာကို

ပြောခဲ့ပြီးပြီလေ.. အဲ့ဖုန်းရဲ့ချွတ်ယွင်းချက်တွေက ဘာလဲဆိုတာကိုလည်း နင်တို့သိအောင် ပြောပြပေးပြီးသွားပြီ... အဲ့တာကိုမှ မယုံသေးရင်လည်း ပလက်ဖောင်းတစ်ခုလုံးမှာ လိုက်ရှာကြည့်လိုက်... ငါ့လောက် စကားမှန်တဲ့ စထွင်မာမျိုး နင်တို့ ရှာလို့ တွေ့မှာမဟုတ်ဘူး သိရဲ့လား... "

စကားပြောနေသည့် မိန်းကလေးက ကျန်းရှောင်ယွီဖြစ်ပြီး သူမ၏ အွန်လိုင်းအိုင်ဒီကတော့ ရှောင်ယွီပင်။ သူမ၏ အလုပ်အကိုင်ကတော့ Douyu ပေါ် ရှိ အွန်လိုင်း စထွင်မာတစ်ဦးဖြစ်၏။

ယခုလို ပြိုင်ဆိုင်မှု ပြင်းထန်သည့် လောကကြီးတွင် သူမ မူလက ပုရိသတို့၏ ရာဂကို အသုံးချ၍ ခန္ဓာကိုယ်ကို

ရောင်းစားသည့် အမျိုးသမီး စထွင်မာ တစ်ဦးဖြစ်ချင်ခဲ့၏။ ထိုအခါ အာရုံစူးစိုက်မှု အများအပြားကို ဆွဲဆောင်နိုင်ပြီး ကျော်ကြားမှုနှင့် ငွေကြေးကို တစ်ပြိုင်နက်တည်း ရရှိနိုင်မည်။

သို့သော်လည်း သူမ၏ ပထမဆုံးနေ့တွင် ဝမ်းနည်းဖို့ကောင်းစွာဖြင့် အချို့ကြည့်ရှုသူများက အကယ်၍ သူမသာ မျက်နှာ မဖော်ပြထားပါက ကျောလား ရင်ဘက်လားဆိုတာကို ခွဲခြားနိုင်လိမ့်မည် မဟုတ်ကြောင်း ရေးသားလာခဲ့ကြ၏။ ယင်းက ချက်ချင်းပဲ သူမ၏ အိပ်မက်ကလေးကို ကွဲကြေပျက်စီးသွားစေခဲ့သည်။

ထို့နောက် အစားအသောက် ရီဗျူး ပေးသူ
တစ်ယောက်အဖြစ် ရပ်တည်ရန် ကြိုးပမ်းလာခဲ့၏။
သို့သော်လည်း ကျရှုံးမှုပေါင်း
သောင်းခြောက်ထောင်တို့ဖြင့် သူမ၏ အဆိုပါက
အလုပ်မှာလည်း မတည်မငြိမ်ဖြစ်လာကာ အဆုံးတွင်
လက်လျှော့လိုက်ရသည်။ ၎င်းနောက် သူမ၏
ဦးတည်ရာကို နည်းပညာနယ်ပယ်ရှိ
ပစ္စည်းအသစ်အဆန်းများ ဝေဖန်အကဲဖြတ်သူ
တစ်ယောက်အဖြစ် တွန်းအားပေး၍
ပြောင်းလဲလိုက်တော့၏။

ထင်မှတ်မထားစွာဖြင့် အဆိုပါ လမ်းကြောင်းက
ရှောင်ယွီကို အတော်လေး
အခြေအနေကောင်းသွားစေသည်။ အသုံးပြုသူ user

များ၏ စူးစမ်းချင်စိတ်ကို ထိရောက်စွာ အသုံးချ၍ Douyu ပလက်ဖောင်းတွင် ပရိသတ်တော်တော်များများကို စုဆောင်းမိလာကာ အခိုင်အမာခြေကုပ်ယူလာနိုင်ခဲ့တော့၏။ ထိုအချိန်မှစ၍ ရှောင်ယွီ၏ အနေအထားမှာလည်း တစ်ဆစ်ချိုးပြောင်းလဲ သွားခဲ့တော့သည်။

"ရှောင်ယွီလေး.. မင်းရဲ့ D cup အတွင်းခံလေးတွေ ရီဗျူးလုပ်ပေးပါဦးလား.. "ညစ်ညမ်းသည့် ကြည့်ရှုသူတစ်ဦးမှ မှတ်ချက်ပြုလိုက်၏။

"ရတာပေါ့.. ငါ့ရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ဆို အဲ့ဆိုဒ်လောက်ကတော့ အသာလေးပဲ..."

"ဟျောင့်တွေ.. ငါပဲ အမူးလွန်ပြီး အဲ့ဒီစကားတွေ ကြားနေတာလား .. ဒါမှ မဟုတ် ရှောင်ယွီကပဲ တကယ်ကြီး ပြောသွားတာလားဟ..."

"ခဏစောင့် .. ငါအွန်လိုင်းကနေ တစ်စုံ ဝယ်ပြီးတော့ ဝေဖန် သုံးသပ်ပေးမယ်.. ခုတော့ အစားစားပါရစေဦး..."

"မြန်မြန်စား.. ငါကြားတာတော့ သဘော်သီးနဲ့ နံ့ရိုးစွပ်ပြုတ်က အဲ့ဟာတွေ အတွက်ကောင်းတယ်တဲ့... အခိုင်အမာ အကြံပြုတယ်... "

စထွင်မာ တစ်ဦး အနေဖြင့် ထိုသို့ လျှောင်ပြောပြီး ညစ်ညမ်းသည့် ကွန်းမန့်များကို လျစ်လျူမရှုနိုင်ပါက

တိုက်ရိုက်ထုတ်လွှင့်မှု နယ်ပယ်တွင်
ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။

သူမ စောနက ပြောလိုက်သည်ကလည်း
အရွဲ့တိုက်လိုက်ခြင်းသာ။

တစ်ဖက်တွင်တော့ ကျန်းရှောင်ယွီ အခြား
ဖုန်းတစ်လုံးဖြင့် စားသောက်စရာများကို မှာယူရင်း
ရုတ်ချည်း အော်ဟစ်လိုက်၏။

"ဒီရဲ့စားကောင်းတယ် ဆိုင်က ဘာတုန်းဟ..
ဥထမင်းကြော် တစ်ပွဲကို ၁၈၉ ယွမ်...ခေါက်ဆွဲကြော်
တစ်ပွဲကို ၁၇၉ ယွမ်... ဘုရား ဘုရား.. သူတို့ကိုယ်သူတို့
မီချယ်လင်းကြယ် သုံးပွင့် စားသောက်ဆိုင်များ
မှတ်နေလား မသိဘူး..."

"ငါလည်း အဲ့ဒီ ကြော်ငြာကို မြင်ဖူးတယ်.. ဒါပေမယ့် အောက်ဒါကတော့ သုညပဲ… ပြီးတော့ ဈေးကလည်း ကြီးသေ.. ဒါကြောင့်မို့ ဝယ်မမြည်းကြည့်ရဲတာ… မကောင်းရင် ကိုယ်ပဲ ရှုံးမှာလေ…"

"ရှောင်ယွီ.. နင်မှာပြီးတော့ ရီဗျူးလုပ်ကြည့်ပါလား… "

"ရတယ်လေ.. ငါခု အောက်ဒါတင်လိုက်မယ်…"

သာမန်လူများအတွက်တော့ အဆိုပါ ဟင်းလျာများ၏ ဈေးနှုန်းမှာ များပြားသည့် အသွင်ပေါက်နေသော်လည်း ရှောင်းယွီကဲ့သို့ ဝင်ငွေကောင်းသည့် စထွင်မာအတွက်ကတော့ အသေးအမွှားလေးပင်။

"ဒီလိုဆိုရင်ကော.. ငါ ဥထမင်းကြော် တစ်ပွဲနဲ့ နို့လက်ဖက်ရည်တစ်ခွက်မှာလိုက်မယ်..."ကျန်းရှောင်ယွီ ပြောပြီးနောက် "ဒါပေမယ့် အရသာကတော့ ပေးရတဲ့ ဈေးနဲ့ တန်မှာ မဟုတ်လောက်ဘူး.. ဒါကြောင့်မို့ ကြိုပြောထားမယ်နော်.. ငါ့ရဲ့ချစ်ပရိတ်သတ်ကြီးက မှာမစား.... သပ .. ဘာတုန်းဟ... ငါ ဟင်းနှစ်ပွဲလေးတည်း မှာတာကို ပို့ခက ယွမ် ၅၀၀ ပေးရမယ်... ဝူရန်ကျူးက ပြိုင်ကားနဲ့ လာပို့ပေးမှာမို့လို့လားဟ..."

ကျန်းရှောင်ယွီ၏ ထိတ်လန့်တကြား ဖြစ်နေသည့် အမူအရာကို မြင်တော့ တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူများအားလုံး ရယ်မောလိုက်ကြပြီး "ပုံမှန်ဆို ပို့ခက လေးငါးယွမ်လောက်ပဲ ပေးရတာ.. တကယ်လို့

တကယ်ကြီး ယွမ် ၅၀၀

တောင်းနေတယ်ဆိုရင်တော့  လိမ်စားနေတာ

သေချာပြီ..."

"အဲ့လိုဆိုင်မျိုးတွေက တစ်သီးစားတွေပါကွာ..

မကြာပါဘူး.. အရင်းပြုတ်လိမ့်မယ်..."

မိုးကောင်းကင်တမျှ မြင့်မားသည့် ပို့ခကို မြင်တော့

ကျန်းရှောင်ယွီ အနည်းငယ် ဒေါသထွက်သွားခဲ့သည်။

"ငါ ဖုန်းခေါ်  ပြီးတော့ ဒီဆိုင်ရှင်ကို ဘာအချိုးချိုး

တာလည်း မေးကြည့်ရမယ်..."

မကြာမီ ကျန်းရှောင်ယို့၏ ဖုန်းမှာ တစ်ဖက်သို့ ဝင်သွားခဲ့ပြီး "ဟယ်လို .. နင်က စားကောင်းတယ် ဆိုင်ရှင်လား..."

"ဟုတ်ပါတယ်.. ဘာကိစ္စရှိလို့လဲ မသိဘူး..."

"ဒါဆို  နင့်ဆိုင်ရဲ့ဒီလီပို့ခက ဘာလို့ အဲ့လောက်တောင် ဈေးကြီးနေရတာ .. ငါမှာတာက ပစ္စည်း နှစ်မျိုးတည်း.. အဲ့တာကို ယွမ် ၅၀၀ တောင်တောင်းနေတယ်ပေါ့... နင်က ငွေမက်လွန်းလို့ ရူးသွားတာလား... ပြိုင်ကားနဲ့ လာပို့ရင်တောင် အဲ့လောက် ဈေးကြီးမှာ မဟုတ်ဘူး..."

"မိန်းကလေး .. ပြိုင်ကားနဲ့ ပို့ပေးရမယ်ဆိုလည်း ရတယ်.. ငါတို့ဆိုင်က အဲ့ဒီ ဝန်ဆောင်မှု ပေးတယ်..

ဒါပေမယ့် ယွမ် နှစ်ရာလောက်တော့ ထပ်ပေးရမှာပေါ့..
ဒီတော့ ဈေးကြီးတယ် ထင်ရင် မမှာနဲ့..."

လင်းရီ၏ ခပ်ချေချေ စကားလုံးများက
တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ ကြည့်ရှုသူများကို
ရူးသွပ်သွားစေသည်။

"ရှောင်ယွီ ငါ အဲ့ကောင်ရဲ့ လေသံကို
သည်းမခံနိုင်တော့ဘူး... ဒီကောင်က မင်းကို ငမွဲဆိုပြီး
သွယ်ဝိုက် ပြောလိုက်တာ မဟုတ်ဘူးလား..."

"ဒီကောင်က ဥထမင်းကြော် တစ်ပွဲကို ၁၈၉ ယွမ်နဲ့
ရောင်းနေတယ်.. အဲ့လို လူစားမျိုးကို
စကားတစ်ခွန်းတည်းနဲ့ ဖော်ပြလိုက်မယ်.. နှလုံးသား
မည်းညစ်တဲ့ စီးပွားရေးသမား... "

"ရှောင်ယွီ ငါ ဒုံးပျံတွေ ပို့ပေးမယ်... မင်းသူ့ မျက်နှာ ဖြတ်ရိုက်တာကို ငါတို့ ကြည့်ချင်တယ်..."

"ဒီကောင်က ပြိုင်ကားနဲ့ ပစ္စည်းပို့ပေးမယ်.. ဘာလို့ ဒုံးပျံနဲ့ ပို့ပေးမယ်ဆိုပြီး မပြောတာ..."

တိုက်ရိုက်ထုတ်လွှင့်ခန်းထဲတွင် မရေမတွက်နိုင်သည့် လူများမှ လက်ဆောင်များ ပို့ပေးနေကြပြီး အော်ဒါမှာရန် တောင်းဆိုနေကြသည်ကို မြင်တော့ ရှောင်းယွီ သူမ၏ အခွင့်အရေး ရောက်ရှိလာပြီဟု ခံစားလိုက်ရ၏။

သူမ ယခုလို နာမည်ကြီးစေမည့် အခွင့်အရေးကို လက်လွှတ်လိုက်၍ မဖြစ်ချေ။

ထိုအကြောင်းစဉ်းစားရင်း ရှောင်ယွီ စိတ်ထဲတွင် အားပါးတရ ရယ်မောလိုက်ကာ ဖုန်းတစ်ဖက်ရှိလူကို ယခုလို မထိတထိ ပြောလိုက်၏။

"ဟုတ်လား... နင်က အရမ်းတွေ မာနကြီးနေတော့ ငါကလည်း နင့်ရဲ့အစွယ်တွေကို ချိုးပေးရမှာပေါ့..."

ကျန်းရှောင်ယွီ သူမ၏ အမူအရာကို တည်တံ့လိုက်ပြီး " ငါ နင့်ဆိုင်က ဟင်းလျာတွေကို မှာမယ်... အပို ယွမ် ၂၀၀ လေးတည်းမလား.. အဲ့လောက်ကတော့ တတ်နိုင်ပါတယ်.. နင် ပြိုင်ကားနဲ့ ဘယ်လိုပို့ပေးမလဲ ဆိုတာ ကြည့်ချင်နေပြီ..."

ပြောပြီးနောက် ကျန်းရှောင်ယို့ ဖုန်းချလိုက်၏။
ထို့နောက် ပို့ခ အပို ယွမ် ၂၀၀ ထပ်တိုးလိုက်ပြီး ဖုန်းကို ကင်မရာရှေ့တွင် အားလုံး မြင်အောင် ပြသကာ "ညီကိုတို့ ဘောစိတို့.. ငါ အော်ဒါ တင်လိုက်ပြီ... စုစုပေါင်း ယွမ် ၁,၂၃၇ တောင် ကျတယ်.. တကယ်လို့ သူသာ ပြိုင်ကားနဲ့ လာမပို့လို့ကတော့ ကောင်းကောင်းကြီး သင်ခန်းစာပေးပြီး မကောင်းတဲ့ ရီဗျူးတွေ ရေးပစ်မယ်... သူ့ဆိုင်လည်း ဘယ်တော့မှ ထပ်သွားမစားဘူး..."ကျန်းရှောင်ယို့ ပြောလိုက်၏။

"တကယ်လို့ သူက ပြိုင်ကား ငှားပြီး လာပို့မယ်ဆိုရင်ကော ..."

တစ်စုံတစ်ယောက်မှ ရေးသားလိုက်၏။

"အေး....အဲ့တာလည်း ဖြစ်နိုင်တယ်..."

"ဘယ်လိုမှ မဖြစ်နိုင်ဘူး... ကျိုးဟိုင်မှာ ပြိုင်ကား ငှားချင်တယ်ဆိုရင် ဈေးက အနည်းဆုံး ယွမ် တစ်ထောင်ပဲ... သူတောင်းတဲ့ ဈေးက ကားငှားဖို့တောင် မလောက်တာ... "ကျန်းရှောင်ယွီ ယုံကြည်ချက် အပြည့်ဖြင့် ပြောလိုက်သည်။

"ပြီးတော့ ဒီလီပို့တဲ့အချိန်က ၃၅ မိနစ်အတွင်း ရောက်ရမှာ... ကားငှားဖို့ အချိန်တောင် မရှိဘူး..."

"ဟားဟား.. ခုဆို ဆိုင်ပိုင်ရှင်တော့ အံ့အားသင့်နေလောက်ပြီ ... ရှောင်းယွီက ဒီလောက် ချမ်းသာမယ်လို့ သူထင်ထားမှာ မဟုတ်ဘူး... "

"ခနနေ ပစ္စည်းလာပို့လို့ E bike သေးသေးလေးနဲ့ လာပို့မယ်ဆိုရင်တော့ ဘက်လောက်တောင် ကိုးရို့ကားယား နိုင်လိုက်မလဲ..."

"ငါတော့ ဆိုင်ရှင် အရှက်ကွဲမှာကို မှတ်တမ်းတင်ဖို့ စောင့်နေတယ်ဟေ့..."

ကျန်ရှောင်ယွီ ရင်ဘက်ရှေ့လက်ပိုက်လိုက်ပြီး သူမ၏ အမူအရာမှာ အင်မတန် ဝင့်ကြွားနေကာ "ဟမ့်... နင်က ငါ့ရှေ့မှာ လာပြီး မောက်မာ ချင်တယ်ပေါ့လေ... ငါက မကောင်းတဲ့ ရီဗျူးတွေ ပေးတဲ့ နေရာမှာ ထူးချွန်တယ်ဆိုတာကို မသိတာလား...."

**အခန်း (၆၁၄)**

**ကြွားပြောတာတော့ မဟုတ်ဘူး.. ကျုပ်က ဂျီးနီးယပ်စ်**

ဆိုင်ထဲတွင်တော့ ကျီချင်းရန် လင်းရီကို သူမ၏ လှပသော မျက်ဝန်း ဝိုင်းဝိုင်းကြီးများနှင့် ကြည့်နေလေသည်။

"အဲ့ဒီ မိန်းကလေးက နင့်ကို ဘာ အခဲမကျေ ဖြစ်နေလဲ မသိဘူးနော်... သူမှာလိုက်တဲ့ ဟင်းလျာတွေက ယွမ် ငါးရာ စွန်းစွန်းလေးပဲ ကျတာ.. ဒီလီပို့ခကျတော့ ယွမ် ခုနစ်ရာကျော်တောင် ပေးလိုက်တယ်...ဆိုတော့ ဘယ်လိုလုပ်ကြမှာ..."

"ဘယ်တတ်နိုင်မှာ အလကားရတဲ့ နေ့လည်စာလို့ပဲ မှတ်လိုက်ကြတာပေါ့..."

"ခစ်ခစ်.. နင်ပြောတာ အမှန်ပဲ.. အဲ့တာက ယွမ်တစ်တစ်ထောင်ကျော်ဆိုတော့ ပလက်ဖောင်းကို ပေးရတဲ့ ကော်မရှင်ခ နှုတ်လိုက်မယ်ဆိုရင် အနည်းဆုံး ယွမ် ခုနစ်ရာလောက်တော့ ကျန်ဦးမှာ... ဒါက လုံးဝ အရှုံးမရှိတဲ့ အနေအထားပဲ... "

"အမှန်ပဲ..."

ထို့နောက် နှစ်ယောက်သား မီးဖိုချောင်ထဲတွင် တက်ညီလက်ညီဖြင့် စတင်ချက်ပြုတ်ကြသည်။ ကျီချင်းရန်က နို့လက်ဖက်ရည်နှင့် ဟင်းသီးဟင်းရွက် အမယ်များ ဆေးကြောရန်

တာဝန်ယူထားပြီး  လင်းရီကတော့ ကျန်သည်များကို ပြုလုပ်လေသည်။

ဆယ်မိနစ်ကြာပြီးနောက် ဟင်းလျာများ အဆင်သင့် ဖြစ်ချိန်တွင် မေ့ထွမ်မှ ဒီလီဝန်ဆောင်မှု ပေးသူမှာလည်း ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့၏။

"သူဌေး.. အစားအသောက်တွေ အဆင်သင့်ပဲလား..."

"ရတော့မယ်.. ခဏလေးပဲ..."

"အိုကေ..."

အစားအသောက်များ အဆင်သင့် ဖြစ်ပြီးနောက် ကျီချင်းရန်က လှလှပပလေး ထုပ်ပိုးပေးရန်

တာဝန်ယူလေသည်။ တစ်ယောက်ကို တစ်ယောက် အပေးအယူ အချိတ်အဆက်မိစွာဖြင့် မကြာခင် ဉသုံ ပြီးဆုံးသွားတော့၏။

"ညီကို.. မင်းက ဒီလီပို့ရင် ပုံမှန်ဆို ဆိုင်ကယ်နဲ့ ပို့တာမလား..."လင်းရီ မေးလိုက်၏။

"ဒါပေါ့.. တခြားဟာတွေနဲ့ ပို့ရင်ကျ မကိုက်ဘူးလေ..."

"ဒါဆို မင်း ကားမောင်းတတ်လား..."လင်းရီ မေးလိုက်၏။

"သူဌေးက သိချင်နေတယ်ဆိုရင် ကျုပ် ကြွားတာတော့ မဟုတ်ဘူးနော်... ကျုပ်က လေးနှစ်သားကတည်းကရင် လယ်ထွန်စက် မောင်းလာခဲ့တဲ့ကောင်...

အထက်တန်းပြီးတော့ မော်တော်ယာဉ် နည်းပညာအကြောင်းတွေ လေ့လာဖို့ဆိုပြီး  လန်ရှန့် နည်းပညာကျောင်းမှာ တက်ခဲ့တာ "ဒီလီသမားမှ ယုံကြည်ချက်တို့ ပြည့်လျှံနေသည့် လေသံဖြင့် ပြောလိုက်ပြီး

"တစ်ခု ရှိသေးတယ်...သူဌေး သိမှာတော့ မဟုတ်ပေမယ့် ကျုပ် အဲ့ဒီ မော်တော်ယာဉ် နည်းပညာတွေ အကြောင်း လေ့လာနေတုန်း မြေတူးစက် ဘယ်လိုမောင်းလဲဆိုတာကို ကိုယ့်ဘာကိုယ် လေ့လာရင်း ကျွမ်းခဲ့တာနော်... အဲ့တာ အထင်ကြီးဖို့ မကောင်းဘူးလား..."

"ကြွားပြောတာတော့ မဟုတ်တော့ဘူး.. ကျုပ်က မော်တော်ယာဉ်တွေနဲ့ ပတ်သက်လာရင် လုံးဝကို ဂျီးနီးယပ်စ်ပဲ.."

"ဒါကြောင့်မို့ ပြောရရင် ကောင်းကင်က လေယာဉ်နဲ့ ရေထဲက သင်္ဘောကလွဲရင် ကျုပ် မမောင်းတတ်တာ ဘာတစ်ခု မရှိဘူး... "ဒီလီသမားမှာ ထိုသို့ ပြောလိုက်ရ၍ သူ့စကားသူ သဘောကျနေပြီး ပြတင်းပေါက်အပြင်ဘက်သို့ လက်ညိုးညွှန်ပြကာ "ဟိုနားမှာ ရပ်ထားတဲ့ အဖြူရောင် စူပါကားလေး.. အဲ့ကားက Koenigsegg Regera လို့ ခေါ်တယ်.. hyper car အမျိုးအစားပဲ.. အဲ့ကားကို မောင်းရတဲ့ ခံစားချက်က တခြား သာမန်ကားတွေ မောင်းရတဲ့ ခံစားချက်နဲ့ ဘယ်လိုမှကို ယှဉ်လို့မရတာ... ကျုပ်

လျှောက်ပြောနေတာ မဟုတ်ဘူးနော်..
ဒီလိုကားမျိုးတွေကိုပါ ကျွမ်းကျွမ်းကျင်ကျင်
မောင်းနိုင်တယ်...ကုန်ကုန် ပြောရရင်
အကုန်မောင်းတတ်တယ်ဗျာ.... "

"ညီကို .. အဲ့ကားက Regera နဲ့ မတူဘူးနော်.. အဲ့တာက
Koenigsegg Agera RS ... နှစ်ခုက စွမ်း
ဆောင်ရည်ခြင်း ကွာတယ်..."

"အာ...."

ဒီလီသမားမှာ အနည်းငယ် ရှက်ကိုးရှက်ကန်း
ဖြစ်သွားခဲ့၏။

လေတစ်လုံး မိုးတစ်လုံးနဲ့ အပီအပြင်တွေ ကြွားနေချိန်မှာ ဖော်ထုတ်ခံလိုက်ရရင် ဘယ်လိုခံစားရလဲ...

"သူဌေးကတော့ အမှတ်မှားနေပါပြီ.. အဲ့တာ သေချာပေါက် Regera ... ကျုပ် ကောင်တစ်ယောက်မှာလည်း အဲ့တာမျိုး တစ်စီးရှိတယ်လေ.. အရင်တုန်းက ငှားပြီး မောင်းကြည့်ဖူးတယ်... ဘယ်လိုလုပ်ပြီး မှားနိုင်မှာ..."

ဒီလီသမားမှ မတ်တပ်ရပ်လိုက်ပြီး လင်းရီထံမှ ပါဆယ်ထုပ်ကို ယူကာ "ကြည့်ရတာတော့ သူဌေးလည်း ကားတွေ အကြောင်း သိတယ်ထင်တယ်.. အချိန်ရမှပဲ

စကားဆက်ပြောကြတာပေါ့.. ခုတော့ အော်ဒါ သွားပို့လိုက်ဦးမယ်..."

" ခဏလေးစောင့်ဦး.. ဘာလို့ အဲ့လောက် အလျင်လိုနေတာ..."

"တခြား ပေးစရာရှိသေးလို့လားဘော့စ်..."

"မင်း အရင်တုန်းက Koenigseg Regera မောင်းဖူးတယ်လို့ ပြောတယ်မလား.. မင်းရဲ့ မော်တယ်ဆိုင်ကယ် မမောင်းနဲ့တော့ .. အပြင်က အဲ့ကား မောင်းသွားလိုက်..."

"သေစမ်း.. သူဌေး .. ကျုပ်က ဒီလိုသမား ဆိုပေမယ့် အဲ့လိုတော့ မလျောင်ရယ်ပါနဲ့..."

"ဘယ်သူက မင်းကို လှောင်ရယ်နေလို့.. အဲ့ကားက ငါ့ကား.. ငါ့ကားနဲ့ မောင်းပြီးတော့ ဒီလီပို့ပေးလို့ ပြောနေတာ..."

သို့နှင့် လင်းရီ ကားသော့ကို နှိပ်လိုက်သောအခါ ကားတံခါးများ အလိုအလျောက် ပွင့်ဟလာလေသည်။

ဒီလီသမားမှာတော့ မျက်လုံးကြီး ပြူးပြီး ပါးစပ်ဟောင်းလောင်းဖြစ်နေကာ ကမ္ဘာကြီးအပေါ် သူ၏ အမြင်များမှာ တစ်စစီ ပြိုကွဲ ပျက်စီးသွားတော့၏။

"သ...သူဌေး..  အဲ့ကားက ခင်များဟာ..."

"ကတ်စတန်မှာ တစ်ယောက်က ပြိုင်ကားနဲ့ လာပို့ပေးတဲ့.. အဲ့တော့ ငါ့ဘက်ကလည်း ဖြည့်ဆည်းပေးဖို့ လိုတာပေါ့..."ပြောရင်းဖြင့် လင်းရီ ကားသော့ကို ကမ်းပေးလိုက်ပြီး အပြုံးလေးဖြင့် "မင်းက မောင်းတတ်တယ်ဆိုတော့ အတော်ပဲ... ငါမသွားတော့ဘူး..."

"သ.... သူဌေး..."

ဒီလီသမားမှာ အတော်လေး တုန်လှုပ်နေပြီး အသံ ကတုန်ကယင်ဖြင့် "ခင်များက တကယ်ကြီး စားဖိုမှူးလား..."

"စားဖိုမှူး ဖြစ်တော့ကော ဘာ အရေးလဲ.. စားဖိုမှူးတွေကကော စူပါကားတွေ မောင်းလို့

မရဘူးလား..."လင်းရီ ပြောလိုက်ပြီး "ပြီးတော့ ငါမင်းကို တစ်ခု ပြောလိုက်မယ်... မင်းက ဒီလီ ပို့နေတဲ့ ကောင်လေးဆိုရင်တောင် မင်း Koenigsegg RS ဝယ်ချင်ရင် သူတို့က တားမှာ မဟုတ်ဘူး.. နောက်ပြီး Lamborghini,  Rolls-Royce, Ferrari ဒါမှမဟုတ် Porsche... ကြိုက်တာဝယ်စမ်း... သူတို့ တားမှာ မဟုတ်ဘူး...မင်းမယုံဘူးဆိုရင် စမ်းကြည့်ကြည့်လိုက်...."

"သူဌေး.. ကျုပ်လည်း တစ်ခု ပြောပြမယ်..."ဒီလီ သမားမှ တံတွေး မျိုးချလိုက်ပြီး "တကယ်လို့ သူဌေး ရွတ်ပြသွားတဲ့ ကားတွေသာ ဝယ်နိုင်မယ်ဆိုရင် ကျုပ်လည်း ဒီလီပို့တဲ့အလုပ် လုပ်မနေဘူးဗျ..."

"အဲ့တာတွေ ဂရုစိုက် မနေစမ်းပါနဲ့ကွာ.. မင်းရဲ့အခု
လက်ရှိတာဝန်က ဒီရဲ့ပါဆယ်ကို ဟိုနားက စူပါကားနဲ့
ကတ်စတန်မာဆီ ပို့ပေးဖို့ပဲ... မင်းအတွက်
အရင်တုန်းက ဖီလင်ကို ပြန်ခံစားဖို့
အကောင်းဆုံးပေါ့..."

"အမ်.. ဒါကြီးက..... ကျုပ်ကို အဲ့လောက်
ဈေးကြီးတဲ့ကားကြီး မောင်းဖို့ ပြောနေတယ်ဆိုတော့
တစ်ခုခု ဖြစ်သွားမှာကို မစိုးရိမ်ဘူးလား..."

"ဒီတိုင်း ပြိုင်ကားလေးပါကွာ.. ငါ့အိမ်မှာ
လေးငါးခြောက်စီးလောက် ကျန်နေသေးတယ်...
ရဲရဲကြီးသာမောင်း.. အကုန်အဆင်ပြေတယ်..."

"အဟမ်း သူဌေး.. ကျုပ် ခုနတုန်းက လျှောက်ကြွားနေတာကို ဘာလို့ ယုံကြည်လိုက်တာ.. သူဌေးရဲ့ပုံစံက ရိုးအတဲ့ ပုံလည်း မပေါ်ပါဘူး...
"ဒီလီသမားမှ မျက်နှာရှက်ရှက်ဖြင့် အမှန်အတိုင်း ဝန်ခံလိုက်ရတော့၏။

"ဒါပေမယ့် မြေတူးစက်တို့ လယ်ထွန်စက်တို့ မောင်းတတ်တာကတော့ တကယ်ကြီးပါ... တကယ်လို့ တစ်နေ့ ကတ်စတန်မာက မြေတူးစက်နဲ့ အစားအသောက် လာပို့ခိုင်းခဲ့ရင် ကျုပ်ကို ဆက်သွယ်ဖို့ မမေ့နဲ့..."

"ဒါဆို ဘယ်လိုလုပ်မှာ.. မင်းက အော်ဒါကို လက်ခံထားပြီးသား မလား..."

"ကျုပ်ဖုန်းယူသွားလိုက်လေ.. သူ့ငွေးပြီးတာနဲ့ အော်ဒါကို ပို့ပြီး မှတ်လိုက်... အဲ့တာပြီးမှ ဖုန်းပြန်ပေးလိုက်ပေါ့..."

"ကောင်းပြီလေ.. အဲ့အတိုင်းပဲ လုပ်ကြတာပေါ့..."

ဒီလီသမားမှာ အပြင်သို့ ထွက်ခွာသွားပြီးနောက် ကျီချင်းရန် မီးဖိုချောင်ထဲမှ ထွက်လာခဲ့၏။

"နင်ပဲ သွားပို့လိုက်တော့လေ.. တကယ်လို့ နောက်ကျသွားရင် ဘယ်ကောင်းမှာ..."

"အင်း.. ငါခနနေကျရင် ပြန်လာခဲ့မယ်.. ဆိုင်ကို စောင့်ကြည့်ထားပေးဦး..."

"အွန်း... ငါ့တာဝန်ထားလိုက်..."

ပါဆယ်ထုပ်ကို လက်မှ ဆွဲလျက် လင်းရီ Koenigsegg ထဲသို့ ဝင်သွားလေသည်။

လမ်းပေါ်တွင် လူအများအပြား မရှိသော်လည်း မနာလို အားကျသည့် အကြည့်များကို လက်ခံရရှိလိုက်သေး၏။

"အရမ်း ခန့်ညားတာပဲ..."

....

လီကျင်း ဗီလာ၊ ကျန်းရှောင်ယွီ၏ နေအိမ်။

ထိုအခိုက်အတန့်တွင်တော့ သူမ ဖုန်းပေါ်တွင် တိုက်ရိုက်ထုတ်လွှင့်နေလျက် ရှိ၏။

ပလက်ဖောင်းပေါ် ရှိ သူမ၏ ကျော်ကြားမှုများက အကောင်းဆုံး မှတ်တမ်းကိုပင် ကျော်ဖြတ်သွားခဲ့လေသည်။

ကြည့်ရှုနေကြသူများကတော့ ရှောင်းယွီ ဆိုင်ရှင် မျက်နှာ ဖြတ်ရိုက်မည့် မြင်ကွင်းကို မျှော်တလင့်လင့်နှင့် စောင့်ဆိုင်းနေကြတော့၏။

"ငါ့ဖုန်း နာရီအရဆိုရင် သူ ဆယ်မိနစ် ရောက်လာတော့မှာ.. အဝတ်စား လဲပြီးတော့ ပါဆယ်ယူဖို့ ပြင်လိုက်ပါဦးမယ်..."

"ဘာလို့ ပြင်နေမှာ.. ဒီတိုင်းလေးလဲ လှနေတာကိုပဲ..."

"ဘာလို့ အဲ့လိုလုပ်ရမှာ.. ငါက ခု ချွေးစုပ် ဘောင်းဘီဖင်ကြပ်နဲ့ အားကစားဘရာ ဝတ်ထားတာလေ... ဒီ အဝတ်အစားတွေနဲ့ သွားယူမယ်ဆိုရင် မုန်းစရာကောင်းတဲ့ ဦးလေးကြီးတွေကို ရူပ ဒါနပြုသလို ဖြစ်သွားမှာပေါ့... ပိုပြီး လုံခြုံတာလေး ရှာလိုက်ဦးမယ်... "

"ဟားဟား.. အဲ့တာလည်း ဟုတ်သားပဲ.. အဝတ်အစား လဲမယ်ဆိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးဦးနော်.. ဒိုးပျံလေးတွေ ဗုံးကျဲပေးမယ်..."

"ဟမ့်.. ဒုံးပျံမကလို့ ဂြိုဟ်တုကြီးပဲ ပေးပေး.. အဲ့လို လုပ်စရာ အကြောင်း မရှိပါဘူး... မဟုတ်လို့ကတော့ နောက်တစ်နေ့ ရောက်ရင် ငါ့ကို ပလက်ဖောင်းကနေ ဘန်းကြလိမ့်မယ်..."ကျန်းရှောင်ယွီ ပြောလိုက်၏။

"မင်းတို့ကောင်တွေကတော့ တကယ်ကို နှာထတဲ့ကောင်ပဲကွ.. ရင်ဘက်နဲ့ နောက်ကျော ခွဲလို့ မရတဲ့သူ အဝတ်လဲတာကို ကြည့်ချင်နေတယ်ပေါ့လေ... အရသာ မခံတတ်လိုက်ကြတာ..."

"အပေါ်က ကွန်းမန့်ရေးထားတဲ့ကောင် .. မင်းစကားကို ငါသဘောမတူဘူးဟျောင့်... ငါ ရက်ပေါင်းများစွာ လေ့လာစောင့်ကြည့်ထားသလောက်ဆိုရင် ရှောင်းယွီက မိန်းကလေး အဝတ်တွေ ဝတ်ထားတဲ့

ယောက်ျားလေးပဲ.. သူ ဘောင်းဘီချွတ်လိုက်တဲ့ အချိန်ကျရင် မင်းရဲ့ကမ္ဘာကြီးပေါ် အမြင်တွေ ပြောင်းဆန်ကုန်လိမ့်မယ်... "

"သပပဲ... နင်တို့ငါ့ကို အဲ့လိုမျိုး လှောင်ရယ်နေကြတယ်ပေါ့လေ..."ကျန်းရှောင်ယွီ ပြုံးပြုံးလေးဖြင့် ဆဲဆိုလိုက်ပြီး သူ့အခန်းထဲသို့ ပြန်၍ အဝတ်အစားလဲလိုက်သည်။

သူမပြန်ထွက်လာသည့် အခါတွင်တော့ ဘောင်းဘီအကြပ်မှာ ဂျင်းအပွသို့ ပြောင်းလဲသွားပြီး သူမ၏ အပေါ် ပိုင်းကိုတော့ half-sleeve top နှင့် ဂျက်ကတ်ကို ဝတ်ဆင်ထား၏။ ဆံပင်ကိုလည်း ဖရိုဖရဲဖြစ်အောင် ပြုလုပ်ထားကာ ပခုံးပေါ်

ချထားလေသည်။ အစောပိုင်းက ဆက်ဆီဆန်ပြီး ချစ်စရာကောင်းသည့် ရှောင်းယွီ၏ ပုံရိပ်နှင့် လားလားမျှ မသက်ဆိုင်တော့ချေ။

သူမ ဆယ်ဖီစတစ်ကို ကိုင်၍တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူများထံသို့ ပို့စ်ပေးလိုက်ပြီး "ကဲ ညီကိုတို့ ဘောစိတို့... ကြီးကျယ်ခမ်းနားတဲ့ မျက်နှာဖြတ်ရိုက်ပွဲကြီးက မကြာခင် စတင်ပါတော့မယ်... နောက်လာမယ့် အစီအစဉ်တွေကို ဟော့ဒီက အလိုက်သိတဲ့ စထွင်မာလေး ကျန်းရှောင်ယွီက အနှောင့်အယှက်ကင်းကင်းနဲ့ ပြသပေးသွားမှာနော်...အဲ့ဒီ နှလုံးသား မည်းညစ်နေတဲ့ စီးပွားရေးသမားကို ဘယ်လိုတွေ သင်ခန်းစာ

ပေးမလဲဆိုတာ ငါနဲ့ အတူတူ
စိတ်လှုပ်ရှားလိုက်ကြစို့...."

သို့နှင့် ကျန်းရှောင်ယွီ သူမ၏ ညှပ်ဖိနပ်များကို စီး၍
တံခါးအပြင်ဘက်သို့ ထွက်လာခဲ့လိုက်၏။

သို့သော်လည်း အပြင်ဘက်တံခါးသို့ ထွက်ခါရှိသေး
လင်းရှီနှင့် ဝင်တိုက်မိသွား၏။

ကျန်းရှောင်ယွီ သူမ၏ ကိုယ်ဟန်မျှခြေကို ဆုံးရှုံးသွားပြီး
ဖင်ထိုင်ရက်သား လဲကျသွားခဲ့တော့သည်။

"နင့်သောက်လုံးက..."

ကျန်းရှောင်ယွီ ပယ်ပယ်နယ်နယ် ဆဲဆိုရန်
ဟန်ပြင်လိုက်သော်လည်း လင်းရီ၏ မျက်နှာကို
မြင်တော့ သူမ၏ ပြောမည့် စကားလုံးများမှာ
ပြောင်းလဲသွားခဲ့တော့၏။

"အ... အရမ်းလှတာပဲ...."

**အခန်း (၆၁၅)**

**ဘယ်သူ့စီးပွားရေးကို လာလုနေတာလဲ...**

ထိုအခိုက်အတန့်တွင်တော့ ကျန်းရှောင်ယွီ၏ အပျိုစင်နှလုံးသားလေးမှာ တစ်မဟုတ်ချင်း နိုးထလာခဲ့ပြီး ဗလုံးဗထွေး စတင်ပြောဆိုတော့၏။

"နတ်သက်ကြွေလာတဲ့ နတ်သားလေးများလား ... အရမ်းချောတာပဲ..."

"ဟယ်.. ချောလိုက်တဲ့ အဆင်လေး.. ဒီလောက်ဆင်တာကို ဘာလို့ အိမ်ထဲမှာ မနေရတာလဲ ... အပြင်ဘက်က အမျိုးသမီးတွေက ဆွဲစားပစ်မှာကို သူလေးက မကြောက်ဘူးလား..."

"အဲ့ အချောလေးကို ခဏစောင့်ဖို့ ပြောလိုက်.. ငါ အိမ်က လူကြီးကို မြေမြုပ်ဖို့ ဂေါ်ပြားလိုက်ရှာနေလို့...
"

လင်းရီ၏ ပုံပန်းသွင်ပြင်က တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ ကြည့်ရှုသူ ဣတ္ထိယအပေါင်းကို မေထုံရာသီသို့ ကူးပြောင်းသွားစေခဲ့၏။

ကျန်းရှောင်ယွီကတော့ ပေါက်ကွဲလွန်း၍ ရူးသွပ်မတတ်ဖြစ်နေလေသည်။

တကယ်လို့ အဆင်လေးနဲ့ ပက်ပင်းတိုးမယ်မှန်းသိရင် ပိုပြီး လှလှပပလေး ဝတ်စားလာခဲ့မှာပေါ့ဟ့…
တကယ်တည်း.. စုတ်တီးစုတ်ပြတ် ဝတ်ခါမှ အဆင်လေးနဲ့ ဝင်တိုက်မိရတယ်လို့..

လင်းရီကတော့ မျက်နှာ အမူအရာ အမျိုးမျိုး ဖြစ်နေသည့် ကျန်းရှောင်ယွီကို ကြည့်ရင်း

အနှီမိန်းကလေးက ဦးနှောက်ပြဿနာ ရှိနေသည်ဟု ခံစားမိလိုက်၏။

သို့သော်လည်း သူ များများစားစား အာရုံ ထားမနေချေ။ ပါဆယ်ထုပ်ကို ပြန်ကောက်၍ အပေါ်ထပ်သို့ တက်သွားရန် ဟန်ပြင်လိုက်၏။

"ဟိတ် ဟိတ်.. အချောလေး.. ခနလောက် စောင့်ပါဦး..."ကျန်းရှောင်ယွီ လင်းရီကို နောက်မှ လှမ်းတားလိုက်ပြီး ရှုပ်ဖွာနေသည့် သူမဆံပင်များကို ကမန်းကတမ်း စည်းနှောင်လိုက်၏။

"အချောလေးကလည်း လီကျင်းဗီလာမှာ နေတာပဲလား... အရင်က ဘာလို့ မမြင်ဖူးတာပါလိမ့်..."

"ဒီကို အစားအသောက် လာပို့ပေးတာလေ.. ဒါကြောင့်မို့ မိန်းကလေး မမြင်ဖူးတာ မဆန်းပါဘူး..."

"ဩော်... လက်စသတ်တော့ နင်က ဒီလီပို့တဲ့ ကောင်လေးကိုး..."

ကျန်းရှောင်ယွိ မူလက ထိုအဆင်လေးနှင့်
စကားပြောနိုင်ရန်
ဖုန်းနံပါတ်တောင်းချင်နေပါသော်လည်း
ဒီလီပို့သူတစ်ယောက် ဖြစ်နေလိမ့်မည် လို့တော့
မျှော်လင့်မထားခဲ့ချေ။

ဟူး... နှမြောဖို့ ကောင်းလိုက်တာနော်..
သူ့ရုပ်သူ့ရည်လေးနဲ့ ဒီလီပို့နေရတယ်...

နေစမ်းပါဦး.. သူက ဒီလီလာပို့တာဆိုတော့ ငါ့ဆီများ ဖြစ်နေမလားပဲ

"ခဏ..."

လင်းရီ ထွက်ခွာတော့မည့် အချိန်တွင် ကျန်းရှောင်ယို့ နောက်မှ ထပ်မံ အော်ခေါ်လိုက်၏။

"နင်က ဒီကို ကျန်းရှောင်ယို့လို့ခေါ်တဲ့ မိန်းကလေးဆီ ဒီလီ လာပို့တာလား..."

"ဟုတ်တယ်.. မင်း ဘယ်လိုလုပ်ပြီး သိတာ..."

"ငါ ငါ... အဲ့ ကျန်းရှောင်ယို့က ငါပဲ..."

ကျန်းရှောင်ယွိ သူမခေါင်းကို ရှုးသွပ်စွာ ညိမ့်လိုက်၏။ သူမ၏ နှလုံးခုန်နှုန်းပင် အထူးတလှယ် မြန်ဆန်နေလေသည်။

ဒီရဲ့ အဆင်လေးက သူမဆီ ဒီလီလာပို့တယ်ဆိုတော့ တိုက်ဆိုင်လွန်း မနေဘူးလား...

"ငိုးပဲ.. ရှောင်ယွိကတော့ အပူတွေတက်နေပြီနဲ့တူတယ်... သူမကိုယ်သူမ ပုံအပ်လိုက်တော့မှာတော့ မဟုတ်ဘူးမလား..."

"ယွဲ့လောင် (မြားနတ်မောင်) ကတော့ ချက်ခြင်းလက်ငင်း ကြိုးတွေ ချည်ပေးလိုက်ပြီလားမသိ..."

"သူက ငါ့ထက် မဆိုသလောက်လေး ချောတာကိုကွာ.. အဲ့လောက်ထိ ဖြစ်နေဖို့ လိုလို့လားဟ..."

"ငါ မေးချင်တာက... သူတို့ရဲ့စပယ်ရှယ် ဗွီဒီယိုတွေကို ဘယ်ဝက်ဆိုဒ်မှာ ကြည့်လို့ရလောက်လဲ..."

"ရှောင်းယွီ .. ဘယ်မှာလဲ မင်းရဲ့ကြီးကျယ် ခမ်းနားတဲ့ ပါးရိုက်ပွဲကြီး... ဘာလို့ သူငယ်ချင်းတွေဆုံပွဲ လာဖြစ်နေတာ..."

ထိုအခိုက်အတန့်တွင်တော့ ကျန်းရှောင်ယွီ သူမ တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ ကွန်းမန့်များကို ဖတ်ရှုရန် အာရုံမရှိတော့ချေ။

သူမ၏ အာရုံကား တစ်နေရာတည်းတွင် ကျရောက်နေလေသည်။ ယင်းကတော့ လင်းရီ၏ ဖုန်းနံပါတ် ရရှိရေး ဖြစ်၏။

"မင်းမှာထားတာဆိုတော့  အတော်ပဲ..ယူလိုက်..."

ပါဆယ်ကို ကျန်းရှောင်ယွီထံ အပ်ပြီးနောက် ဒီလီပို့ခြင်းမှာလည်း အောင်မြင်စွာ ပြီးဆုံးသွားလိမ့်မည်။ ထို့အခါ လင်းရီလည်း ဆိုင်ပြန်သွားနိုင်ပေမည်။

"တစ်ခုလောက် မေးမယ်နော်.. နင်တို့ သူဌေးကို ငါ အပိုယွမ် ၂၀၀ ပေးပြီး ပြိုင်ကားနဲ့ လာပို့ခိုင်းတာ... ဘာလို့ နင့်ကို ဒီလွှတ်လိုက်တာ...."

"ငါက သူဌေးပဲ..."လင်းရီ ပြောလိုက်ပြီး "မင်းမှာထားတဲ့ ဟင်းလျာတွေ အကုန်လုံးကို ငါကပဲ ချက်တာ..."

"အာ... နင်က သူဌေး..."

အဆိုပါ သတင်းကို ကြားတော့ ကျန်းရှောင်ယွီနှင့် တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူတိုင်း ကြက်သေသေသွားကြတော့၏။

ကလိမ်ကကျစ်ကျတဲ့ ဆိုင်ရဲ့သူဌေးက လူချောလေး ဖြစ်နေမယ်လို့ ဘယ်သူထင်ထားမှာလဲ...

နောက်ပြီးတော့ သူက အချိန်ပိုင်း စားဖိုမှူးတောင် လုပ်လိုက်သေးတယ်..

"ဟိတ်... မျက်နှာဖြတ်ရိုက်ပြမယ်ဆို.. သူက ရုပ်ချောတာနဲ့ပဲ အလွှတ်ပေးလိုက်မယ်လို့တော့ လာမပြောနဲ့..."

"ရှောင်ယွီ... မင်းသူ့မျက်နှာကို ဖြတ်မရိုက်ပြဘူးဆိုရင် ငါတို့ ထွက်သွားတော့မှာ..."

"ငါ့ထက် ပိုချောနေတဲ့ကောင်တွေကို လုံးဝ သည်းမခံနိုင်ဘူး..."

တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူများ ထွက်ခွာတော့မည်ကို မြင်တော့ ကျန်းရှောက်ယွီ အနည်းငယ် ရင်ထိတ်သွားခဲ့သည်။

အကယ်၍ သူမ၏ ပရိတ်သတ်များသာ ထွက်သွားခဲ့မည်ဆိုပါက သူမလည်း အများကြီး ဆုံးရှုံးသွားပေလိမ့်မည်။

"ငါက သူဌေးဖြစ်လို့ မရဘူးလား..."လင်းရီ မေးလိုက်၏။

"ရတာပေါ့.. ဒါပေမယ့် နင်ပြောတော့ ပြိုင်ကားနဲ့ လာပို့ပေးမယ်ဆို..."

"မင်း ဘာလို့ အဲ့လောက် အသည်းအသန်ဖြစ်နေတာ.. ပြိုင်ကားနဲ့ လာပို့လို့လည်း အထဲက ဟင်းလျာတွေရဲ့ အရသာက ပိုကောင်းသွားမှာလည်း မဟုတ်..."

ၑင်းကိုကြားတော့ ကျန်းရှောင်ယွီ သူမကိုယ်သူမ တွေးတောလိုက်၏။

သေချာပြီ.. ပြိုင်ကားနဲ့ လာပို့ပေးမယ်ဆိုတာက ငါ့ကို လိမ်ပြီး ငွေညစ်သွားတာပဲ…

ဒါပေမယ့် သူက အရမ်းချောတယ်လေဟာ.. လိမ်ရင်လည်း လိမ်ပါစေ.. ဘာပဲဆိုဆို ယွမ် ၂၀၀ တည်းမလား…

သို့သော် အကယ်၍ သူမသာ ဘာမျှ မလုပ်ပဲ ထွက်ခွာသွားမည်ဆိုပါက တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ ပရိတ်သတ်များကို ရှင်းပြနိုင်လိမ့်မည် မဟုတ်ချေ။

ဘယ်လိုလုပ်ရပါ့မတုန်း…

ဘိ ဘိ ဘိ ...

လင်းရီ တစ်ဖက်သို့ လှည့်၍ ကားသော့နှိပ်လိုက်သောအခါ Koenigsegg ၏ မီးများ လင်းလက်လာပြီး လင်းယုန်ငှက် တောင်ပံ ပျံ့ကားကဲ့သို့ ကားတံခါးများ ပွင့်ဟလာလေသည်။

ကင်မရာမှ တစ်ဆင့် လင်းရီ Koenigsegg Rs ထဲသို့ ဝင်သွားခဲ့ကြောင်း လူတိုင်း မြင်တွေ့လိုက်ရ၏။ Koenigsegg ၏ ကားအင်ဂျင်သံကို ကြားတော့ ကျန်းရှောင်ယွီ တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူများကို ပါးစပ်ပိတ်သွားစေခဲ့သည်။

"သူ... သူ တကယ်ကြီး ပြိုင်ကားနဲ့ လာပို့သွားတယ်..."ကျန်းရှောင်ယွီ မယုံကြည်နိုင်သည့် လေသံဖြင့် ပြောလိုက်ပြီး ကင်မရာသို့ ကြည့်ကာ "ဟဲ့...နင်တို့တွေ ခုထိ ထွက်သွားချင်နေသေးတုန်းပဲလား..."

"ငိုးပဲ.. ဒီကောင် ငါ့ထက် ရုပ်ပိုချောပြီး ပိုချမ်းသာနေတယ်ဟ.. ငါလုံးဝ လက်သင့်မခံနိုင်ဘူး..."

"ငါ့ယောက်ျားကို မြေမြုပ်လိုက်တာက မှန်ကန်တဲ့ ရွေးချယ်မှုပဲ..."

"အဲ့ အကြောင်း ခဏထားဦး.. ငါခု ကောင်လေးကို တိုက်ဖို့ ကြွက်သတ်ဆေးတွေ သွားဝယ်နေပြီ..."

"အဲ့သူ့ဌေးက 'စားကောင်းတယ် ' ဆိုင်ပိုင်ရှင်မလား..
မဖြစ်တော့ဘူး.. ငါတစ်ခေါက်လောက်တော့
သွားစားကြည့်မှ ဖြစ်တော့မယ်..."

.....

ကားထဲမှ ထွက်လာပြီးတော့ လင်းရီ တွေ့လိုက်ရသည့်
မြင်ကွင်းကြောင့် ရှော့ခ်ရသွားခဲ့လေသည်။

တံခါးဝမှ နေ၍ ရှည်လျားသည့် လူတန်းကြီးမှာ
တန်းစီနေကြပြီး အများစုကတော့
ယောက်ျားလေးများပင်။

လင်းရီ တံခါးဖွင့်၍ အထဲဝင်လိုက်သောအခါ ကျီချင်းရန်မှာ ဘားကောင်တာတွင် ထိုင်နေပြီး သူ၏ အလာကို စောင့်မျှော်နေလေသည်။

"ဘာတွေ ဖြစ်နေတာ.. ဘာလို့ အပြင်မှာ လူတွေ ဒီလောက်တောင် များနေရတာ..."

"အားလုံးက စားဖို့ လာခဲ့ကြတာလေ.. ငါသူတို့ကို သူဌေး မရှိတော့ဘူးလို့ ပြောထားတော့ အပြင်မှာ တန်းစီရင်း စောင့်နေကြတာ..."

"လေဒီဘော့စ်က အရမ်းဆွဲဆောင်မှု ရှိလို့လည်း ပါမှာပါ..."

"ခစ်ခစ်..."

ကျီချင်းရန် ရှက်ရွံ့စွာဖြင့် ရယ်မောလိုက်၏။
သူမ ဝန်ခံခြင်း မရှိသလို ငြင်းပယ်ခြင်းလည်း မပြုပေ။

"သူတို့ကို အထဲခေါ်လိုက်တော့.. အလုပ်စဖို့
အချိန်ကျပြီ..."

"အွန်း အွန်း...."

ညနေပိုင်းတွင်တော့ ဆိုင်လေးမှာ တစ်ဖန် သက်ဝင်၍
အလုပ်ရှုပ်လာပြန်သည်။

အဆုံးတွင်တော့ ဒီရေအလား တိုးပွားနေသည့်
ကတ်စတန်မာများကို ကိုင်တွယ်နိုင်ရန်အတွက် လင်းရီ
ဥထမင်းကြော်နှင့် ခေါက်ဆွဲကြော်ကိုသာ ရောင်းချဖို့

ဆုံးဖြတ်လိုက်ရသည့် အခြေအနေသို့ ရောက်ရှိသွားတော့၏။ အဆိုပါ နည်းလမ်းဖြင့် စားသောက်ဖွယ်ရာ များကို ဝန်ဆောင်မှုပေးသည့် အလျင်မှာ ပိုမိုမြန်ဆန်လာလေသည်။

ထို့ပြင် ပိုပြီး အကျိုး သက်ရောက်မှုရှိသွားသည်က အမယ်များ မလောက်ငှမှုအတွက်လည်း ဖြေရှင်းပြီးသား ဖြစ်သွားခဲ့လေသည်။ ထို့ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်သွားခဲ့၏။

မကြာခင် ည ရှစ်နာရီထိုးတော့မည် ဖြစ်ပါသော်လည်း ကတ်စတန်မာများမှာ ဆက်တိုက်လာနေဆဲပင်။ သို့သော်လည်း ကျီချင်းရန်မှာ ဆိုင်ပိတ်သည် ဆိုင်းဘုတ်ကို ချိတ်ဆွဲပြီးသား ဖြစ်နေလေသည်။

သူမတို့၏ ယနေ့ ဝင်ငွေပမာဏက

နှစ်သောင်းကျော်သွားသောကြောင့် လုံလောက်အောင်

ကောင်းမွန်နေချေပြီ။ အကယ်၍

ရှေ့ဆက်တိုးနေမည်ဆိုပါက လင်းရီမှာ ပင်ပန်းလွန်း၍

လုံးပါးပါးသွားတော့မည်။

အလုပ်ပြီးနောက် လင်းရီ စနစ်၏ မစ်ရှင်

ပြီးမြောက်မှုဇယားကို ကြည့်လိုက်သောအခါ

(၄၅,၁၃၀/၁၀၀,၀၀၀)ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

ယခုနှုန်းအတိုင်းဆိုပါက လင်းရီ သုံးရက်အတွင်း မစ်ရှင်

ပြီးမြောက်နိုင်လေသည်။

ဆိုင်ပိတ်ပြီးနောက် ကျီချင်းရန် မီးဖိုချောင်ထဲရှိ အမယ်များကို စတင်ရေတွက်၏။

“ ရီ… ငါတို့ဆီမှာက ဟင်းသီးဟင်းရွက်တွေကလွဲရင် အသားနဲ့ ပင်လယ်စာတွေက ဘာမှသိပ်မကျန်တော့ဘူး… ဒီနေ့လိုမျိုး ကတ်စတန်မာ လာတဲ့ နှုန်းနဲ့ဆိုရင်တော့ မနက်ဖြန်ဆို လောက်မှာတောင် မဟုတ်တော့ဘူးနော်…”

“ ကောင်းပြီလေ… ငါ ဝမ်ထျန်းလုံကို ဖုန်းဆက်ပြီး အမယ်တွေကို တစ်ယောက်ယောက် လာပို့ခိုင်းဖို့ ပြောလိုက်မယ်…”

မနက်စောစောထပြီး ဟင်းသီးဟင်းရွက်များ ဝယ်ရသည့် အတွေ့အကြုံကို လင်းရီ

ခံစားပြီးဖြစ်သောကြောင့် မနက်ဖြန်တွင်တော့ ထပ်မသွားရန် ဆုံးဖြတ်လိုက်သည်။

လင်းရီတို့နှစ်ယောက် ဆိုင်ပိတ်ရန် ဆုံးဖြတ်လိုက်သော်လည်း ကျိန်းရန်လမ်းမှာ လူသူစည်ကားနေဆဲပင်။

ကျောင်းသားအများစုမှ ဆိုင်ရှေ့ဖြတ်ဖြတ်သွားသည်ကို မြင်တွေ့နေရ၏။

လမ်းမျက်နှာချင်းဆိုင်တွင်တော့ ဘာဘီကျူး ဆိုင်တစ်ဆိုင်ရှိပြီး အပြင်ဘက်တွင် စားပွဲဆယ်လုံးခန့်ကို သပ်သပ်ရပ်ရပ်ဖြင့် ချထား၏။ သို့သော်လည်း စားပွဲတစ်လုံးတွင်မျှ ကတ်စတန်မာ ရှိမနေချေ။

ထိုစဉ် သက်လတ်ပိုင်းလူကြီးသုံးယောက်မှ စားပွဲတစ်ခုတွင် ဝိုင်းဖွဲ့ထိုင်နေကြပြီး စားပွဲပေါ်တွင်တော့ ဆိတ်ကင်များနှင့် ဘီယာပုလင်းခွံ ဆယ်ပုလင်းထက်မနည်း စီတန်းထားလေသည်။

“ ငါယီးပဲကွာ… ဟိုဘက်ဆိုင်က ဘာလား… ဒီလောက်ဈေးကြီးနေတာတောင်မှ လူတွေက စားသောက်ဖို့ တန်းစီနေကြရတယ်… ဒီလောက် ဈေးသက်သာတဲ့ ငါ့ဆိုင်ကျတော့ တစ်ယောက်မှတောင် မရှိဘူး…”

ပြောလိုက်သူကတော့ ကျိုးဖန့်ပင်။ သူ့တွင် ကြီးမားသော လက်မောင်းများနှင့် ခါးဝန်းကျယ်ကာ အနက်ရောင် တီရှပ် အိုဗာဆိုဒ်ကို ဝတ်ဆင်ထားရင်း

ထိုင်ခုံပေါ်တွင် လူသားအသားတုံးကြီးကဲ့သို့ ထိုင်နေလေသည်။ ဖြတ်သွားဖြတ်လာ ပြုကြသည့် မိန်းကလေးတိုင်း ကျိုးဖန့်ကို မြင်ပါက အကြည့်လွှဲသွားကြ၏။ ဝက်ဟုဆိုပါက မလွန်ကျူးသည့် ခန္ဓာနှင့် အဆီတဝင်းဝင်း လှိုင်ထနေသည့် မျက်နှာကြီးမှာ ရွံရှာဖွယ်အတိ ဖြစ်နေတော့သည်။

“ မင်းပဲ ညဉ်းပြမနေနဲ့… ငါ့ရဲ့ပေါက်စီဆိုင်လည်း ဘာထူးတုန်း… ဒီရက်ပိုင်း အရောင်းအဝယ် ကျချက်ကတော့ ခွေးတောင် ဆိုင်ရှေ့ အနံ့လာမခံတော့ဘူး…”

ထိုစကားပြောလိုက်သူကတော့ ချိန်ရန်စုန်းပင်။
သူလည်း အနည်းငယ် ဝဖိုင့်ဖိုင့်ရှိကာ
ကျိုးဖန့်လောက်တော့ အခြေအနေ ဆိုးရွားမနေချေ။

“ ဒီနေ့ ငါ့ဆိုင်မှာ ကျောင်းသူလေးတွေ
ဘာပြောလဲသိလား.. ဒီတစ်ခေါက် ဘတ်ဂျက်ချွေတာဖို့
ဒီလိုဆိုင်မျိုးမှာ စားနေရတယ်တဲ့ .... ပြီးမှ
ပိုက်ဆံပိုစုပြီး အဲ့ဆိုင်မှာ သွားစားမယ်ဆိုပဲ…”

“ ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာ.. အဲ့ဒီ
ပေါတောတောနာမည်နဲ့ စားသောက်ဆိုင်က
အဲ့လောက်တောင် အရသာရှိတာလား…”

“ ငါ့ဖင်ကြီးပဲ အရသာရှိလိုက်လေ…” ချိန်ရန်စုန်း ဘီယာ
အရှိန်လေးဖြင့် ဖွဲလိုက်ပြီး “ အခိက

အကြောင်းပြချက်က ဆိုင်ရှင်က
ရုပ်သောက်ရမ်းချောနေလို့ကွ… အဲ့တာကြောင့်
မိန်းကလေးတွေက အမာခံ အားပေးနေကြတာ…”

“ မဟုတ်သေးပါဘူး…  ဒီနေ့လည် တန်းစီတော့
ကောင်လေးတွေလည်း အများကြီးပါ..”

ပြောလိုက်သူကတော့ သွမ်ကျပေါင်ဟု ခေါ်သည့်
အမျိုးသားပင်။ ထိုသူကတော့ ကျိုးဖန့်ဘေးတွင်
ထိုင်နေပြီး ၎င်းဆိုင်နှင့် ဘေးချင်းကပ်
နို့လက်ဖက်ရည်ဆိုင်မှ ဖြစ်၏။

“ ဘာလို့လဲဆိုတော့ အဲ့ဆိုင်မှာ အမျိုးသမီး
တစ်ယောက်လည်း ရှိသေးတယ်… အရမ်း အရမ်းကို

လှတာ… အဲ့ဆိုင်မှာ ကောင်လေးတွေ များတယ်ဆိုတာကလည်း အဲ့ဒီအမျိုးသမီးကြောင့်ပဲ…”

ကျီချင်းရန် အကြောင်း ပြောပြီးနောက် ချိန်ရန်စုန်း အာစိုသွားအောင် နောက်တစ်ပိုင့် မော့လိုက်ကာ “ ငါ ဒီနေ့ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ အဲ့ဒီ အမျိုးသမီးကလည်း အတော်လေး လှတယ်ဟ…. နတ်သမီးလား ကျနေတာပဲ…”

“ ခု အဲ့အကြောင်း ပြောရမယ့် အချိန်မဟုတ်သေးဘူး… ငါတို့ရဲ့ စီးပွားရေးကို ပြန်ကယ်တင်ဖို့ နည်းလမ်းစဉ်းစားမှ ဖြစ်တော့မှာ… မဟုတ်လို့ကတော့ ဆိုင်လည်း အရင်းပြုတ်ရုံပဲ ကျန်တယ်…” ကျိုးဖန့် ပြောလိုက်သည်။

“ ငါတို့ သူတို့နဲ့ စကားပြောကြည့်ပြီးတော့ ဆိုင်ဖွင့်တဲ့အချိန်ကို လျော့ခိုင်းပြီး အမြတ်တစ်ချို့ ခွဲပေးခိုင်းမယ်ဆိုရင်ကော....” သွမ်ကျပေါင် ပြောလိုက်ပြီး “ ဒါမှမဟုတ် သူတို့ကို ပြင်းထန်တဲ့ နည်းလမ်းနဲ့ အတင်းမောင်းထုတ်ကြတာပေါ့...”

ထိုအခါ ကျိုးဖန့်နှင့် သွမ်ကျပေါင်တို့ နှစ်ဦးလုံး စိတ်ဝင်သွားခဲ့ကြပြီး အလျင်စလို မေးလာခဲ့ကြ၏။

“ ဘယ်လိုမျိုး နည်းလမ်းလဲ..”

“ ဒီလိုကွာ... ဥပမာပြောရရင် ဒေသခံ လူမိုက်တစ်ချို့ ငှားပြီးတော့ အဲ့ဆိုင်မှာ အားပေးတဲ့ ကျောင်းသားတွေကို ခြိမ်းခြောက်ခိုင်းတာတို့.... ဒါမှမဟုတ် မီးတပ်က

လူတွေကို သူတို့ဆိုင် စစ်ဆေးခိုင်းပြီး သေတဲ့အထိ နှိပ်စက်ခိုင်းတာတို့… အဲ့လိုမျိုးတွေသာ ဆက်တိုက်ဖြစ်လာရင်  သူတို့ဘာ သူတို့ အထုပ် ဆွဲပြီး ဒီကနေ ပြောင်းသွားကြမှာပဲ…”

“အင်း… ငါတို့ မနက်ဖြန် သူတို့ဆိုင် သွားပြီးတော့ စကားအရင် ပြောကြည့်ကြတာပေါ့…. သူ ဘာပြောမလဲ စောင့်ကြည့်ကြမယ်…. တကယ်လို့ ဒီတိုင်းသာ ဆက်သွားလို့ကတော့ ကျိန်းရန်လမ်းတစ်ခုလုံးကို ဒီကောင်က လက်ဝါးကြီး အုပ်သွားတော့မှာ သေချာတယ်…..”

“ အဲ့အတိုင်းလုပ်ကြတာပေါ့…” သွမ်ကျပေါင် ပြောလိုက်ပြီး “ ငါ ကျန်တဲ့သူတွေကို

ဆက်သွယ်လိုက်ပြီး လူအင်အားတောင့်တယ်ဆိုတာက ဘာလဲဆိုတာ သိအောင် ပြပေးလိုက်မယ်..... အဲ့တာဆို ဒီကောင် စကားများများ ပြောရဲမှာ မဟုတ်တော့ဘူး...”

**စာစဉ် (၄၁) ပြီး၏။**